www.burmeseclassic.com

အောင်မြင်စာပေ

ပရလောက ဂန္ဓရ ဆန်းကြယ် ဝတ္ထု

# ကြိုခဏ္ဍ ကြိုသံ

ဖိုးကျော့၊ လှမိုး (ပညာရေး)၊ ဝေယံလင်းခေါင်၊ လျှမ်းထက်
အောင်ခိုင်လင်း၊ အောင်မင်းအောင်၊ ပညာဒီပ



BURMESE CLASSIC

## ပရဆန်းကြယ်

အမှတ် (၃)

www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

နိုင်ငံရေးဦးတည်ချက်လေးရပ်
နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ
ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်လေးရပ်
စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍
စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်၌သာ ရှိရေး

လူမှုရေးဦးတည်ချက်လေးရပ်
တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၈၀၁၀၉၀၇၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၆၆၀၉၀၇

**ထုတ်ဝေသူ...**ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်...**အောင်မြင်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊
သစ်ရာပင်လမ်းသွယ်၊ ၂၃ ရပ်ကွက်၊ သုဝဏ္ဏ။

**ဖြန့်ချိရေး...**အောင်မြင်စာပေအမှတ်(၁)၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း။

ပထမအကြိမ် ၂၀၀၇ ခုနှစ်၊ (နိုဝင်ဘာလ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်။

☺ အောင်မြင်စာပေ ☺

BURMESE CLASSIC




# ပုလဲနက်နှင့်ရေအောက်ကျွန်းစုပမ်

အပါအဝင်

# ပရဆန်းကြယ် စတုတ္ထစာစဉ်

အမှတ်(၃)





www.burmeseclassic.com

www.burmeseclassic.com



# စီစဉ်သူ၏ အမှာစာ

ကျွန်တော်တို့ ပရဆန်းကြယ် စာစဉ်ကို ထုတ်ဝေလာခဲ့သည်မှာ အမှတ်(၃)သို့ ရောက်ခဲ့ပေပြီ။

တစ်လထက် တစ်လ ဝါရင့် ကလောင်ရှင်များ၏ ကလောင်အင်အားဖြင့် ကောင်းသထက် ကောင်းအောင် ကြိုးစား ဆောင်ရွက်လျက် ရှိပါသည်။

ဆက်လက်၍လည်း စိတ်ဝင်စားဖွယ် ကောင်းသော အကြောင်းအရာများဖြင့် ရွေးချယ် တင်ဆက်သွားမည် ဖြစ်သောကြောင့် ကလောင်ရှင်များအနေဖြင့် စာမူများ ပေးပို့ ချီးမြှင့်နိုင်ပါ ကြောင်း ဖိတ်ခေါ်ရင်းနှင့်...

စာဖတ်သူများ ကျေနပ်နှစ်သိမ့်ကြပါစေဟု ဆန္ဒပြုလိုက် ပါသည်။

တာဝန်ခံ စီစဉ်သူ
ပရဆန်းကြယ်စာစဉ်





# မာတိကာ


၁။ ပုလဲနက်နှင့် ရေအောက်ရန်စွယ်
(ကြီးစတွေ) Page-6

၂။ ဆီးသုံးပင် တစ်ပင်ခါး
(ဖိုးကျော့) Page-72

၃။ ငြိုးသူ့ကလဲ့စား
(ကြီးသစ်) Page-82

၄။ တမလွန်လောကမှ ပွဲတင်သံများ
(လှမိုး) Page-102

၅။ လှပုလေးတို့ရွာ
(ဝေယံလင်းခေါင်) Page-118

၆။ ခါကာဘိုရာဇီတောင်ပေါ်မှ အသက်လုပွဲ
(အောင်မင်းအောင်) Page-126

၇။ အဏ္ဏဝါထဲက တစ္ဆေ
(လျှမ်းထက်) Page-144

၈။ ငွေလှိုင်းယမုန်
(အောင်ခိုင်လင်း) Page-160

၉။ စိန်မဟာ ကန်တော်မှာ
(ပညာဒီပ) Page-206




www.burmeseclassic.com

www.burmeseclassic.com



# ထြိုစဏ္ဍ

## ပုလဲနက်နှင့် ရေအောက်ရန်စွယ်

လေသည် သာမန် လေကြမ်းအဆင့်မှ ကျော်လွန်ကာ မုန်တိုင်းမှ ဖြစ်ပေါ်သော လေနီကြမ်း အသွင်ဖြင့် မုန်တိုင်းနေသော ဆင်တစ်ကောင်ပမာအလား ဦးတည်ရာမဲ့ တရကြမ်းဝှေ့ယမ်း တိုက်ခတ်လျက် ရှိသည်။

လေပြင်းဒဏ်ကြောင့် ပင်လယ်ရေမျက်နှာပြင်မှာ လှိုင်းတံပိုးကြီးများဖြင့် အကျည်းတန်စွာ ပြည့်နေတော့သည်။ လေပြင်း၏ တဝှီးဝှီး အော်မြည်သံ၊ လှိုင်းလုံးကြီးများ၏ ဒေါသတကြီး အော်မြည် ရိုက်ပုတ်သံတို့မှာ နားမခံသာအောင် အော်ဟစ် ဆူညံနေတော့သည်။

“တို့စက်လှေ ဘယ်ဘက်ကို ဦးတည်နေသလဲဟေ့”

“မသိနိုင်တော့ဘူး အာဘရေ၊ လှိုင်းပုတ်တာနဲ့ သမ်းပြီ အိမ်မြှောင်လဲ ဘယ်ကို လွင့်ကျသွားမှန်း မသိတော့ဘူး”

www.burmeseclassic.com

www.burmeseclassic.com

"ရှေ့ကို ဘာဆိုဘာမှ မမြင်ရတာက ခက်တယ်"

"ဟုတ်တယ်. . . မုန်တိုင်းအရှိန်ကြောင့် ပတ်ဝန်းကျင်ကို ဘာမှ မမြင်နိုင်တော့ဘူး"

"စက်အခြေအနေ ဘယ်လို ရှိသလဲဟေ့"

"အခုအချိန်ထိတော့ စက်က ကောင်းနေသေးတယ်၊ ဒါပေမယ့် စက်ဆီက သိပ်မကျန်တော့ဘူး"

"အေးကွာ. . . အခုနေ ဆီကုန်သွားရင်တော့ အခက်ပဲ၊ လက်ကျန်ဆီ မကုန်ခင် ကျွန်းတစ်ကျွန်းလောက် ရောက်သွားရင် သိပ်ကောင်းမှာပဲ"

"အင်း. . . ကံတရားပေါ့ အဘရာ"

ပတ်ဝန်းကျင်တစ်ဝိုက် မုန်တိုင်းတိုက်ခတ်သံ၊ လေပြင်းတိုးသံများကြားမှ အားနည်းလှစွာ အံတုနေသော စက်သံနှင့်အတူ စကားသံအချို့ ပေါ်ထွက်နေသည်။

အချိန်ကား ရာသီဥတု ဖောက်ပြန်လှသော (၁၉၈၀) ခုနှစ် ဇွန်လ။

နေရာကား ကပ္ပလီ ပင်လယ်ပြင် တစ်နေရာ။

ငါးဖမ်း စက်လှေတစ်စင်းပေါ်တွင် မုန်တိုင်းဒဏ်ကို အလူးအလဲ ခံနေရသော ဦးဘမှင်၊ နီမောင်၊ ကိုပန်းစိန်တို့ ဦးဆောင်သော ရေလုပ်သားများ ပါရှိနေကြပြီး တစ်ဦးနှင့်တစ်ဦး စိုးရိမ်ကြီးစွာ အော်ဟစ် ပြောဆိုနေကြခြင်း ဖြစ်သည်။

သူတို့အားလုံး စက်လှေ ထွက်မလာမီ တစ်ရက်အလိုက





ရေဒီယိုမှ ရက်ဆက် အသံလွှင့်ပေးခဲ့သော မုန်တိုင်းသတင်း ကြေညာချက်ကို ပြန်လည် အမှတ်ရနေကြသည်။

သို့သော် ယခု အခြေအနေ၌မူ နေရပ်သို့ ပြန်နိုင်ရန် လမ်းစပျောက်သွားကြပြီး မုန်တိုင်း၏ အစွယ်နီရိုင်းများကြားတွင် မလူးသာ မလွန့်သာ ရောက်နေခဲ့ကြပေပြီ။

သူတို့ စီးနင်း လိုက်ပါလာသော စက်လှေမှာ မြင်းကောင်ရေ (၆၀)အားရှိ ဂါဂလာစက်၏ တွန်းအားကြောင့် လှိုင်းကြားလေကြား၌ ကြဲ့ကြဲ့ခံ လူးလွန့် လှုပ်ရှားလျက် ရှိနေသည်။

ပင်လယ်ပြင်၌ ဖြစ်လေ့ ရှိသော လှိုင်းအမျိုးအစားများစွာ ရှိသည့်အနက်မှ ယခု သူတို့ ရင်ဆိုင်နေရသော လှိုင်းကြီးများမှာ အဝေးဆီမှ ဒေါသတကြီး ပြေးလိုက်လာပြီး အနီးရောက်ကာမှ မြွေဟောက်ကြီးများ ပေါက်သလို ပေါက်ချသော ခါးပြတ်လှိုင်းကြီးများ ဖြစ်သောကြောင့် မိမိတို့ စက်လှေကလေး အောက်သို့ ရောက်မသွားစေရန် သတိကြီးစွာထား၍ ထိန်းကျောင်း မောင်းနှင်ပေးနေရသည်။

အဆင်မသင့်ပါက စက်လှေတစ်စင်းလုံး ရေအောက်သို့ စုန်းစုန်းမြုပ် ရောက်ရှိသွားနိုင်သောကြောင့် တက်မကိုင်သူမှ အထူး ဂရုစိုက် မောင်းနှင်နေရသည်။

ယခု အခြေအနေမျိုးမှာ တက်မကိုင်သူမှာ အရေးအကြီးဆုံး ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ဂုင်း၏ သတ္တိရှိမှု၊ သတိရှိမှု၊ ဆုံးဖြတ်မှု၊ အတွေ့အကြုံ ရင့်ကျက်မှု၊ ရေကြောင်း လေကြောင်း နားလည်မှု၊ လှိုင်းဦး လှိုင်းဖျား ခွဲခြားတတ်မှု၊ မည်သို့ပင် အခက်အခဲ ကြုံစေ သွေးအေးအေး စိတ်အေးအေး ဆုံးဖြတ်မှုများပေါ်၌သာ စက်လှေနှင့် စက်လှေပေါ်၌ ပါလာသူ အားလုံးတို့၏ ကံကြမ္မာက မူတည်လျက် ရှိသည်။

သူ့ဆုံးဖြတ်ချက်တစ်ခု မှားလိုက်ရုံမျှနှင့် အားလုံး၏ ကံကြမ္မာက မတွေးဝံ့အောင် ဆိုးဝါးသွားနိုင်သည်။ ယခု လှိုင်းပေါ်မှာ ရှိသော်လည်း ခဏချင်း လှိုင်းအောက်သို့ ပြောင်းလဲရောက်သွားနိုင်သည်။ ယခု စက်လှေ၏ ပဲ့နင်းတာဝန်ကို ကိုပန်းစိန်က ယူထားသည်။

အားလုံးသည် မုန်တိုင်းအတွင်းမှ ခရီးမိုင် မည်ရွေ့မည်မျှ ရောက်လာကြမည်ကို ခန့်မှန်း မသိနိုင်ရုံမျှမက မည်သည့်အရပ်သို့ပင် ဦးတည်နေသည်ကို သိနိုင်ရန် မလွယ်ကူကြပေ။

သို့သော် လေပြင်းစမိစဉ်ကပင် လေသည် အနောက်မြောက်အရပ်ဆီသို့ ဦးတည် တိုက်ခတ်နေသည်ကို ချင့်ချိန်၍ ကံကောင်းထောက်မလျှင် "ကိုကိုးကျွန်း" ဘက်မှ ကျွန်းတစ်ကျွန်းဆီသို့ ရောက်သွားနိုင်ကြလိမ့်မည်ဟု မဝံ့မရဲ တွေးထားကြသည်။

ပတ်ဝန်းကျင်တစ်ဝိုက် မှုန်မှိုင်းသော လေထုနှင့် ကြီးမားသော လှိုင်းလုံးကြီးများက ပတ်လည်ဝိုင်းထားကြသည်။ စက်လှေတွင်း၌ သောက်ရေနှင့် စားနပ်ရိက္ခာ အလုံအလောက် ပါလာ





သောကြောင့် သည့်ထက်ပိုပြီး အခြေအနေ ဆိုးဆိုးဝါးဝါး ဖြစ်မလာပါက ရက်အတန်ကြာသည်အထိ ဆက်လက်၍ အသက်ရှင်နေကြမည်ဟု ခန့်မှန်းထားကြလေသည်။

ထိုအခိုက်မှာပင်. . .

"အဘရေ. . . စက်လှေပဲ့ပိုင်းက ရေတွေ ဝင်လာတယ်ဗျို့"

"ဟေ. . . တော်တော် များလားဟ"

"တစ်ချက်တစ်ချက် စီးဝင်လာတာပဲ၊ စက်လှေဖင်ချပ်များ ပွင့်သွားသလား မသိဘူး"

"မတတ်နိုင်ဘူး. . . နောက်ဆုံးအချိန်အထိတော့ ညီညီညွတ်ညွတ်နဲ့ တွန်းလှန် ကျော်ဖြတ်ကြမယ်၊ ဝင်လာတဲ့ရေကို ပက်ထုတ်ကြဟေ့"

စက်လှေကို ဦးစီးဖြစ်သူ ဦးဘမှင်၏ စကားသည် မုန်တိုင်းတွင်း၌ အားဆေးသဖွယ် ကြားရသည်။ လှိုင်းဒဏ် လေဒဏ်နှင့် စက်လှေလူးနေသည်ကို ဂရုမပြုနိုင်ကြဘဲ စက်လှေဝမ်းထဲသို့ ခက်ခက်ခဲခဲ ဆင်းသွားကြပြီး အပေါက်ကို ရှာကာ ဖာထေး ပိတ်ဆို့ကြသည်။ အချို့က ရေများ ခပ်ထုတ်ပစ်ကြသည်။

သူတို့ အားလုံးမှာ သတ္တိကောင်းသူများ ဖြစ်ကြပြီး ပင်လယ်ပြင် အတွေ့အကြုံ ရင့်ကျက်သူများမို့ မည်သို့ပင် ဒုက္ခ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ကြစေကာမူ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



နှင့်တစ်ယောက် ညည်းညူ တွေဝေခြင်း မရှိကြပဲ ဆိုးဝါးသော အခြေအနေကို နောက်ဆုံး အခြေအနေအထိ အကောင်းဆုံး အခြေအနေအဖြစ် ကြိုးစား ထိန်းသိမ်းကြရန် ဆုံးဖြတ်ထားကြသည်။

သဘာ၀ မုန်တိုင်းအရှိန်က လျော့ပါးမသွားဘဲ ပိုမိုပြင်းထန်လာသည်။ လေတိုက်နှုန်းကလည်း ပြင်းထန်လာသည်။ တိုက်ခတ်လျက် ရှိသော လေသည် အလုံးအရင်းဖြင့် ဆောင့်ကာဆောင့်ကာ တိုးဝင်နေသည်။ လေနှင့်အတူ ပါလာသော မိုးစက်မိုးပေါက်ကြီးများက သူတို့၏ အ၀တ်မဲ့ ကိုယ်ခန္ဓာ အနှံ့အပြားသို့ လာရောက် ထိမှန်လေရာ တစ်ကိုယ်လုံး မခံမရပ်နိုင်အောင် စပ်ဖျဉ်းဖျဉ်း ဖြစ်နေတော့သည်။

လှိုင်းကြားလေကြား၌ လူးနေသော စက်လှေကို တက်မ ထိန်းရသည့်အလုပ်မှာ လွယ်ကူသောအရာ မဟုတ်ပေ။

ခဏချင်းမှာပင် လက်မောင်းများ ပြုတ်ထွက်လုမတတ်ဖြစ်လာသဖြင့် ကိုပန်းစိန်၏ နေရာတွင် နီမောင်က အစားဝင်၍ တက်မ ထိန်းရသည်။

ဦးဘမှင်ကတော့ ခေါင်းဆောင်ကောင်း ပီသစွာ စက်လှေဦးတွင် ခါး၌ ကြိုးချည်ကာ ရပ်နေပြီး သိမ်းငှက်တစ်ကောင်လို စူးရှတောက်ပြောင်သော မျက်လုံးများဖြင့် ပင်လယ်ပြင်အနှံ့ လှည့်ကြည့်နေသည်။

ထိုအခိုက်မှာပင် သူ့မျက်ဝန်းထဲတွင် အမည်းစက်လိုလို





အရာဝတ္ထုတစ်ခုကို မြင်ရသည်။ ပထမတွင် မိမိမျက်စိ အမြင်မှားသလား၊ စိတ်စွဲ၍များ ဖြစ်မလားဟု သံသယ ဝင်မိသေးသည်။ အသေအချာ စိုက်ကြည့်လိုက်တော့မှ ထူးခြားသော အရာဝတ္ထုတစ်ခုကို အသေအချာ ဖြစ်မှန်း သိရသောအခါ ဝမ်းသာအားရဖြစ်မိလေသည်။

"ဟေး. . . ဒီမှာ လာကြည့်ကြစမ်းဟေ့"

"ဘာလဲ အဘ. . . ဘာတွေ့လို့လဲဗျ"

"ငါ့မျက်စိထဲမှာ ကမ်းခြေတစ်ခုခုကို မြင်နေရသလိုပဲ"

"ဟုတ်လား"

အချို့ စက်လှေဝမ်းတွင်းမှ ကုန်းပတ်ပေါ်သို့ ပြေးတက်လာကြသည်။

တက်မ ကိုင်နေသော နီမောင်ကလည်း သူ့ရှေ့တည့်တည့်မှ မြင်နေသော ကျွန်းတစ်ကျွန်းဟု ထင်ရသော ပုံရိပ်ရှိရာသို့ မျက်တောင်မခတ် စိုက်ကြည့်နေသည်။

ကြည့်နေရင်း မိုးမှုန်ကြားမှ ကျွန်းတစ်ကျွန်း၏ ပုံရိပ်တစ်ခုကို ပီပြင်စွာ မြင်ရသောအခါ ဝမ်းသာသွားသည်။

"ဟုတ်တယ်ဟေ့. . . ကျွန်းတစ်ကျွန်းကို မြင်နေရပြီ"

ယခုအတိုင်းဆိုလျှင် မိုင်နှစ်ဆယ်ကျော်မျှ ဝေးသောနေရာမှ ကျွန်းရှိရာသို့ မကြာခင် ရောက်သွားလိမ့်မည်ဟု ခန့်မှန်းကြသည်။ ဝမ်းသာလို့မှ မဆုံးခင် စိတ်ပူစရာတစ်ခုက ပေါ် လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘရေ. . . စက်ဆီကုန်တော့မယ်ဗျို့"

"ဟေ. . . ကမ်းခြေရောက်တဲ့အထိမှ ခံပါ့မလားဟ"

". . . . . . . . ."

စက်ခန်းတွင်းမှ စကားပြန်မရတော့။

သို့သော် သူတို့အားလုံး ကံကောင်းသည်ဟု ဆိုရပါမည်။ အဘယ်ကြောင့်ဆိုသော် ယခုအခါ တိုက်ခတ်နေသော လေကြောင်းသည် ရုတ်တရက် ပြောင်းလဲသွားပြီး စက်လှေ၏ နောက်ဘက်မှ တိုက်ခတ်လာသောကြောင့် နောက်ဘက်မှ တွန်းပို့ပေးနေသကဲ့သို့ ရှိပြီး လှိုင်းစုန်လေစုန်အတိုင်း နောက်ဘက်မှ မှေးလိုက်သွားရုံမျှဖြင့် ကမ်းခြေသို့ ရောက်သွားနိုင်သည်။

စက်အားလေအားကြောင့် လှိုင်းလုံးများပေါ်တွင် အရှိန်ဖြင့် ပြေးလွှားနေသော စက်လှေကလေးမှာ မကြာမီ ကျွန်းနှင့် နီးသည်ထက် နီးလာချေပြီ။

မြင်ကွင်းထဲတွင် ကျွန်း၏ ပုံရိပ်က ပိုမိုထင်ရှားလာသည်။

"ဟေး. . . တို့အားလုံး အသက်ဘေးက လွတ်ပြီကွ"

ဦးဘမှင်၏ ကြုံးဝါးသံကို ကြားလိုက်ရသောအခါ စက်လှေပေါ် ပါလာသူများ၏ မျက်နှာများပေါ်တွင် အပြုံးရိပ်များ ယှက်သန်းလာကြသည်။







( ၂ )

လှိုင်းပြန်များ ရှိနေသောကြောင့် ကျွန်း၏ ကမ်းခြေသို့ ရောက်ပြီဆိုသော်ငြားလည်း ကမ်းစပ်ရောက်ရန် မလွယ်ကူသေး၊ အချို့နေရာများတွင် ကျောက်ဆောင်ကျောက်တုံးများ ပြည့်နေသောကြောင့် ယင်းတို့နှင့် လွတ်ကင်းရာသို့ ဦးတည်လိုက်ကြသည်။ သောင်ပြင်ပေါ်သို့ ဦးတည်ထားသော်လည်း လှိုင်းလုံးကြီးများက တက်လိုက်ဆင်းလိုက်နှင့် အဆင်မသင့်ပါက သောင်ဖြင့်ငြိကာ စက်လှေ လှိမ့်မှောက်သွားနိုင်သည်။

"ဟေ့. . . စက်လှေထဲ ရေတွေ ဝင်လာတာ ပက်ထုတ်လို့ မနိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကမ်းခြေကို ကပ်လို့ မရသေးဘူးလား၊ တော်ကြာ စက်လှေနစ်သွားလို့ ပစ္စည်းတွေ တစ်ခုမှ မရလိုက်ဘူး ဖြစ်နေမယ်"

"ဟေး. . . နီမောင်၊ စက်လှေက ကမ်းကပ်လို့ မရသေးဘူးလား"

"ရတော့မှာပေါ့"

"စက်ဆီကုန်ပြီး စက်ရပ်သွားပြီဟေ့"

အချိန်မရတော့။

စက်အား မရှိတော့လျှင် လွန်းပြန် လှိုင်းဆွဲအားဖြင့် ပင်လယ်ထဲ ပြန်ပါသွားရော့မည်။

ထို့ကြောင့် လှိုင်းအတက် စက်အရှိန်ဖြင့် စက်လှေကို သောင်ပြင်ပေါ် ထိုးတင်ပေးလိုက်သည်။ အရှိန်ဖြင့် ထိုးတက်သွားသော စက်လှေကို ကြည့်ပြီး နီမောင် ရင်တမမ ဖြစ်နေသည်။

ယခုအချိန်တွင် စက်လှေတိမ်းမှောက်သွားပါက တက်မကိုင်သူ၏ တာဝန်သာ ဖြစ်တော့သည်။

လှိုင်းအတွန်းနှင့် သောင်ပြင်ပေါ် ပြေးတက်သွားသော စက်လှေမှာ လှိုင်းပြန်အကျတွင် သောင်ဖြင့် ငြိကာ တင်ကျန်နေခဲ့သည်။

အချို့က စက်လှေပေါ်မှ ခုန်ဆင်းကာ ကြိုးများဖြင့် ဆွဲထားကြသည်။ အချို့က အသုံးဝင်သော ပစ္စည်းများကို အလျင်





အမြန် သယ်ချကြသည်။

ပင်လယ်ရေမှာ ကြည့်နေရင်းဖြင့် တိုးလာရာ မကြာမီ ဝမ်းဗိုက်ပေါက်နေသော စက်လှေတစ်ဝက် နစ်မြုပ်သွားသည်။

အသုံးဝင်သော ပစ္စည်းအတော်များများ သယ်ချနိုင်လိုက်သည်။ သို့သော်ငြားလည်း သောက်ရေစည်များ ပျက်စီးသွားခြင်းကတော့ သူတို့အတွက် ဝမ်းနည်းဖွယ်ရာ ဖြစ်သည်။ တစ်စတစ်စ နစ်မြုပ်သွားသော စက်လှေကို ကြည့်ရင်း သူတို့အားလုံး စိတ်မကောင်း ဖြစ်ကြရသည်။

ကျယ်ပြန့်နက်ရှိုင်းသော ပင်လယ်ပြင်ကို ဖြတ်ကျော်ရန်မှာ ဤစက်လှေသည် တစ်ခုတည်းသော အားထားစရာ ပစ္စည်းဆိုကလည်း မမှားပေ။

"ငမဲလုံးရေ. . . မင်း စက်လှေကြိုးတွေကို ခိုင်ခိုင်ချည်ထားဟေ့နော်၊ စက်လှေ ပင်လယ်ထဲ လှိုင်းဆွဲချမသွားဖို့ အရေးကြီးတယ်"

"စိတ်ချပါ အဘရဲ့၊ ကျွန်တော် ချည်တဲ့ကြိုးက ဝေလငါးတိုးရင်တောင် ပြုတ်ထွက်မသွားပါဘူး"

"တယ်. . . ဒီကောင်၊ မုန်တိုင်းက ဝေလငါးထက် ကြောက်စရာ ကောင်းတယ်ဟ၊ ကဲ. . . တို့တွေ မိုးရေနဲ့ ရွဲရွဲစိုနေပြီ၊ မိုးလေလုံတဲ့ တစ်နေရာ ရှာပြီး နားမှ ဖြစ်မယ်"

ထိုအခါမှ သူတို့ ရောက်လာသော ကျွန်းအခြေအနေကို အတော်ခတ် ကြည့်ကြသည်။ ကျွန်းမှာ ကပ္ပလီ ပင်လယ်အတွင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းတစ်ကျွန်း ဖြစ်သည်ဟုသာ ခန့်မှန်းနိုင်ကြပြီး မည်သည့်နေရာ မည်သည့်ကျွန်း ဖြစ်သည်ကိုတော့ မသိနိုင်ကြပေ။

ကမ်းခြေတစ်လျှောက် ပိတ်ဆီးနေသော ချုံနွယ် ပိတ်ပေါင်းများကို ကြည့်ပြီး လူသူအရောက်အပေါက် နည်းကြောင်း လောက်သာ ရိပ်မိကြသည်။ မလှမ်းမကမ်းဆီ၌ တောင်ပို့သဏ္ဍာန်ကြီးများ ရှိကြပြီး ၎င်းနေရာထက်တွင် ရာနှင့်ချီသော ငှက်မျိုးစုံကို လှမ်းမြင်ရသည်။ ထိုငှက်များ ရှိရာသို့ မျှော်ကြည့်ရင်း ငမဲလုံးက. . .

"ငှက်ဥ တက်နှိုက်စားရရင် သိပ်အားရှိမှာပဲ"

ဟု ညည်းညည်းညူညူ ပြောနေသေးသည်။

"ကဲ. . . ငှက်ဥနှိုက်တာက နောက်မှနှိုက်၊ အခု အရေးကြီးတာက သောက်ရေက ပိုပြီး အရေးကြီးတယ်၊ နောက်ပြီး ဒီကျွန်း အခြေအနေ ကြည့်ရတာ လူသူအရောက်အပေါက် နည်းမယ့်ပုံပေါ်တယ်၊ အထူးသဖြင့်ကတော့ အချိန်မရွေးရောက်လာနိုင်မယ့် မမျှော်လင့်တဲ့ အန္တရာယ်တွေကိုပဲ၊ အကြောင်းရှိရင် စည်းစည်းလုံးလုံး ရှိကြပါစေ"

"ဟုတ်ကဲ့. . . အဘ"

"တို့သုံးယောက်က ရေနဲ့ နေစရာကို လိုက်ရှာကြည့်မယ်၊ ကျန်တဲ့သုံးယောက်က ဒီမှာ ပစ္စည်းတွေ စောင့်ရင်း ကျန်နေခဲ့ကြ၊ အကြောင်းထူးရင် အချက်ပေးလိုက်ကြဟေ့"

"စိတ်ချပါ အဘ"





ဦးဘမှင်၊ ကိုပန်းစိန်၊ နီမောင်တို့သုံးယောက် ကပ်ပါး၊ ဝါး၊ လှံများ အသီးသီး ကိုင်ပြီး တောထဲသို့ တိုးဝင်လာကြသည်။

ယခုအခါ မုန်တိုင်းမှာ အစွယ်ကျိုးစ ပြုလာသော်လည်း သာမန်ထက် ပိုသော လေတိုက်နှုန်းကြောင့် သစ်ပင်ကြီးများမှာ တဝေါဝေါ အသံမြည်လျက် အမူးလွန်နေသူများပမာ ယိမ်းထိုး လှုပ်ရှားလျက် ရှိနေကြသည်။

ထူထပ်သော ချုံနွယ်များကို ရှင်းလင်း ကျော်ဖြတ်လိုက်သည်နှင့် တောနက်အတွင်းပိုင်းသို့ ရောက်လာကြပြီး မျောက်များ၊ ရှဉ့်များ၊ ငှက်များ၏ အထိတ်တလန့် အော်သံများကို ကြားရသည်။ အတွင်းပိုင်း ရောက်လာလေ၊ ချုံနွယ်များက ပိုမိုရှုပ်ထွေးလာလေမို့ လက်ထဲမှ ဓားများဖြင့် ရှင်းလင်း ခုတ်ထွင်သွားကြရသည်။

"တို့တတွေ မမှောင်ခင် မိုးလုံလေလုံ နားဖို့ တစ်နေရာ ရမှ ဖြစ်မယ်ဟေ့၊ တောထဲမှာ အလင်းရောင် ပျောက်သွားရင် အခြေအနေ ဆိုးသွားနိုင်တယ်"

"တွေ့မှာပါ အဘရဲ့၊ မတွေ့တော့လဲ သစ်ပင်ကြီးတွေ အောက်မှာ သစ်ခက်ထိုးနေကြတာပေါ့၊ ကမ်းမမြင် လမ်းမမြင်နဲ့ ပင်လယ်ထဲမှာ မုန်တိုင်းမိနေတာနဲ့စာရင် အများကြီး သက်သာပါတယ်"

"ဒါတော့ ဒါပေါ့ကွာ၊ တို့က ဒီကျွန်းပေါ် ရက်တွေ ဘယ်လောက် ကြာအောင် ဆက်နေကြရမှန်း မသိနိုင်တော့ ခိုင်ခိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုလို နေရာလေး တစ်နေရာလောက် ရထားရင် ပိုကောင်းတာပေါ့ ပန်းစိန်ရာ"

ကိုပန်းစိန်မှာ နောက်ထပ် စကားထပ်တွန့်မတက်တော့ပေ။ နီမောင်က ငှက်များ ပျံသန်းနေသော တောင်ကုန်းထက်သို့ လက်ညှိုးထိုးပြရင်း. . .

"အဲဒီဘက် သွားကြည့်ရင် ကောင်းမလား အဘ၊ တောင်ကုန်းပေါ်မှာ ဂူတစ်ဂူ၊ ဒါမှမဟုတ် ကျွန်တော်တို့အတွက် စခန်းချနိုင်မယ့် နေရာတစ်ခု တွေ့ချင်တွေ့နိုင်မယ် ထင်တယ်"

ဟု နီမောင်က ပြောသည်။

ဦးဘမှင်က တစ်ချက် လှမ်းကြည့်လိုက်ပြီး. . .

"သွားချင်ရင်လဲ သွားလေ"

ဟု ဆိုကာ ထိုနေရာသို့ ထွက်ခဲ့ကြသည်။

တောနက်ထဲသို့ ရောက်ရှိသောအခါ တောတောင်များ၏ အရိပ်အယောင်ကို တစ်စွန်းတစ်စ တွေ့ရသော်လည်း ၎င်းတို့အား အန္တရာယ် တစ်စုံတစ်ရာ ပြုခြင်း မရှိပေ။

အချို့ သစ်ပင်ကြီးများပေါ်တွင် ငှက်သိုက်ကြီးများ၊ ပျားအုံကြီးများ မြင်ရသဖြင့် ကျွန်းပေါ်တွင် နေသမျှ ရိက္ခာအတွက် မပူရဟု တွေးမိကြသည်။

"ဟော့. . . ဟိုမှာကြည့်စမ်း"

ဦးဘမှင် ပြသောနေရာသို့ လှမ်းကြည့်လိုက်သောအခါ ကုန်းမြင့်တစ်ခုပေါ်တွင် ရှင်းလင်းပြန့်ပြူးသော မြေကွက်ပေါ်၌





သစ်ပင်ကြီး လေးပင်က စတုရန်းသဖွယ် ပေါက်နေသည်ကို မြင်ရသည်။

"ဟန်ကျတာပဲ အဘရေ၊ မြေကလဲ ညီတယ်၊ သစ်ပင်ကြီးတွေကို တိုင်အဖြစ် အသုံးပြုပြီး အပေါ်က မိုး၊ ဘေးက ကာနေလိုက်ရင် အကောင်းဆုံး အိမ်တစ်လုံး ဖြစ်လာနိုင်တယ်ဗျို့"

"ဟန်တာပေါ့ကွာ၊ ဒီနေရာက ကမ်းနဲ့လဲ မဝေးလှဘူး၊ ဒီနေရာမှာပဲ စခန်းချကြတာပေါ့"

"ကဲ. . . ဒါဖြင့် ကျန်တဲ့သူတွေ ပြန်ပြီး အကြောင်းကြားရအောင်"

သုံးယောက်သား ထိုနေရာကို ကောင်းစွာ မှတ်သားပြီး နောက် စက်လှေဆိပ်သို့ ပြန်ဆင်းခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





( ၉ )

ထို့နောက် သူတို့အဖွဲ့သည် ကျန်သူများအား ပြန်ခေါ်ကာ ထိုနေရာသို့ ရွှေ့ပြောင်းကြသည်။ စခန်းချရန် ရွေးချယ်သော နေရာသို့ ရောက်သောအခါ သင်ပေါင်းကိုင်းရွက်များဖြင့် အမိုးကာခြင်း၊ သစ်ရွက်သစ်ခက်များဖြင့် အကာ ကာရံခြင်းများ ပြုလုပ်ပြီးသောအခါ မိုးလေလုံစွာ နားခိုရန် နေရာတစ်နေရာ ရသွားတော့သည်။

သူတို့တတွေ မီးဖိုခြင်း၊ ပါလာသော စားသောက်စရာများကို ခွဲဝေစားသောက်ခြင်း၊ သစ်ခွဆုံများပေါ်တွင် တင်နေသော မိုးရေများကို စစ်ယူခြင်းများ ပြုလုပ်ပြီးသောအခါ ခေတ္တ နားခွင့် ရသွားကြသည်။ ထိုအခါ ဦးဘမှင်က. . .





"တို့တတွေအားလုံး ကံတူအကျိုးပေးတွေလို့ ဆိုရမယ်၊ ဒီတော့ အခုလို ဒုက္ခရောက်နေတဲ့အချိန်မှာ အရေးအကြောင်း ရှိလာရင် စည်းလုံးညီညွတ်ဖို့ သိပ်အရေးကြီးတယ်၊ အခုရောက်နေတဲ့ နေရာက ကျွန်းတစ်ကျွန်း ဆိုပေမယ့် ဘယ်နေရာ ဘယ်ကျွန်းဆိုတာ ခန့်မှန်းရတာ မလွယ်ဘူး၊ စက်လှေကလဲ ပျက်၊ စက်ဆီကလဲ မရှိတော့ ဒီလောက် မုန်တိုင်းထန်နေတဲ့ ပင်လယ်ပြင်ကို အရဲစွန့်ပြီး ဖြတ်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"ဒါကတော့ အသေအချာပေါ့ အဘရာ"

"ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်ဒေသ ကိုယ့်အရပ်ကိုတော့ ရောက်အောင် ပြန်ကြရမှာပဲ၊ စက်မကောင်းတော့လဲ ရွက်၊ ရွက်မရှိတော့လဲ တက်ကို အားကိုးပြီး ဖြစ်တဲ့နည်းနဲ့ ပြန်ကြရမှာပဲ၊ ဒါပေမယ့် အချိန်အခါကိုတော့ သည်းခံပြီး စောင့်ကြရမယ်၊ ဒါကြောင့် နေတဲ့အခိုက်မှာ တစ်ယောက်နဲ့တစ်ယောက် ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးတော့ ရှိကြပါစေ"

"စိတ်ချစမ်းပါ အဘရာ"

"ကိုင်း. . . ဒီလိုဆိုရင် ဒီညတော့ တို့ပါလာတဲ့ စားစရာတွေကို မျှတ စားကြတာပေါ့၊ မနက်လင်းတာနဲ့ သောက်ရေရဖို့နဲ့ စားစရာ ရဖို့ ထွက်ရှာကြရမယ်"

ထိုညတွင် ပါလာသော ဆန်နှင့်ပဲများကို ဖြစ်သလို ချက်ပြုတ် စားသောက်ကြရသည်။ ထိုညတွင် မုန်တိုင်းအရှိန် လျော့သည်ထက် လျော့သွားပြီး လေတိုက်နှုန်းများ နည်းသွားရာ



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင် တစ်ဝိုက်တွင် အလင်းရောင်အချို့ပင် ပေါ်လာသည်။

တဝေါဝေါ မြည်သံများ လျော့ကျသွားပြီး ရာသီကြမ်းများ အတန်အသင့် သက်သာသွားသဖြင့် သူတို့တတွေ ကောင်းစွာ အိပ်ကြရသည်။

နံနက်လင်းသောအခါ နီမောင်က. . .

"အဘ. . . ညတုန်းက တရှုးရှုးနဲ့ အော်သံကြီးတစ်သံ ကြားမိသလား"

ဟု ဦးဘမှင်အား မေးလိုက်သည်။

"ဟင့်အင်း. . . ငါ မောမောနဲ့ အိပ်ပျော်သွားလိုက်တာ ဘာသံမှ မကြားလိုက်မိပါဘူး"

"ကိုပန်းစိန်တို့ရော ကြားမိကြသလား"

"ဟင့်အင်း. . . ခေါင်းချတာနဲ့ အိပ်ပျော်သွားတာ၊ အိမ်က မိန်းမကိုတောင် လွမ်းချိန် မရလိုက်ပါဘူးကွာ"

"ခင်ဗျားကလဲ အရေးထဲမှာ"

"ဒါထက် နေပါဦး၊ မင်းကရော ဘာသံ ကြားမိလို့လဲ"

"တရှုးရှုးနဲ့ နှာမှုတ်သံကြီးလိုလို ကြားရတယ်၊ ဘယ်နေရာကလဲတော့ မသိဘူး"

"လေတိုက်တဲ့ အသံများလားကွာ"

"မဟုတ်ဘူး. . . သတ္တဝါတစ်ကောင်ကောင် နှာမှုတ်တဲ့ အသံမျိုး ကြားရတာ"



"ဒါဆိုတော့ ကျွန်းပေါ်က မြွေကြီးတွေရဲ့ နှာမှုတ်သံ ဖြစ်ချင်ဖြစ်မှာပေါ့"

"မြွေက အဲဒီလောက် ကြီးနိုင်ပါ့မလား အဘ"

"မြွေတကယ်ကြီးလာပြီဟေ့ဆိုရင် လူမပြောနဲ့ ဆင်လို အကောင်မျိုးတောင် သတ်ပစ်နိုင်တယ်၊ ပင်လယ်ထဲမှာ ရှိတဲ့ ညှီဆိုတဲ့ သတ္တဝါမျိုးဟာ မြွေအကြီးစားတွေပေါ့၊ ဒီကောင်တွေ ဘယ်လောက် ကြောက်စရာ ကောင်းသလဲဆိုရင် ဝေလငါးတွေကိုတောင် ရစ်ပြီး သတ်ပစ်နိုင်တယ်"

"အားပါး. . . ကြားရတာနဲ့တင် ကြောက်စရာ ကောင်းလှတယ်"

"ကိုင်း. . . ကြောက်တော့လဲ ကြောက်၊ သတိဝီရိယလဲ ရှိကြပါစေ၊ အခုလောလောဆယ် အရေးကြီးတာက စားစရာ သောက်စရာ ထွက်ရှာကြရမယ်၊ ငါတို့က ရေရအောင် ရှာမယ်၊ နီမောင်တို့က စားစရာ တစ်ခုခု ရအောင် ရှာကြပေတော့"

ဦးဘမှင်က မဒမသားတစ်ချောင်းကို အဖျားချွန်လိုက်သောအခါ တူရွင်းသဖွယ် ဖြစ်သွားသည်။ ထို့နောက် မြေနိမ့်ရာ သဲမြေရှိရာသို့ ထွက်ရှာကြသည်။ ဦးဘမှင်မှာ အသက်ကြီးသော်လည်း လုပ်ငန်းအတွေ့အကြုံအရ မြေကြီးကို ခြေဖြင့် စမ်းရုံဖြင့် ရေချိုရေငန် ရှိရာကို သိနိုင်သူ ဖြစ်သည်။

"သဲပြင်ကို ခြေထောက်နဲ့ စမ်းကြည့်ရုံနဲ့ မြေကြီးထဲက ရေချိုတယ် ငန်တယ်ဆိုတာကို အဘ ဘယ်လို သိတာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကို ဗဟုသုတ ရအောင် ပြောပြပေးပါ အဘ"

"ရေရဲ့သဘာဝက အပေါ်ကို အငွေ့ပျံတဲ့သဘော ရှိတော့ ရေရှိတဲ့နေရာမှာ မြေကြီးထဲမှာ ဘယ်လောက်အနက်မှာပဲ ရှိနေပါစေ၊ မြေမျက်နှာပြင်ပေါ်မှာ အငွေ့ပျံနေတာကို သတိထား ကြည့်ရင် သိနိုင်တယ်"

"အင်း. . . ဒါကတော့ ဟုတ်ပါပြီ၊ မြေကြီးထဲမှာ ရှိတဲ့ ရေချိုတယ်ငန်တယ်ဆိုတာ ခြေထောက်နဲ့ စမ်းကြည့်ရုံနဲ့ ဘယ်လို သိသလဲဆိုတာ တဆိတ်လောက် ရှင်းပေးပါဦး အဘ"

"လူရဲ့ ခြေဖဝါးအလယ်မှာ အာရုံကြောတွေ စုနေတယ်၊ ရေရှိတဲ့နေရာကို နင်းမိရင် အာရုံကြောကတစ်ဆင့် သိနိုင်တယ်၊ ရေချိုရဲ့သဘောက သီတဓါတ် ရှိတယ်၊ ရေချိုရှိတဲ့နေရာကို နင်းမိလိုက်ရင် ခြေဖဝါးကတစ်ဆင့် တစ်ကိုယ်လုံး စိမ့်သွားတယ်၊ ရေငန်ဓါတ်က တေဇောဓါတ်၊ မီးဓါတ် ရှိတယ်၊ နင်းမိလိုက်ရင် ခြေခုံတစ်ဝိုက် ပူလာတယ်၊ ပင်လယ်ရေ ဘယ်လောက် အေးအေး ရေထဲ ဆင်းပြီး ပြန်တက်လာရင် ပူလာတာကို မင်းတို့ သတိပြုမိမှာပေါ့"

"ဟုတ်တယ် အဘ၊ ပူရုံမကဘူး. . . ဆားတောင် ပွင့်လာသေးတယ်"

တစ်နေရာ ရောက်သောအခါ သစ်ပင်ကြီးများကို နွယ်တက်နေသော ငရုတ်ကောင်းပင်ကြီးများကို တွေ့ရသဖြင့်. . .

"ဒီနေရာတစ်ဝိုက်မှာ တို့အတွက် ရေချို ရနိုင်မယ့်နေရာ





ရှိတယ်၊ လိုက်ကြည့်ရအောင်"

ဟု ဆိုကာ မြင်းကသား တောစပ်သို့ ဝင်ကြည့်သော အခါ မြင်းကပင်များအောက်တွင် မြင်းခွာရွက်နှင့် တူသော အပင်ငယ်များစွာ ပေါက်နေသည်ကို တွေ့ရသည်။

"ဒါ ဘာပင်တွေလဲ သိလား"

"မြင်းခွာရွက်နဲ့တော့ တူတယ်၊ ဘာပင်တွေလဲ အဘ"

"တောသခွားပင်လို့ ခေါ်တယ်၊ ဒီအရွက်ကို ဝါးစားလိုက်ရင် သခွားသီး ဝါးရသလို ရေငတ်ရေဆာပြေတယ်၊ တောတက်သူတွေရဲ့ အသက်ကယ်အပင်လို့လဲ ခေါ်ကြတယ်၊ ဝါးကြည့်ပါလား"

ဦးဘမှင်ကတော့ သခွားပင်များကို နှုတ်ပြီး သဲများ စင်အောင် ခါ၍ ဝါးစားလိုက်သဖြင့် ကျန်နှစ်ယောက်ကပါ နှုတ်ယူဝါးစားကြသည်။ ပါးစပ်ထဲတွင် သခွားသီး ဝါးရသကဲ့သို့ အရသာရှိပြီး အမောပြေသွားသည်။

"ဒီအပင်တွေ ရှိတဲ့နေရာကို တူးရင် ကျိန်းသေ ရေရမှာ သေချာပြီ၊ ကိုင်း. . . ဒီအပင်တွေကို နှုတ်ယူပြီး စခန်းပြန်ကြမယ်"

သူတို့တတွေ တောသခွားပင်များကို နှုတ်ယူပြီး စခန်းသို့ ပြန်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





( ၃ )

အမဲပစ် ထွက်လာသော နီမောင်နှင့် ငမဲလုံးတို့မှာ သားကောင်တစ်ကောင်တစ်လေမှ မရသေးသောကြောင့် တောနက်ထဲ ရောက်အောင် သဲကြီးမဲကြီး လိုက်နေကြသည်။ နီမောင်တွင် ကပ်ပါးတစ်လက်၊ ဓါးတစ်လက် ပါပြီး ငမဲလုံးတွင် ဖျူးခြေထောက်ကိုင်းနှင့် ပြုလုပ်ထားသော လေးနှင့်မြား ပါသည်။ ဖျူးခြေထောက်ကိုင်းမှာ သံကဲ့သို့ မာကျောလှသဖြင့် သစ်သားချင်းပင် ပေါက်ထွက်နိုင်စွမ်း ရှိသည်။

ကျွန်းမှာ လူသူအရောက်အပေါက် မရှိသောကြောင့်





အဖိုးတန်သစ် ဖြစ်သော ကနစို၊ မဒမ၊ ပြူး၊ ကမ္ဗလာ၊ လဗ၊ ကျွန်း၊ မြင်းက၊ သပြေ၊ သစ်ကနက်၊ သရက်၊ သစ်ဆင်နွယ်၊ ထိန်၊ တောရှောက်၊ ဒမင်းနွယ်၊ သမန်း၊ ဖျိုက်၊ သင်ပေါင်း၊ သစ်ရာ၊ ငရုတ်ကောင်း စသော အပင်များကို တွေ့မြင်ရသည်။

ထို့ပြင် သားရဲမျိုးစုံတို့၏ ခြေရာများအပြင် မျောက်များ၊ မြွေ၊ ရှဉ့်၊ ကြောင်၊ တောဝက်၊ ဖွတ် စသော အကောင်ငယ်များအပြင် နွားခြေရာတမျှ ကြီးမားသော ဆတ်ခြေရာကြီးများကို တွေ့ရသည်။ ထို့ပြင် ကြောင်ခြေရာနှင့် တူသော တောကောင်ကြီးများကို တွေ့ရသဖြင့် နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ပုခုံးတွန့်လိုက်ကြသည်။

"ငမဲလုံးရေ . . . တို့အဖွဲ့ဆိုရင် ဖွတ်တစ်ကောင် ကြောင်တစ်ကောင်လောက်နဲ့တော့ အလုပ်မဖြစ်ဘူး၊ အနည်းဆုံး ဒရယ် တစ်ကောင်၊ တောဝက် တစ်ကောင်လောက် ရမှ ဖြစ်မှာပေါ့၊ ဒီတော့ မင်းနဲ့ငါ လူစုခွဲပြီး လိုက်ကြရင် မကောင်းဘူးလား"

"အင်း . . . ကောင်းသားပဲ"

ဤသို့ တိုင်ပင်ပြီး ငမဲလုံးက လေးနှင့်မြားကို ဆွဲပြီး တစ်ဘက် တောစပ်သို့ ဝင်သွားတော့သည်။ နီမောင်က သူ့လက်စွဲတော် ကပ်ပါးနှင့် သည်ဘက်တောထဲ တိုးဝင်ခဲ့သည်။

တောနက်ထဲ ရောက်လာတော့ ချုံနွယ်များ ရှင်းသွားပြီး သွားရလာရ လွယ်ကူလာသည်။ အတန်ငယ် လျှောက်လာသော အခါ မလှမ်းမကမ်းဆီမှ တောကြက်များ ကတော်သံ၊ အလန့်



www.burmeseclassic.com

www.burmeseclassic.com



တကြား ထပ်ျသံများကို ကြားရသည်။

နီမောင် သတိထားပြီး ရှေ့သို့ တိုးလာစဉ် မိမိ၏ရှေ့ မလှမ်းမကမ်းဆီမှ လှုပ်သွားသော သစ်ပင်များကို မြင်လိုက်ရသည်။ မိမိမျက်စိထဲတွင် အဝါနှင့် အနက်စင်းတစ်ခုကို ရိပ်ခနဲ ဖြတ်သွားသည်ဟု ထင်လိုက်မိသည်။

မကြာခင် မိမိနောက်ဘက်မှ ခြေရာနင်းလိုက်လာသော ခြေသံတစ်သံကို သတိပြုမိသည်။

မသင်္ကာ၍ ရပ်ပြီး နားစွင့်လျှင် နောက်က ခြေသံက ရပ်သွားသည်။

သူ ရှေ့ဆက်သွားလျှင် နောက်က ခြေသံကို ကြားနေရသည်။

"ဟင်း. . . ငါ့နောက်က ခြေရာကောက် လိုက်လာတဲ့ အန္တရာယ်ကတော့ ရှိနေပြီ၊ သတိတော့ ထားမှ"

ထိုသို့ တွေးပြီး လက်ထဲမှ ကပ်ပါးနှင့်ဓါးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ရှေ့သို့ ဆက်လျှောက်လာစဉ် မလှမ်းမကမ်း ကွက်လပ်တစ်နေရာသို့ ရောက်သောအခါ သစ်ရွက်နုလေးများကို စားနေသော ဒရယ်က သူရှိသော နေရာနှင့် အတော် ဝေးနေသေးသည်။

သူ့တွင်လည်း အဝေးပစ် လက်နက်က မပါပေ။

နီမောင် အစဉ်းစားရ ခက်နေစဉ် ဒရယ်က တစ်စုံတစ်ခုကို လန့်ပြီး နီမောင် ရှိရာဘက်သို့ ပြေးချလာသည်။ နီမောင်က





ရုတ်ချည်း ဖြစ်ပေါ်လာသော အခြေအနေကြောင့် သစ်ပင်တစ်ပင် ဘေးသို့ ပြေးကပ်လိုက်သည်။

ဒရယ်က နောက်မှ အန္တရာယ်ကြောင့် ရှေ့မှ အန္တရာယ်ကို မမြင်နိုင်တော့ဘဲ နီမောင် ရှိရာဘက်သို့ တည့်တည့်ကြီး ပြေးချလာရာ အနီးသို့ ရောက်သည့်အခါ သစ်ပင်ဘေးမှ ရုတ်တရက် ခုန်ထွက်လိုက်ပြီး ကပ်ပါးဖြင့် ခုတ်ချလိုက်ရာ ချက်ကောင်းကို ထိသွားသောကြောင့် မလှမ်းမကမ်းတွင် ဘုန်းခနဲ ပစ်ကျသွားလေတော့သည်။

သူ ဝမ်းသာအားရဖြင့် ဒရယ်ရှိရာသို့ ပြေးသွားသောအခါ နောက်ဘက်မှ ခြေရာကောက် ရန်သူက မြင်ကွင်းသို့ ထွက်လာတော့သည်။

"ဟိုက်. . . တောကောင်ကြီးပါလား"

နီမောင် ချက်ချင်းပင် သစ်ပင်ကြီးတစ်ပင်၏ ဘေးသို့ ကျောမှီ ရပ်လိုက်ပြီး ကပ်ပါးနှင့်ဓားကို အသင့်ပြင်ထားလိုက်သည်။

ချက်ချင်းဆိုသလို တောကောင်ကြီးက အနားရောက်လာပြီး ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ သစ်ပင်ကို မှီထားသောကြောင့် ရုတ်တရက် ခုန်ဝင်မလာပေ။

နီမောင်ကို အလစ်ချောင်းနေသည်။ နီမောင်ကလည်း တစ်ချက်ကလေးမှ အလစ်မပေးရဲပေ။

ထိုသို့ ရှိနေစဉ် တစ်ဘက်တောစပ်မှ ငလုံး ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နီမောင်နှင့် တောကောင်ကြီး၏ အခြေအနေကို မြင်သောအခါ လက်ထဲမှ အဆိပ်လူးမြှားဖြင့် လှမ်းပစ်လိုက်သည်။

ဗျူးခြေထောက် မြှားတံက တောကောင်ကြီးကို တိုက်ရိုက် ဝင်မှန်ရာ ဝေါခနဲ ခုန်ထွက်သွားသည်။

ထိုအခါမှ နီမောင် သက်ပြင်းချနိုင်တော့သည်။

ငမဲလုံးက အနားသို့ ကပျာကယာ ပြေးလာသည်။

"ဘယ်လိုလဲ နီမောင်၊ တောကောင်ကြီးနဲ့ အညောင်းပြေ ထုပ်စီးတိုးနေတာလား"

"မလွယ်ဘူးဟေ့. . . မင်းသာ အချိန်မီ ရောက်မလာရင် ငါတော့ အခက်ပဲ ငမဲလုံးရေ"

"ငါလဲ ဒီဘက်က တောကြက်တွေ ကတော်သံ ကြားလို့ ဆင်းလာတာ"

"မင်း ဘာရခဲ့လဲ၊ ငါတော့ ဒရယ်တစ်ကောင် ရထားတယ်"

သွေးစို့ရုံနှင့် သေတတ်သော ဒရယ်က မလှမ်းမကမ်းတွင် အသက်ပျောက်နေပြီ။

"ဒရယ်က ခဏထားဦး၊ ဟိုးတောင်ကုန်းပေါ်မှာ ငါ ထူးဆန်းတာ တွေ့ထားခဲ့တယ်၊ မင်းနဲ့ငါ ခဏ သွားကြည့်ကြရအောင်"

"သွားလေ. . နေရာကောင်းတော့လဲ တို့တွေ နေလို့ရတာပေါ့"





နှစ်ယောက်သား တောင်ကုန်းပေါ်သို့ တက်လာခဲ့ကြသည်။

တောင်ကုန်းပေါ်တွင် လေဒဏ်မိုးဒဏ်များကြောင့် ထုံးသင်္ကန်းပင် မရှိဘဲ ရေညှိများ တက်နေသော ကိုးတောင်ခန့်ရှိသော စေတီမှာ ထီးတော်ပင် ယိုင်နေပေပြီ။

အဆောက်အဦကလည်း အုတ်များဖြင့် ဆောက်ထားပြီး အမိုးအုတ်ချပ်အချို့ပင် ပျက်စီးနေပြီ။

အတွင်း၌ လင်းဆွဲ လင်းနို့များ၊ ငှက်များ ခိုအောင်းရာ နေရာကြီးတစ်ခု ဖြစ်နေတော့သည်။ ကြမ်းပြင်ပေါ်တွင် ငှက်ချေးများ အထပ်ထပ် ကြမ်းနေသည်။

စေတီတော်မှာ ချောက်ကမ်းပါး နဖူးစပ်တွင် တည်ထားသဖြင့် ရင်ပြင်ပေါ်မှ အောက်သို့ ငုံ့ကြည့်လိုက်သည်။ လှိုင်းတဖွေးဖွေးနှင့် ပင်လယ်ရေပြင်ကို မြင်ရသည်။ ပင်လယ်တွင်းမှ ပြေးလာသော လှိုင်းများက ဘုရားရှိရာ ကျောက်ဆောင်သို့ တဝုန်းဝုန်း လာရောက် ရိုက်ခတ်နေကြသည်။

"ဒီကျွန်းပေါ်မှာ အရင်က လူတွေ ရောက်ခဲ့နေခဲ့တယ် ဆိုတာ ဒါတွေက သက်သေပဲ၊ ဒါဆိုရင်တော့ တို့အတွက် ပြန်ဖို့ မခဲယဉ်းတော့ဘူး"

"အေး. . . ဟုတ်တယ် နီမောင်၊ တို့တွေ ဒီအုတ် တိုက်ထဲမှာ ပြောင်းပြီး စခန်းချရင်ကော မကောင်းဘူးလား"

"အဘမှင်နဲ့ တိုင်ပင်ပြီး လုပ်သင့်ရင်လဲ လုပ်ကြတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ အချိန်မရှိဘူး၊ ပြန်ကြရအောင်"

"နေဦး ... တို့စခန်းနဲ့ ဘယ်လောက် ဝေးတယ်ဆိုတာ အချက်ပေးကြည့်လိုက်ဦးမယ်"

ငမဲလုံးက အသံရှည် ဆွဲ၍ အူလိုက်ရာ တော၏ ပဲ့တင်သံများ ပေါ်ထွက်လာပြီး ငှက်များ အလန့်တကြား ထပျံကုန်ကြသည်။

နောက်တစ်ကြိမ် အူလိုက်သောအခါ တောထဲမှ ပြန်အူသံ ကြားရသဖြင့် မိမိတို့ စခန်းချသောနေရာနှင့် မကွာလှကြောင်း သိရပြီး စခန်းရှိရာသို့ ပြန်ခဲ့ကြသည်။







( ၅ )

နောက်တစ်ရက်မှာပင် ဦးဘမှင်နှင့် တိုင်ပင်ပြီးနောက် တောင်ကုန်းပေါ်မှ စခန်းသစ်သို့ ရွှေပြောင်းကြသည်။ ကြမ်းပြင်ပေါ်မှ ငှက်ချေးများကို အတော် ဖယ်ရှားပစ်မှ နေလို့ထိုင်လို့ ရသွားသည်။

သို့စေကာမူ အနံ့များက ပျောက်မသွားပေ။

ဦးဘမှင်ကတော့ လူကြီးပီပီ စေတီတော်ပေါ် သွားပြီး သန့်ရှင်းရေးများ ပြုလုပ်နေသည်။ စေတီတော်ပေါ်မှသော်



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ အုတ်တိုက်အတွင်းမှသော်လည်းကောင်း ကြည့်လျှင် ပင်လယ်ပြင်ဘက်သို့ ကောင်းစွာ မြင်နိုင်သည်။

အားလုံး တက်ညီလက်ညီ ဝိုင်းဝန်း လုပ်ကိုင်ကြရာ အုတ်တိုက်ကလေးမှာ အတော်အသင့်“ သန့်ရှင်းသွားသည်။ ပေါက်ပြဲနေသော အမိုးများကိုလည်း ပြန်လည် ပြုပြင်ကြသည်။

“လက်ရာအနေအထား ကြည့်ရတာကတော့ နှစ်ပေါင်း အတော်ကြာတဲ့ လက္ခဏာတွေ တွေ့ရတယ်၊ ဘာပဲဖြစ်ဖြစ် မပြန်ခင်တော့ တို့အတွက် မိုးလုံလေလုံ တည်းခိုဖို့ နေရာတစ်ခုတော့ ရတာပေါ့”

ထိုသို့ သန့်ရှင်းရေး လုပ်နေစဉ် အခန်းထောင့် တစ်နေရာတွင် ငှက်ချေးများဖြင့် ရောနေသော ဆေးပေါ့လိပ်တို တစ်ခုနှစ်ခုကို တွေ့ရသဖြင့် အားလုံး အံ့ဩသွားကြသည်။

“ဒီဆေးလိပ်တိုကို ကြည့်ရတာ မကြာသေးခင်က ဒီအပေါ်ကို လူတွေ ရောက်သွားသလိုပဲ၊ နောက်တစ်ကြိမ် ရောက်လာရင်တော့ တို့အတွက် ကံကောင်းချင်လဲ ကောင်းနိုင်တယ်၊ စိတ်မပျက်ကြနဲ့၊ ကံကြမ္မာဆိုတာ ကောင်းချင်လာရင် မမျှော်လင့်ဘဲ ရောက်ချင် ရောက်လာတတ်တာမျိုးကွ”

ထိုစကား ကြားရသောအခါ ဘာပဲဖြစ်ဖြစ် အားတက်သွားကြသည်။

စခန်းချပြီးသောအခါ နီမောင်က ဘုရားရင်ပြင်တော်ပေါ် တက်ကြည့်သည်။ ပင်လယ်ဘက်သို့ ထိုးထွက်နေသော





ကျောက်စွန်းအငူပေါ်တွင် တည်ထားသောကြောင့် အောက်သို့ငုံ့ကြည့်လျှင် ပင်လယ်ရေပြင်ကို အပေါ်စီးမှ မြင်ရသည်။

လေတဖြူးဖြူးနှင့် အဆုံးအစ မရှိသော ပင်လယ်ဘက်သို့ မျှော်ကြည့်ရသည်မှာ ရင်ထဲတွင် တစ်မျိုး ခံစားရသည်။

လှိုင်းငယ်ပိပိ အခုနေ ပင်လယ်ဘက်မှ စက်လှေတစ်စီးစီးသည်ဘက် မောင်းလာလျှင် ကောင်းမှာပဲဟု တွေးမိသည်။

တစ်ယောက်ထဲ ထိုင်နေရင်း ရောက်တတ်ရာရာ တွေးတောနေစဉ် ရွာ၌ ကျန်ခဲ့သော အမေ့ကိုလည်း သတိရလိုက်သေးသည်။ မိမိတို့၏ မုန်တိုင်းသတင်းကို ကြားရသော အမေ့ခမျာမှာ ယခုလောက်ဆိုလျှင် ရင်ထဲ၌ သောကမုန်တိုင်း ထန်နေလောက်ပြီ။

ထို့အတူ သူနှင့် ဘဝတူများ၏ မိသားစုများသည်လည်း ရင်ထဲမှာ သောကလှိုင်းများဖြင့် ပူဆွေးနေကြလောက်ပြီ။

နီမောင်တစ်ယောက်တည်း အတွေးနယ်ချဲ့ရင်း ရင်ပြင်တော်ပေါ်မှ ကျောက်ခဲလုံးများကို ပင်လယ်တွင်းသို့ တစ်လုံးချင်း ပစ်ချနေသည်။

ကြည်လင်သော ရေမျက်နှာပြင်ပေါ်သို့ ကျောက်ခဲလုံးများ ကျသွားတိုင်း စက်ဝိုင်းများ သေးရာမှ တဖြည်းဖြည်း ကြီးလာလျက် ပျောက်သွားပုံမှာ စိတ်ကူးယဉ်ချင်စရာ ကောင်းလှလေတော့သည်။

ထိုသို့ ရှိနေစဉ် ရေမျက်နှာပြင်ပေါ်သို့ ရွက်တောင်းများ



www.burmeseclassic.com

www.burmeseclassic.com



သဖွယ် တရွေ့ရွေ့ ချဉ်းကပ်လာသော အရာများကို သတိပြုမိလိုက်လေသည်။

"အားပါး . . . ရေလှိုင်း လှုပ်သံကြောင့် ငါးမန်းတွေ ချက်ချင်း ရောက်လာပါရောလား"

ငါးမန်းဆိုသော သတ္တဝါမျိုးမှာ ရေထဲတွင် ကြောက်စရာ အကောင်းဆုံး သတ္တဝါမျိုး ဖြစ်သည်။ အမြင်အာရုံ မကောင်းသလောက် အကြားအာရုံ အလွန်ကောင်းသည်။

မည်လောက်ပင် ဝေးဝေး ရေလှိုင်းခတ်သံ ကြားရုံနှင့် ထိုနေရာသို့ ချက်ချင်း ရောက်လာလေ့ ရှိသည်။

ယခုလည်း နီမောင်၏ ခဲပစ်သံကြောင့် ငါးမန်းများ ရောက်လာခြင်း ဖြစ်သည်။

ငါးမန်းတောင်များမှာ ရေပြင်ပေါ်ဝယ် ရွက်လှေများ သဖွယ် တရွေ့ရွေ့ လှုပ်ရှားနေပုံမှာ ကြည့်၍ပင် ကောင်းသေးတော့သည်။

နီမောင်က အပေါ်မှ ခဲတစ်လုံး ပစ်ချလိုက်တိုင်း ထိုနေရာသို့ ငါးမန်းများ အလုအယက် ရောက်လာကြသည်။

ထိုငါးမန်းအုပ်ထဲသို့ ရောက်သွားလို့ကတော့ လူမဆိုထားနှင့်၊ နွားတစ်ကောင်ပင် တခဏချင်း အရိုးစုဘဝ ရောက်သွားနိုင်သည်။

ထိုသို့ ကြည့်နေစဉ် ငါးမန်းတောင်များမှာ ရေအောက်သို့ အထိတ်တလန့်နှင့် ငုပ်လျှိုးပျောက်ကွယ်သွားကြတော့သည်။





ခဏချင်းပင် ရေပြင်ပေါ်တွင် ငါးမန်းတစ်ကောင် တစ်လေမျှ မရှိတော့ပေ။

နီမောင် အံ့ဩစွာဖြင့် ကြည့်နေစဉ် ပင်လယ် ရေအောက်မှ မှိုမောက်သော ရေလှိုင်းများ ကြွတက်လာပြီး မည်းမည်း သဏ္ဍာန်ကြီးတစ်ခု ဘုရားအောက်ရှိ ကျောက်ဆောင်သို့ တရွေ့ရွေ့ တိုးဝင်သွားသည်ကို အံ့ဩစွာဖြင့် မြင်လိုက်ရသည်။

"ဘာကောင်ကြီးပါလိမ့် . . . ဒီလောက် ရှည်တာ မြွေတော့ မဖြစ်နိုင်ဘူး"

ကြည့်နေရင်းမှာပင် ပင်လယ်ရေပြင်သည် ပကတိ အတိုင်း ပြန်လည်၍ ငြိမ်သက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## ( ၆ )

ပင်လယ်ရေသည် မုန်တိုင်းကင်း၍ လှိုင်းလေ ငြိမ်သက်နေသော အချိန်များတွင် သန့်စင်သော မှန်တစ်ချပ်သဖွယ် ကြည်လင်နေတတ်၏။

နက်ရှိုင်းသော ပင်လယ်ရေအောက် မြင်ကွင်းများကိုပင် နေရောင်ခြည်ဖြင့် မြင်နိုင်သည်။

ငယ်စဉ်ကတည်းက ဖျံတစ်ကောင်ပမာ ရေအောက်တွင် ကိရိယာ တစ်စုံတစ်ရာ မပါဘဲ အချိန်ကြာမြင့်စွာ နေနိုင်အောင် လေ့ကျင့်ထားသော နီမောင်သည် ရေအောက်၌ စိတ်





ကြိုက် လှုပ်ရှား သွားလာနေသည်။

ခါးတွင် ဓါးမြှောင်တစ်လက်နှင့် အိတ်ရှုံ့တစ်လုံး ချိတ်ဆွဲထားသည်။ အပေါ်အင်္ကျီ မပါဘဲ ဘောင်းဘီတိုကလေးဖြင့် လည်ကုတ်အထိ ဝဲကျနေသော ဆံပင်ရှည်များကို သားရေပင်ဖြင့် နဖူးမှ သိုင်းစည်းထားသောကြောင့် ဖျံတစ်ကောင်ပမာ လှုပ်ရှားသွားလာနေသည်။

ရေအောက်တွင် ကျောက်ဆောင်များ၊ ပင်လယ် ရေမှော်၊ ရေအောက် ကျောက်ခက်ပင်များ၊ ကျောက်တုံးများကြားတွင် ကူးခတ်သွားလာနေသော ငါးများကို မြင်နေရသည်။

နီမောင် ဘုရားအောက်ဘက်ရှိ ကျောက်ဆောင်ဘက်သို့ ကူးလာခဲ့သည်။

ထိုနေရာတွင် ကြီးမားသော လိုဏ်ခေါင်းကြီးကို တွေ့ရပြီး အတွင်းဘက်၌ မှောင်မည်းနေသည်။

အတွင်းသို့ ဝင်ရကောင်းနိုးနိုး၊ မဝင်ရ ကောင်းနိုးနိုး စဉ်းစားနေစဉ် သူ့အပေါ်ဘက်မှ ဖြတ်ကူးသွားသော ဝမ်းဗိုက်ဖြူဖြူ တစ်ခုကို သတိပြုမိလိုက်သည်။

ငါးမန်းဖြူ။

နီမောင် အပေါ်သို့ ပြန်တက်ရန် ပြင်လိုက်စဉ်မှာ သူနှင့် မလှမ်းမကမ်းရှိ ပင်လယ်ကြမ်းပြင် သဲပေါ်တွင် တစ်စွန်းတစ်စ ပေါ်နေသော ကမာကောင်များကို လှမ်းမြင်လိုက်သဖြင့် ထိုနေရာသို့ ကူးသွားပြီး ကမာကောင်များကို ရှာ၍ ကောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲ ထည့်လိုက်သည်။

သူ့အိတ် ပြည့်သည့်တိုင် သဲပြင်အောက်၌ ကမာကောင် များစွာ ကျန်သေးသည်ကို တွေ့ရသည်။

သူ ဝမ်းသာသွားသည်။

သူတို့တတွေ ကမာသား ဝဝလင်လင် စားရတော့မည် ဟု တွေးကာ ရေပြင်ပေါ်သို့ တက်လာရာ ရေပြင်ပေါ် ခေါင်းဖော် လိုက်သည်နှင့်. . .

"နီမောင်. . . မင်းနောက်မှာ ငါးမန်းဖျူ"

ဟု ကမ်းပေါ်မှ အော်သံ ကြားလိုက်သည်။

နီမောင် ကိုယ်ကို ဖော့ထားပြီး နောက်လှည့်ကြည့်လိုက် တော့ မိမိရှိရာသို့ ကူးခတ်လာသော ငါးမန်းတောင် တစ်ခုကို လှမ်းမြင်လိုက်ရသည်။

သူ့ခါးကြားမှ ဓားကို ဖျတ်ကနဲ ဆွဲထုတ်လိုက်ပြီး အသင့် စောင့်နေလိုက်သည်။ အနားရောက်သည်နှင့် ငါးမန်းက ဝေါကနဲ ပြေးဟပ်သည်။

နီမောင်က ဘေးသို့ တိမ်းပြီး ဓားဖြင့် တွက်သည်။

ငါးမန်းကိုယ်မှာ ဟက်ကနဲ ကွဲထွက်သွားပြီး သွေးများ ထွက်လာသည်။ ငါးမန်း လွန့်သွားသည်နှင့် နီမောင် ကမ်းဘက် သို့ ကူးသည်။

ပင်လယ်ရေထဲတွင် သွေးနံ့သည် အကြီးမားဆုံး အန္တ ရာယ် တစ်ခုပင်။ သည်သွေးနံ့ကြောင့် မကြာခင် သားစား ငါးမန်း





တွေ ရောက်လာကြတော့မည်။

နီမောင် ကမ်းစပ် ရောက်ကာနီးတွင် ဒဏ်ရာရထား သော ငါးမန်းက နီမောင် ရှိရာ တကျော့ပြန်လာသည်။

နီမောင်က ခါးတွင် သိုင်းချည်ထားသော ကမာကောင် အိတ်ကို ရေတိမ်ဘက်သို့ ပစ်ချလိုက်ပြီး နောက်မှ ပြေးဟပ်သော ငါးမန်းဖျူရန်ကို လွတ်အောင် ရှောင်ရသည်။

ထိုအခိုက် ပင်လယ်ဘက်မှ ငါးမန်းများကလည်း အုပ်စု လိုက် ဝင်လာပြီ။

သွေးနံ့ရှိရာသို့ လာကြပြီ။

အချိန်မရှိတော့သဖြင့် နောက်တစ်ကြိမ် ဝင်လာသော ငါးမန်းဖျူကို ဖက်၍ ဓားဖြင့် အချက်ပေါင်းများစွာ ထိုးပြီး လွှတ် လိုက်ရာ သွေးရူးသွေးတန်းဖြင့် ပင်လယ်ဘက် လှည့်အထွက် တွင် ပင်လယ်ဘက်မှ ငါးမန်းအုပ်နှင့် တိုးကာ ဝိုင်းကိုက်ခြင်းကို ခံရလေတော့သည်။

ငါးမန်းဆိုသော သတ္တဝါမျိုးမှာ အမြင်မကောင်းသ လောက် အနံ့ခံကောင်းသော သတ္တဝါများ ဖြစ်ကြရာ သွေးနံ့ရလို့ ကတော့ မည်သည်ကိုမှ အလွတ်မပေးတတ်ကြပေ။

ငါးမန်းများ လှုပ်ရှားမှုကြောင့် ရေပြင်ပေါ်တွင် တဝုန်းဝုန်း ဖြင့် ရေလှိုင်းများ ထနေစဉ် နီမောင် ကမ်းပေါ် ကူးတက်ခဲ့ လေသည်။

ကမ်းစပ်မှ ငမဲအောင်က စိုးရိမ်စွာဖြင့် ကမ်းပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ဆွဲတင်လိုက်သည်။

"မင်း အတော် အရဲစွန့်တယ်၊ ဒီလောက် အန္တရာယ်များတဲ့နေရာ ရေအောက်မှာ အကြာကြီး နေရသလားကွ"

"ကမာကောင်တွေ တွေ့လို့ ဆင်းယူနေရင်း ကြာသွားတာပါ၊ ငါ ရေအောက်မှာ ထူးဆန်းတာတစ်ခု တွေ့ခဲ့ရတယ် ငမဲအောင်"

"ဘယ်လို ထူးခြားမှုလဲ"

"ဘုရားအောက်ဘက်မှာ လိုဏ်ခေါင်းကြီး တွေ့ခဲ့ရတယ်၊ တစ်နေ့လောက် မင်းနဲ့ငါ ဝင်ကြည့်ရအောင်"

"အန္တရာယ် များလှတယ်ကွာ"

"ထူးခြားတာတွေ တွေ့ချင် တွေ့နိုင်တယ်"

"အဘမှင် မသိမှ ဖြစ်မယ်၊ သူသိရင်တော့ ခွင့်ပြုမှာ မဟုတ်ဘူး"

"ဒါဖြင့်လဲ မင်းနဲ့ငါသာ သိပါစေ"

"ကောင်းပြီလေ. . . ရာသီဥတု သာယာတဲ့အခါ ကြည့်ကြတာပေါ့"

နှစ်ယောက်သား တိုင်ပင်ပြီး ကမာကောင်အထုပ်ကို ထမ်း၍ စခန်းသို့ ပြန်တက်ခဲ့ကြသည်။







( ၅ )

စခန်းသို့ ပြန်ရောက်ပြီး နီမောင် ရလာသော ကမာကောင်များကို ခွဲသောအခါ အချို့ ကမာကောင်များအတွင်း၌ အရည်အသွေး ကောင်းသော ပုလဲအချို့ကိုပါ ရရှိကြသည်။

အလွန်ကြီးသော ကမာကောင်ကြီးအတွင်းမှ ကွမ်းသီးလုံးနီးပါး ကြီးသော ပုလဲကြီးကို ရှိလေသည်။

"အင်. . . ဒီနေရာမှာ ကမာကောင်တွေ အစုလိုက် အပြုံလိုက် ရှိနေတယ် ထင်တယ်၊ တို့တော့ မမျှော်လင့်ဘဲ ပုလဲ



www.burmeseclassic.com

www.burmeseclassic.com



အိုင်ပေါ် ရောက်နေပြီ ထင်တယ်၊ ဒီလိုဆိုရင်တော့ ကောင်းတာပေါ့ကွာ၊ ဟင်းစားလဲ ရ၊ ပုလဲလည်း ရတာပေါ့"

ကမာကောင်သားမှာ မီးဖုတ်၍သော်လည်းကောင်း၊ ပြုတ်၍သော်လည်းကောင်း စားလျှင် ပုစွန်ထုပ်သားကဲ့သို့ ချို၍ အလွန် အရသာ ရှိလှသည်။

သူတို့တတွေမှာ မိုးလေ လုံခြုံ၍ စိတ်ချရသော နေရာသို့ ရောက်ခဲ့ကြပြီမို့ အချိန်ရသည်နှင့် မိမိတို့ စက်လှေကို ကောင်းသည်ထက် ကောင်းအောင် ပြုပြင်ကြပြီး တစ်ဘက်ကလည်း ပိုက်နှင့် တစ်မျိုး၊ ရေအောက် ဆင်း၍တစ်ဖုံ၊ ရိက္ခာအတွက် သားငါးများ၊ ကမာကောင်များကို ရှာဖွေ စုဆောင်းကြသည်။

ပုလဲရရန် ကမာကောင် ငုပ်ရသောအလုပ်မှာ မလွယ်ကူလှပေ။ ကမာကောင်ဆိုသည်မှာ ခရုအကြီးစား ဖြစ်သောကြောင့် ပင်လယ်ကြမ်းပြင်အောက်၌သာ နေလေ့ ရှိသည်။

ကမာကောင် ရရှိရန် ရေကြောင်း နားလည်ခြင်းနှင့် ရေငုပ်သန်မှ ရနိုင်သည်။

ရေငုပ်ရာတွင် အလေ့အကျင့် မရှိက အသက်ရှူမှားခြင်း၊ ရေမွန်းခြင်း၊ နှာခေါင်းနှင့် နားထဲတွင် သွေးထွက်ခြင်း၊ ရေအောက်မှ ပြန်မတက်နိုင်ခြင်း၊ သေးမျှင်သလောက် အန္တရာယ် များသော ရေကြောထိခြင်း၊ ငါးမန်းကဲ့သို့ သားစားသတ္တဝါများ ရန်မူခြင်းများ ဖြစ်တတ်ကြပေသည်။

သို့သော် ငယ်စဉ်ကတည်းက ပင်လယ်ပြင်၌ မွေး၍





ပင်လယ်ပြင်၌သာ ကြီးသော နီမောင်တို့ အုပ်စုမှာ ရေအောက်တွင် ကျင်လည်သော ပင်လယ်ဖျံကလေးများပမာ ကြိုးစားရှာဖွေကြသောကြောင့် ပုလဲများစွာ ရရှိကြသည်။

အလုံး အရွယ်အစား မတူညီသော်လည်း အရောင်အသွေး လှပသော ပုလဲလုံးများအား သူတို့ သဘောကျသည်။

"ဒီပုလဲတွေကို ဘယ်လိုလုပ်မလဲ အဘ၊ ဒီကျွန်းပေါ်မှာတော့ ငါးတစ်ကောင်လောက်တောင် တန်ဖိုးမရှိလှဘူး"

"မင်းက ဒီကျွန်းပေါ်မှာ အမြဲနေမှာမို့လား၊ ရွာကို မပြန်တော့ဘူးလား"

"ဟာ... အဘကလဲ၊ အခြေအနေ ကောင်းရင် ပြန်မှာပေါ့ဗျ"

"အေးလေ... ရွာကို ပြန်ရောက်တော့ ဒါတွေကို ရောင်းချပြီး ခွဲဝေယူကြတာပေါ့"

"ကောင်းပါ့ဗျား... ဒါ့ထက် အဘ"

"ပြော"

"ပုလဲနဲ့ ပတ်သက်ပြီး အဘ သိတာလေးတွေ နည်းနည်းလောက် ကျွန်တော်တို့ကို ပြောပြပေးပါ"

ဦးဘမှင်က မီးကင်ထားသော ပုစွန်တစ်ကောင်ကို အခွံခွာ၍ တမြုံ့မြုံ့ ဝါးရင်း ဤသို့ ပြောပြသည်။

"မင်းတို့ မြင်တဲ့အတိုင်း ပုလဲဆိုတာ ဘောင်းခွေလို့ ခေါ်တဲ့ ကမာကောင်ထဲက ရတဲ့ အမြုတေတစ်မျိုးပဲ၊ ဒါကို အမြတ်



www.burmeseclassic.com

www.burmeseclassic.com



တနိုးနဲ့ ရတနာခုနစ်ပါး စာရင်းထဲ ထည့်သုံးတော့ ရတနာတစ်ပါး ဖြစ်လာတာပေါ့၊ ထူးခြားတာက ကျန်တဲ့ ရတနာတွေဟာ သဘာဝ သယံဇာတ ပစ္စည်းတွေက သဘာဝအလျောက် ဖြစ်တာချည်းပဲ၊ အဲ. . . ပုလဲကတော့ အသက်ရှိတဲ့ ကမာကောင်ထဲက ရတာဆိုတော့ ဇီဝဓါတ် ပါတယ်၊ ဒါကြောင့်လဲ ပုလဲက တစ်မျိုး ထူးခြားတယ်"

"အင်း. . . ဒါလဲ ဟုတ်တာပဲ၊ ကျန်တာတွေက မြေကြီးထဲက ထွက်တာ များပြီး ပုလဲက ပင်လယ်ရေအောက်က ထွက်တာဆိုတော့ တစ်မျိုးထူးခြားတယ်"

"ပုလဲက ပင်လယ်ရေအောက်က ရတယ်ဆိုပေမယ့် ပင်လယ် ရေအောက်တိုင်းမှာ ကမာကောင် မရှိနိုင်သလို ကမာကောင်တိုင်းမှာလဲ ပုလဲအမြဲတေ မရှိနိုင်ဘူး၊ ဒါကြောင့် ရှားပါးပြီး အဖိုးတန်နေတာပေါ့"

"ဟုတ်ကဲ့"

"ပုလဲလုံးဆိုတာ အစကတည်းက ကမာကောင်ထဲမှာ ပါလာတာ မဟုတ်ဘူး၊ အတော် တိုက်ဆိုင်မှ ဖြစ်တာမျိုး၊ ကမာကောင် ဆိုတာ ဘောင်းခရု တစ်မျိုးပဲလေ၊ ခရုဆိုတာမျိုးက ရေထဲမှာ ကူးခတ် သွားလာရရာ မပါတော့ ရေအောက်မှာ ရေစီးနဲ့ ဒီလိုပဲ ဟိုလိမ့်ဒီလိမ့်နဲ့ သွားနေကြတာ၊ ဒါကြောင့် ကျင်းထဲချိုင့်ထဲ ကျသွားရင် အပေါ်ကို တော်တော်နဲ့ ပြန်မရောက်တော့ဘဲ တစ်နေရာတည်းမှာ အစုလိုက် အပြုံလိုက် ရှိနေတတ်တာမျိုး





ပေါ့"

"ဟုတ်ကဲ့"

"ကမာကောင်တွေဟာ အပြင်အခွံက ကျောက်သားလို ကြမ်းတမ်းမာကျောပေမယ့် အခွံရဲ့ အတွင်းဘက်သားကျတော့ ပုလဲလုံး အရောင်မျိုးပဲ၊ နူးညံ့ချောမွေ့လွန်းလှတယ်၊ အစာအတွက်ကြောင့်ပဲဖြစ်ဖြစ် အသက်ရှူဖို့အတွက်ပဲဖြစ်ဖြစ် ကမာကောင်ရဲ့ အခွံနှစ်ချပ် ဟလိုက်ချိန်မှာ အပေါ်က ကျောက်ခဲလုံးလို အရာမျိုး တစ်ခုခုဟာ အဲဒီပါးစပ်ထဲ ဝင်သွားရင် အခွံနှစ်ချပ်ကို ချက်ချင်း ပြန်ပိတ်ပစ်လိုက်တယ်၊ အတွင်းသားက နူးညံ့တော့ ခဲလုံးလို မာကျောတဲ့အရာ ဝင်လာရင် ခံနိုင်အောင် ခဲကို နူးညံ့တဲ့ ကမာသားတွေနဲ့ လုံးထားလိုက်တယ်၊ ဒါမှ ချောသွားပြီး သက်သာမှာကိုး"

"ဟုတ်တာပေါ့"

"ဒါကြောင့် လူတွေကတောင် ပုလဲဆိုတာ ကမာကောင်လေးတွေရဲ့ မျက်ရည်လို့ တင်စားပြောကြတာပေါ့၊ ကြာလာတော့ ကမာကောင် အတွင်းမှာ ရှိတဲ့ ကမာလုံးထဲက ခဲလုံးလေးဟာ ပျောက်သွားပြီး ပုလဲလုံးဆိုတာ တဖြည်းဖြည်း ဖြစ်လာရတာ၊ သက်နု ပုလဲထဲမှာဆိုရင် မူလ ခဲလုံးရဲ့ အရောင်ကိုတောင် တွေ့နိုင်သေးတယ်"

"ဒါကြောင့် ပုလဲလုံးချင်း တူပြီး အရောင်အသွေးချင်း မတူတာကိုး၊ ပုလဲမွေးယူတယ်ဆိုတာ ဒီလိုပဲလား အဘ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲပဲကွာ. . . ကမာကောင်ထဲကို ပစ္စည်းတစ်ခု ထည့်ပြီး တခြားရောက်မသွားအောင် ပင်လယ်ရေအောက်မှာ သံခြင်းတွေနဲ့ ချထားတာပါပဲ"

"လူတွေ ဖန်တီးယူတဲ့ ပုလဲနဲ့ သဘာဝ ပုလဲနဲ့ကျတော့ ကွာမလား အဘ"

"ဘယ်အရာမဆို အတုနဲ့ အစစ်ဆိုတာကတော့ ရှိတာပေါ့၊ သဘာဝက ဖြစ်တာကတော့ ပိုကောင်းတာပေါ့"

ထိုအခါ ငမဲအောင်က. . .

"အင်း. . . ဒီကျွန်းပေါ် ရောက်ခိုက် ပုလဲတွေ တစ်နေ့တစ်လုံး ရအောင် ဆင်းငုပ်ထားလိုက်မယ်"

"ဘာလုပ်ဖို့လဲ"

"ဒါမှ ရွာပြန်ရောက်တဲ့အခါ 'မိန်းမရေ. . . မင်းကို လွမ်းသမျှ ငါ ပုလဲတွေ စုထားသဟ' ဆိုပြီး ပေးရအောင်လို့ပါ"

"တယ်. . . ခွေးကောင်၊ အမေတော့ သတိမရဘူး၊ မိန်းမကိုချည်း သတိရနေတယ်"

ထိုစကားကြောင့် အားလုံး သဘောကျစွာ ရယ်လိုက်ကြလေသည်။

အားလုံး မောမောပန်းပန်းနှင့် အိပ်ရာဝင်ကြသောအခါ ညဘက်တွင် ပင်လယ်ဘက်မှ တရှူးရှူးနှင့် နှာမှုတ်သံကြီးကို ကြားလိုက်ရသဖြင့် အပြင်ဘက်သို့ ထွက်ကြည့်ကြသည်။

ထိုအခါ မိုးလေကင်းစင်ပြီး လရောင်မှုန်ပျပျ အောက်





တွင် ပင်လယ်ရေများ အနက်ရောင် သန်းနေသည်ကို အံ့သြစွာ တွေ့မြင်ကြရသည်။

"အဘမှင်. . . ပင်လယ်ရေပြင်က အနက်ရောင်တွေ သန်းနေပါလား၊ ဘာဖြစ်လို့လဲဟင်"

"ဘာကြောင့်လဲတော့ ငါလဲ မသိဘူး၊ တို့ နေ့ခင်းဘက်တွေ ကြည့်တာကတော့ ဘာမှ မထူးခြားပါဘူး"

"ရေအောက်က ထူးခြားတဲ့ ပစ္စည်းတစ်ခုခုကြောင့်များ အခုလို ဖြစ်နေသလား မသိဘူး"

"တို့ စောစောက ဒီဘက်က နှာမှုတ်သံလိုလို ကြားလိုက်မိတယ် မဟုတ်လား"

"အေး. . . ဟုတ်တယ်လေ"

ထိုသို့ ပြောနေစဉ် နီမောင်၏ စိတ်ထဲတွင် တလောက သူ ရေအောက်၌ ရှိနေစဉ် ရေထဲမှ ဖြတ်သွားသော မည်းမည်း သဏ္ဍာန်ကြီးကို သတိရမိသည်။ ထိုအကြောင်းကိုတော့ အဘမှင်တို့အား မပြောပဲ ဘုရားအောက်ရှိ ကျောက်ဆောင်တွင် လိုဏ်ခေါင်းကြီးတစ်ခု တွေ့ခဲ့ကြောင်းကိုသာ ပြောပြလိုက်သည်။

ဘာပဲဖြစ်ဖြစ် ထိုညက ထူးဆန်းသော အကြောင်းအရာကြောင့် သူတို့အားလုံး ကောင်းစွာ အိပ်မပျော်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com





( ၀ )

နီမောင် ရေအောက် ရောက်သည်နှင့် ပတ်ဝန်းကျင်သို့ တစ်ချက် ဝေ့ကြည့်လိုက်သည်။

ကြည်လင်သောရေဖြင့် သူ မျက်စိတစ်ဆုံး မြင်နေရာ တစ်ဝိုက် မည်သည့် ထူးထူးခြားခြား လှုပ်ရှားမှု မတွေ့ရသဖြင့် စိတ်ချလက်ချ ကူးခတ်လာသည်။

ရေပြင်ပေါ်သို့ နေရောင်ခြည် အသင့်အတင့် ကျနေသောကြောင့် ယင်းနေရာ ဂူပေါက်ဝသို့ ရောက်အောင် ကူးလာ





နိုင်လေသည်။ အတွင်းပိုင်းတွင် မှောင်နေသည် ဆိုသော်လည်း ကျင့်သားရနေသော မျက်စိက ရှေ့လေးငါးလံလောက်အထိ မြင်နိုင်သည်။

ဂူအတွင်းပိုင်းမှာ ထင်သလောက် မကျဉ်းလှပေ။ ထိုအခိုက် မိမိရှေ့မှ ထူးထူးခြားခြား လှုပ်ရှားလာသောအရာတစ်ခုကို လှမ်းမြင်လိုက်ရသဖြင့် နီမောင် ကျောက်ဆောင်တစ်ခုနောက်ကွယ်သို့ ဝင်ရောက် ပုန်းကွယ်နေလိုက်သည်။

ဂူအတွင်းမှ ထွက်လာသော မည်းမည်းသဏ္ဍာန်ကြီးမှာ အလွန်ကြီးသော ကိုယ်လုံး ရှိပြီး အလျားကလည်း ရှည်လှသည်။

နီမောင်၏ရှေ့မှ ဖြတ်ကူးသွားသည်မှာ ရေငုပ်သဘောကြီးတစ်စင်း ဖြတ်သွားသည်နှင့် တူတော့သည်။

"ဘာကောင်ကြီးပါလိမ့် . . . အလုံးကလဲ ကြီး၊ အလျားကလည်း ရှည်နဲ့၊ ပင်လယ်မြွေကြီး ဖြစ်မယ် ထင်တယ်"

နီမောင် စဉ်းစားနေရင်း မည်းမည်းသဏ္ဍာန်ကြီးက ဂူအပြင်ဘက်သို့ ထွက်သွားလေတော့သည်။

ထိုအခါမှ နီမောင် ဂူထဲသို့ ဝင်လာသည်။

ဂူအတွင်းပိုင်းတွင် ရေတိမ်သွားပြီး အတော် ကျယ်ဝန်းလှသည်။

နီမောင် ရေပြင်ပေါ် တက်လိုက်သည်။ ထိုနေရာသည် လိုဏ်ခေါင်းတစ်ခု ဖြစ်ပြီး အလင်းရောင် အသင့်အတင့် ရှိသောနေရာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမည်းမည်း သတ္တဝါကြီးဟာ ဒီနေရာမှာ နေတာ ထင်တယ်၊ ညဘက်တွေမှာ ကြားကြားနေရတဲ့ နှာမှုတ်သံကလဲ ဒီက ကြားရတာ ဖြစ်မယ်၊ ရောက်တုန်း အထဲဝင်ကြည့်ဦးမှ"

နီမောင်၏ လက်ထဲမှ ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး အတွင်းဘက် ဝင်ခဲ့သည်။ ဂူအတွင်းပိုင်းတွင် ကုန်းမြင့်တစ်ခု ရှိပြီး ကျောက်ကလပ်သဏ္ဍာန် ဖြစ်နေသည်။

အနီးသို့ သွားကြည့်သောအခါ ကျောက်ကလပ်အတွင်း၌ ပုလဲလုံးများစွာကို တွေ့ရရုံမက အလွန်ကြီးသော ပုလဲနက်ကြီး တစ်လုံးကိုပါ တွေ့ရသည်။

"ဟား. . . ကြီးလိုက်တဲ့ ပုလဲနက်ကြီး၊ ငါ့တစ်သက် ဒီလောက် ကြီးတာ တစ်ခါမှ မမြင်ဖူးသေးဘူး"

နီမောင်က ပုလဲနက်ကြီးကို ကောက်ယူကြည့်လိုက်သောအခါ. . .

"ဒီပုလဲနက်ကြီးက အရောင်တွေ အရိပ်တွေ ထွက်ပြီး လှုပ်ရှားနေပါလား"

ထိုအချိန်တွင် ဂူအဝပိုင်းဘက်က လှုပ်ရှားမှုတစ်ခု၏ အသံကို ကြားလိုက်ရသဖြင့် နီမောင်က ပုလဲနက်ကြီးကို သူ့နေရာသို့ ပြန်ထားလိုက်ပြီး ရေထဲ ပြန်ဆင်းခဲ့သည်။

သူ ရေထဲ ပြန်ရောက်ပြီး မကြာမီ အပြင်ဘက်မှ ကူးခတ်လာသော မည်းမည်းသဏ္ဍာန်တစ်ခုကို တွေ့လိုက်ရသဖြင့် ကျောက်ဆောင်ကွယ်တစ်ခု ဘေးသို့ ဝင်ကပ်နေလိုက်သည်။





မည်းမည်းသတ္တဝါကြီး အတွင်းဝင်သွားတော့မှ ဂူအပြင်ဘက်သို့ ကူးထွက်ခဲ့သည်။

စခန်းသို့ ပြန်ရောက်သောအခါ ထိုအကြောင်းများကို အဘမှင်တို့အား အလုံးစုံ ပြန်ပြောပြလိုက်သည်။

အကြောင်းစုံ နားထောင်ပြီးသောအခါ အဘမှင်က. .

"မင်း မြင်ခဲ့တဲ့ ပုလဲနက်ကြီးဟာ သာမန်တော့ မဟုတ်တန်ဘူး၊ ဘုရားဌာပနာပစ္စည်း ဖြစ်မယ် ထင်တယ်၊ ဒီဘုရားကို တည်ခဲ့တဲ့ ကုသိုလ်ရှင်တွေဟာ ပုလဲနက်ကြီးကို ဌာပနာပြီး တည်ခဲ့တာ ဖြစ်နိုင်တယ်"

"ဒါဖြင့် ကျွန်တော် တွေ့ခဲ့တဲ့ သတ္တဝါကြီးကရော ဘယ်လိုကောင်မျိုး ဖြစ်မလဲဟင်"

"ငါထင်တာတော့ ပင်လယ်မြွေကြီး ဖြစ်ချင်ဖြစ်၊ မဟုတ်ရင်တော့ ညံသတ္တဝါကြီး ဖြစ်မှာပဲ"

"ညံသတ္တဝါဆိုတာ ကြားပဲ ကြားဖူးတယ်၊ တစ်ခါမှ မမြင်ဖူးဘူး၊ မြွေလို အကောင်မျိုးလားဟင် အဘ"

"အေး. . . ဟုတ်တယ်၊ အမျိုးအစားကတော့ မြွေလို အကောင်ရှည်မျိုးပဲ၊ ဒါပေမယ့် ခေါင်းကျတော့ နဂါးလို ပုံစံမျိုးနဲ့ ပင်လယ်မှာ နေတဲ့ ရေသတ္တဝါတွေထဲမှာတော့ အကြီးဆုံးနဲ့ အရှည်ဆုံး သတ္တဝါမျိုးပေါ့"

"ပင်လယ်မှာ ဝေလငါး အကြီးဆုံး မဟုတ်ဘူးလား အဘ"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အဲဒီ ဝေလငါးကို သုံးလေးပတ် ရစ်ပတ်ပြီး သတ်ပစ်နိုင်တာ ညံသတ္တဝါမျိုးပဲ၊ ဘယ်လောက်ကြီးပြီး ရှည်မလဲ ဆိုတာ စဉ်းစားသာ ကြည့်ပေရော့"

"အင်း. . . ဆင်ထက် အဆပေါင်းများစွာ ကြီးတဲ့ ဝေလငါးကို သုံးလေးပတ် ရစ်ပတ် သတ်နိုင်လောက်အောင် ရှည်တယ် ဆိုတော့ ပင်လယ်သွားနေတဲ့ သင်္ဘောကြီးတွေထက် ရှည်မလား ပဲ"

"ရှေးက လူကြီးပြောတဲ့ မှတ်တမ်းတွေထဲမှာ ရွက် သင်္ဘောကြီးတွေနောက်က လိုက်လာပြီး ခေါင်းထောင်ကြည့် လိုက်တော့ သင်္ဘောရဲ့ ရွက်တိုင်တွေ ကျော်သွားတယ်ဆိုတော့ ကြောက်စရာ အကောင်းဆုံး ဖြစ်မှာပေါ့"

"အင်း. . . အဘ ပြောတာ ဖြစ်နိုင်တယ်၊ ကျွန်တော် ဂူထဲ ဝင်တုန်းက ကျွန်တော့်ဘေးက ဖြတ်သွားတော့ ရေငုပ် သင်္ဘောကြီး တစ်စင်းလိုပဲ တော်တော်နဲ့ မဆုံးနိုင်ဘူး"

"အေး. . . လူစုံတုန်း မင်းတို့ကို တစ်ခါတည်း မှာထားမယ်၊ တို့တတွေအားလုံး ဘဝတူတွေပဲ၊ ရှေးက အတိတ်ကံ မကောင်းခဲ့လို့ အခုလို ဆင်းရဲဒုက္ခတွေနဲ့ ကြုံရတာ၊ ဒီတော့ အခုဘဝမှာ လူဆင်းရဲပေမယ့် စိတ်ထား မဆင်းရဲကြစေနဲ့၊ ဒီဘဝ ကောင်းမှ နောက်ဘဝ ကောင်းနိုင်မယ်၊ ဘုရားအတွက် ရည်စူးထားတဲ့ ပစ္စည်းတွေကို စိတ်နဲ့တောင် မပစ်မှားကြနဲ့၊ ငါ မှာတာကို နားထောင်ကြ"





"စိတ်ချပါ အဘ၊ ကျွန်တော်တို့မှာတွေ ကောင်းတာ မလုပ်နိုင်တဲ့တိုင်အောင် မကောင်းတာတော့ မလုပ်ကြပါဘူး"

"အေးကွယ်. . . သာဓု. . . သာဓု. . . သာဓု"

ဦးဘမှင်က လူငယ်များကို ကြည့်ပြီး သဘောကျစွာ ပြုံးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## ( ၉ )

နောက်တစ်နေ့ ကမ်းပါးစွန်း တစ်နေရာတွင် သူတို့တတွေ ကမာကောင် ငုပ်နေကြသည်။

ရာသီဥတု သာယာနေသဖြင့် ပင်လယ်ပြင်တစ်ခုလုံး လှိုင်းလေ ကင်းစင်နေသည်။ ကောင်းကင်တစ်ပြင်လုံး တိမ်မဲများကင်းကာ အပြာရောင် ကောင်းကင်အချို့ပင် ပေါ်နေ၏။

နေရောင်ခြည် ဆမ်းထားသော ပင်လယ်ရေမျက်နှာပြင်ပေါ်တွင် လေနုအေးကလေးများ တဖြူးဖြူး တိုက်ခတ်နေသောကြောင့် လှိုင်းကြက်ခွပ်ကလေးများ တဖျပ်ဖျပ် လှုပ်ရှားနေလေတော့သည်။





ရာသီဥတု ကောင်းသဖြင့် နီမောင်တို့ အဖွဲ့သားအားလုံး ဦးဘမှင်ပါမကျန် ပင်လယ်တွင်း ဆင်း၍ ကမာကောင် ငုပ်ကြသည်။ ရသမျှ ကမာကောင်များကို ကမ်းပေါ်တွင် စုပုံထားကြသည်။

ထိုအခိုက် ပင်လယ်ပြင် အဝေးတစ်နေရာဆီမှ ခုတ်မောင်းလာသော သင်္ဘောစက်သံကို စတင်ကြားလိုက်ရသည်။ ထိုစက်သံကြောင့် သူတို့အားလုံး ရေထဲမှ ကမ်းပေါ် တက်ပြီး ပင်လယ်ဘက် မျှော်ကြည့်ကြသည်။

အောက်မှ ကြည့်ရတာ မမြင်ရသောကြောင့် ဘုရားရှိရာ တောင်ကုန်းပေါ် ပြေးတက်ပြီး မျှော်ကြည့်ကြသည်။

အတန်ကြာသည်အထိ သင်္ဘောစက်သံ တဒီးဒီးကိုသာ ကြားနေရပြီး အခြား ဘာမှမမြင်ရသေး၊ ပင်လယ်ရေမျက်နှာပြင်ပေါ်မှာတော့ နေရောင်ကြောင့် တံလျှပ်များ ထနေသည်။

အတော်ကြာသောအခါ ပင်လယ်မျက်နှာပြင်ပေါ်တွင် အမည်းစက်ကလေးကို စတင် မြင်ရသည်။

"သင်္ဘောတစ်စင်းပေါ့. . . ဒီဘက် လာနေတာများ လား"

"ဟုတ်တယ်ပေါ့. . . ဒီဘက်ကို လာနေတာ၊ ဒါပေမယ့် သေချာအောင် အလံပြလိုက်မယ်"

နီမောင်က ရွက်ဖျင်စတစ်ခုကို မျှော်တိုင်မှာ ချည်ပြီး ဝှေ့ယမ်းပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ပင်လယ်ပြင်မှ ခုတ်မောင်းလာသော သင်္ဘောတစ်စင်း၏ ပုံသဏ္ဍာန်ကို သဲသဲကွဲကွဲ မြင်လာရသည်။ သင်္ဘောက သူတို့ ရှိရာ ကျွန်းဘက်သို့ ဦးတည် မောင်းလာသည်။

"ဟေ့ . . . တို့ကျွန်းဘက် လာနေတာကွ"

"စာန်ကျတာပဲဟေ့ . . . တို့တတွေတော့ ကျွန်းစံဘဝက လွတ်တော့မယ် ထင်တယ်"

နီမောင်ကတော့ အားရဝမ်းသာစွာဖြင့် ဖျင်စအလံကို ဝှေ့ယမ်းပြနေဆဲပင်။

ခုတ်မောင်းလာသည်မှာ စက်လှေတစ်စင်း ဖြစ်ပြီး သူတို့ ရှိရာသို့ ဦးတည်မောင်းလာသည်။ တစ်စတစ်စ ကမ်းနှင့် နီးနိုင်သမျှ နီးလာသည်။ စက်လှေဦးပိုင်းတွင် လက်နက်ကိုင်ထားသော လူသုံးလေးယောက် ရပ်နေကြသည်။

"အဘ . . . သောင်းကျန်းသူတွေများလား"

"ဘာပဲဖြစ်ဖြစ် သတိတော့ ထားကြ၊ အခွင့်အရေး ရတာနဲ့ တို့အတွက် လွတ်မြောက်ဖို့ အခွင့်အရေး ရအောင် ကြိုးစားရမယ် . . . ကြားလား"

"စိတ်ချ အဘ"

မကြာမီ ကျောက်ဆောင်ရှင်းသော နေရာတွင် စက်လှေဆိုက်ကပ်ပြီး လူခြောက်ယောက်က ကမ်းပေါ်သို့ ခုန်တက်လာကြသည်။ သူတို့တွင် လက်နက်များ အသီးသီး ပါကြသည်။

နီမောင်တို့ အနီးသို့ ရောက်သောအခါ သေနတ်များဖြင့်





ချိန်ထားလိုက်သည်။

"မင်းတို့ ဘယ်သူတွေလဲ၊ ဘယ်က ရောက်လာတာလဲ"

ဦးဘမှင်က . . .

"ကျုပ်တို့ ရေလုပ်သားတွေပါ၊ ကဒုံကနီဘက်က လာကြတာပါ"

"ဘယ်လိုဖြစ်ပြီး ဒီကျွန်းရောက်နေတာလဲ"

"တလောက မုန်တိုင်းမိပြီး ဒီရောက်လာကြတာပါ"

"စက်လှေကရော"

"ဟိုးသောင်စပ်မှာ တင်ထားပါတယ်"

သည်တော့မှ ခေါင်းဆောင်ဖြစ်သူက ယုံကြည်သွားဟန်ဖြင့် သေနတ်များကို လွယ်လိုက်ကြသည်။

"ဒီနေရာက တို့ အမြဲလာပြီး စခန်းချတဲ့နေရာပဲ၊ မင်းတို့ ဒီရောက်တာ ကြာပြီလား"

"တစ်လကျော်လောက် ရှိပါပြီ"

"ဟုတ်လား . . . ဒီမှာ ဘာတွေ ထူးခြားတာတွေ တွေ့ကြသလဲ"

"ကျုပ်တို့တော့ စားစရာ လိုရင် ပင်လယ်ထဲ ဆင်းရှာလိုက် စားလိုက်ပါပဲ၊ တခြားတော့ ထူးခြားတာ မတွေ့ပါဘူး၊ ဒီကျောက်ဆောင်အောက်က ပုလဲတွေတော့ ရထားတာ ရှိပါတယ်"

"ဟင် . . . ပုလဲတွေ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . . စုထားတာ အတော် များနေပါပြီ"

"အဲဒီ ပုလဲတွေကို ကျုပ်တို့ကို ပေးမလား၊ ပြန်ရင် ခင်ဗျားတို့ကို တင်ခေါ်သွားမယ်၊ ဘယ့်နှယ်လဲ"

"ပေးပါ့မယ်. . . ဒီပုလဲတွေက ကျုပ်တို့အတွက် အဖိုး မတန်လှပါဘူး၊ ရွာပြန်ရောက်မယ်ဆိုရင် ဝမ်းသာလှပါပြီ၊ ရှာရ ထားသမျှ ပုလဲတွေကို အားလုံး ပေးပါ့မယ်"

"ကောင်းပြီ. . . ဒါ့ထက် ခင်ဗျားတို့က ဒီမှာ ပုလဲငုပ်ကြ တာ ကြာပြီဆိုတော့ ပုလဲနက်ကြီး တစ်လုံးများ မတွေ့မိကြဘူး လား"

ထိုစကားကြောင့် နီမောင်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

သူတို့ချင်း ကြည့်သောအကြည့်တွင် အချင်းချင်းသာ နားလည်နိုင်သော အဓိပ္ပါယ်များ ပါဝင်လေသည်။

"ပုလဲနက်ကြီးကို ကျွန်တော် တွေ့ထားတယ်"

"ဟင်. . . ဟုတ်လား၊ အခု ဘယ်မှာလဲ"

လောဘသားများ၏ မျက်လုံးများတွင် အရောင်လက် လာသည်။

"မယူရသေးပါဘူး. . . ရေအောက်မှာပဲ ရှိပါသေး တယ်"

"မင်း နေရာ မှတ်မိလား"

"မှတ်မိပါတယ်"





"ဒီလိုဆို မင်း ဆင်းယူပေးမလား"

"ကျွန်တော် ယူလို့မရဘူး၊ အဲဒီမှာ ပုလဲနက်ကြီးအပြင် တခြားရတနာပစ္စည်းတွေကလဲ အများကြီး ရှိသေးတယ်"

"ဟေ. . ."

နောက်မှ ရောက်လာသူများက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

"ဒီလိုဆိုရင် မင်း နေရာပြပေးမလား၊ တို့တတွေ ဆင်း ယူကြမယ်"

"လူများမှ ဖြစ်မယ်"

"အို. . ရတယ်၊ စက်လှေပေါ်မှာ အစောင့်တစ်ယောက် ပဲ ထားခဲ့ပြီး အကုန်ဆင်းကြမယ်၊ တို့အားလုံး ရေငုပ်ကျွမ်းကျင်သူ တွေချည်းပဲ"

"ဒီလိုဆို လိုက်ပြပေးမယ်၊ အဆင်သင့် ပြင်ထားကြပါ၊ ကျွန်တော် အခြေအနေ ကြည့်လိုက်ဦးမယ်"

ထိုသို့ ဆိုကာ နီမောင်နှင့် ငမဲအောင်တို့သည် အသား တုံးများ ယူ၍ ကျောင်းဆောင်ပေါ် တက်ခဲ့ကြသည်။

"ဒီအသားခြောက်တွေ ဘာလုပ်ဖို့လဲ နီမောင်"

"အသာနေ. . . ငါ့မှာ အကြံရှိတယ်၊ ရေအောက် ရောက်ရင် ငါ့အခြေအနေကို ကြည့်ပြီး လှုပ်ရှားနော်. . . ကြားလား"

"အေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ကမ်းပါး ရောက်သောအခါ သွေးညီနဲ့ ပါသော အသား တုံးများကို ရေထဲ ပစ်ချသည်။

ခဏကြာသောအခါ သွေးနံ့ကြောင့် ငါးမန်းများ တစ်ကောင် နှစ်ကောင်စ ရောက်လာပြီး မကြာမီ အများအပြား ရောက်လာကာ အသားတုံးများကို အလုအယက် စားသောက်ကြတော့သည်။

ထိုသို့ ရှိနေစဉ် ရေအောက်မှ မည်းမည်းသဏ္ဌာန်ကြီး တစ်ခု ရောက်လာပြီး ငါးမန်းများကို လိုက်လံ ကိုက်သတ်ရာ ငါးမန်းများမှာ ကူးခတ်ပြေးကြရတော့သည်။

မည်းမည်း အကောင်ကြီးကလည်း တစ်ကောင်မှ အလွတ်မပေးဘဲ နောက်မှ လိုက်ကာ ကိုက်သတ် ဝါးမျိုလေတော့သည်။

"နီမောင်. . . အဲဒါ မင်းပြောတဲ့ အကောင်ကြီးလား၊ ကြောက်စရာ ကောင်းလိုက်တာ၊ ဘာကောင်ကြီးလဲ"

"အဘမှင် ပြောတဲ့ ညံ့ဆိုတဲ့ သတ္တဝါကြီး ဖြစ်မှာပေါ့"

"ကဲ. . . အချိန်မရှိဘူး၊ သတ္တဝါကြီး အပြင်ထွက်သွားတုန်း တို့ ဂူထဲ ဝင်ကြရအောင်"

"ဖြစ်ပါ့မလား"

"လာပါ. . . ငါပြောတဲ့အတိုင်းသာလုပ်၊ အချိန်မရှိဘူး"

ထို့နောက် နီမောင်နှင့် ငမဲအောင်တို့သည် လူစိမ်း ငါးယောက်ကို ခေါ်ပြီး ရေထဲ ဆင်းခဲ့ကြသည်။





နီမောင်က ရေထဲ မဆင်းခင် ကျန်ခဲ့သော ဦးဘမှင်တို့ အဖွဲ့အား အချက်ပြခဲ့သည်။

လူစိမ်းများက သေနတ်များကို ထားခဲ့ပြီး ဓါးတွင် ဓား တစ်လက်စီ ယူဆောင်ခဲ့ကြသည်။

ရေအောက်သို့ ရောက်သောအခါ နီမောင်က ရှေ့မှ ဦးဆောင်ပြီး ဂူအတွင်းသို့ ဝင်ခဲ့သည်။ ငမဲအောင်နှင့် လူစိမ်းများက နောက်မှ လိုက်ကြသည်။

အတန်ငယ် ကူးလာသော် ပုလဲနက်ကြီး ရှိရာ ဂူအမြင့်ပိုင်းသို့ ရောက်ကြသည်။

ပုလဲများ ရှိရာ ကျောက်ကလပ်ဆီသို့ ရောက်သော အခါ မမျှော်လင့်ဘဲ အဘိုးအိုတစ်ဦးကို လှမ်းမြင်ရသည်။

"ဒီအဘိုးကြီးက ဘယ်သူလဲ"

"ကျွန်တော်လဲ မသိဘူး"

လူစိမ်းငါးယောက်က မယုံသင်္ကာဖြင့် ကမ်းစပ်ပေါ် တက်သွားသည်။

ထိုအခါ အဘိုးအိုက. . .

"မောင်ရင်တို့က ဘာလာလုပ်ကြတာလဲ"

"ဒီက ပုလဲနက်ကြီးကို ယူမလို့ လာတာ၊ ခင်ဗျားက ဘယ်သူလဲ"

"ကျုပ်လဲ ပင်လယ်ထဲက လူတစ်ယောက်ပါပဲ၊ မောင်ရင် ပြောတဲ့ ပုလဲနက်ကြီးဆိုတာ ယူလို့ မရဘူးကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ဒါ ဘုရားပစ္စည်းလေ၊ ဘုရားကို လှူထားပြီးသား ဆိုတော့ ယူလို့မရဘူး"

"ယူလို့ မရလဲ ကျုပ်တို့ကတော့ ယူမှာပဲ၊ ဒီပုလဲနက်ကြီး ကို သတင်းကြားပြီး လာလာရှာနေတာ အတော်ကြာပြီ၊ ခင်ဗျားနဲ့ မဆိုင်ရင် ဖယ်နေ"

"ကောင်းပါပြီ. . . ဒါပေမယ့် မကောင်းတာ ပြုတဲ့သူ ဟာ ကိုယ်ပြုတဲ့ဒဏ် ကိုယ်ခံရတတ်တယ်နော်. . . မှတ်ထား"

ထိုသို့ ပြောကာ ရေထဲ ဆင်း၍ ငုပ်သွားလေတော့ သည်။

လောဘသားများကတော့ အဘိုးကြီး ဆင်းသွားသည် နှင့် ပုလဲနက်ကြီး ရှိရာ ကျောက်ကလပ်ဆီသို့ အလုအယက် တက်သွားကြသည်။

ထိုအချိန်တွင် ဂူဝပိုင်းတွင် ရေလှိုင်းခတ်သံကြီးတစ်ချက် ကြားလိုက်ရသည်နှင့် နီမောင်က ငမဲအောင်ကို အချက်ပြပြီး ရေထဲ ပြန်ဆင်းကြသည်။

သူတို့နှစ်ယောက် ရေထဲ ရောက်ပြီး မကြာမီ ဂူဝမှ မည်းမည်းသဏ္ဌာန်ကြီး ပြန်ဝင်လာသည်။

ထိုအခါ နှစ်ယောက်သား ကျောက်ဆောင်တစ်ခုအောက်တွင် ကပ်နေပြီး သတ္တဝါကြီး လွန်သွားတော့မှ ဂူအပြင်သို့ ခပ်သွက်သွက် ကူးထွက်ခဲ့ကြသည်။





ဂူအတွင်း၌ ပုလဲနက်ကြီးကို လောဘတက်နေသူ ငါးဦး ကတော့ ထိုမျှ ကြီးမားရှည်လျားသော သတ္တဝါကြီး ရန်က ဘယ် နည်းနှင့်မျှ လွတ်နိုင်စရာ မမြင်တော့ပေ။

နီမောင်တို့ ကမ်းပေါ် ရောက်သောအခါ စက်လှေပေါ် မှာ အစောင့်ကို ဖမ်းဆီးထားပြီး ဦးဘမှင်တို့ အဖွဲ့က စက်လှေကို အပိုင်စီးထားကြလေပြီ။ သေနတ်များကလည်း သူတို့ဆီ ရောက် နေပြီမို့ ပူစရာ မလိုတော့။

ရှင်းတို့၏ ပစ္စည်းများကိုလည်း စက်လှေအသစ်ပေါ် သယ်၍ တင်ထားပြီး စက်လှေထွက်ရန် အဆင်သင့် ပြင်ထားကြ ပြီ။

"နီမောင်. . . အမြန်လာဟေ့၊ ရာသီဥတု သာယာတုန်း စက်လှေထွက်ကြရအောင်"

နီမောင်နှင့် ငမဲအောင်တို့ စက်လှေပေါ် တက်ရန် ပြင် နေသောအခါ ရေစပ်မှ အဘိုးအိုတစ်ဦး တက်လာသည်။

ထိုအဘိုးအိုမှာ ဂူအတွင်းမှ နီမောင်တို့ တွေ့ခဲ့သော အဘိုးအိုပင် ဖြစ်သည်။

"အဘက ဘယ်သွားမှာလဲ၊ ကျွန်တော်တို့နဲ့ တစ်ခါတည်း လိုက်ခဲ့ပါလား"

"မလိုက်တော့ပါဘူးကွယ်"

"အဘက ဘယ်မှာ နေတာလဲ"

"ဒီမှာပဲ နေတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ဒီကျွန်းပေါ်ကို ရောက်တာ အတော်ကြာပြီ၊ တစ်ခါမှ မမြင်မိပါလား"

အဘိုးအိုက ပြုံးနေသည်။

"ဟိုလောဘသားတွေတော့ ဂူထဲမှာ အကုန်သေကုန်ကြပြီ၊ သူတို့ရဲ့ လောဘစိတ်က သူတို့ကို သတ်ပစ်တာပဲ၊ ကိုယ်ပြုတဲ့ မကောင်းမှုဒဏ်ကို ကိုယ်ပြန်ခံရတာ ဓမ္မတာပဲ၊ မောင်ရင်လေးတို့ အခုလို ကိုယ့်ရပ်ကိုယ့်ရွာကို ချောချောမောမော ပြန်နိုင်ကြတာ စေတနာ မှန်ကြလို့ပဲ၊ လောကမှာ ဆင်းရဲလို့ ဘယ်လိုအလုပ်မျိုးနဲ့ အသက်မွေးဝမ်းကျောင်းပြုပြု အရေးမကြီးဘူး၊ ကိုယ့်အကျိုးစီးပွား ရဖို့ တစ်ခုထဲ ကြည့်ပြီးတော့ ဘုရားပစ္စည်း ကျောင်းပစ္စည်းတွေကို ဘယ်တော့မှ မပစ်မှားကြနဲ့၊ ကိုင်း. . . အချိန်ရှိတုန်း သွားကြပေဦးတော့"

"ဟုတ်ကဲ့. . . အခုလို ဆုံးမတာ ကျေးဇူးတင်ပါတယ် အဘ၊ ကျွန်တော်တို့တတွေ အမြဲမှတ်ထားပါ့မယ်၊ အဘကို ကျွန်တော်တို့ ကန်တော့ခဲ့ပါတယ်"

အားလုံး စက်လှေပေါ်မှာ အဘိုးကြီးကို ကန်တော့ကြသည်။ အဘိုးအိုက ဆုများ ပေးပြီးနောက် ရေအောက်သို့ ပြန်ဆင်းသွားလေတော့သည်။

နီမောင်တို့တတွေလည်း အခြေအနေကို စောင့်ကြည့်နေကြပြီး မထူးခြားတော့မှ စက်လှေထွက်ရန် ကြိုးများ ဖြုတ်နေကြစဉ် ဘုရားအောက်ခြေတစ်ဝိုက် ရေပြင်ပေါ်တွင် လှိုင်းများ





ထလာသည်။

တရှူးရှူးဖြင့် နှာမှုတ်သံကြီး ပေါ်လာသည်။

ထို့နောက် မှိုမှိုမောက်မောက် ရေများ မောက်ကြွလာပြီး သတ္တဝါကြီးတစ်ကောင်၏ ဦးခေါင်းပိုင်းကြီး ရေပေါ် ပေါ်လာသည်။

"ဟာ. . . ညံသတ္တဝါကြီးပါလား"

သတ္တဝါကြီးမှာ ဦးခေါင်းပိုင်းတစ်ဝိုက် နဂါးကဲ့သို့ အချွန်အတက် အမောက်များ ပါပြီး မြွေတစ်ကောင်၏ သွင်ပြင်မျိုးဖြစ်သည်။

တစ်ကိုယ်လုံး မည်းနက် ပြောင်ချောလျက် ရှိပြီး လုံးပတ်ကြီးမားလှသည်။ အလျား မည်ရွေ့မည်မျှ ရှိမည်ကိုတော့ မခန့်မှန်းနိုင်ကြပေ။

သတ္တဝါကြီးက တရွေ့ရွေ့ဖြင့် သူတို့၏ စက်လှေနားသို့ တိုးကပ်လာသည်။

စိန်ပန်းက အလန့်တကြားဖြင့် သေနတ် တစ်လက်ကောက်ယူကာ ပစ်ရန် ချိန်လိုက်သည်။

"မလုပ်နဲ့"

ဦးဘမှင်က တားလိုက်သည်။

ထိုသို့ ရှိနေစဉ် သတ္တဝါကြီးမှာ စက်လှေအနီး ရောက်ရှိလာပြီး အပေါ်မှ မိုးကြည့်လိုက်ရာ အမြင့်မှာ စက်လှေ၏ ရွက်တိုင်အပေါ် ကျော်တက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စက်လှေပေါ်မှ လူများမှာ အသက်ရှူရန်ပင် မေ့နေကြ သည့်အလား တစ်ယောက်မှ မလှုပ်ဝံ့ကြအောင် ရှိနေကြစဉ် ဦးဘမှင်တို့ ဖမ်းထားသော သောင်းကျန်းသူမှာ ဆောက်တည်ရာ မရ ဖြစ်လာပြီး. . .

"အောင်မယ်လေး. . . လုပ်ကြပါဦး၊ သတ္တဝါကြီး သတ် တော့မယ်၊ သတ္တဝါကြီး ကျုပ်ကို သတ်တော့မယ်၊ ကျုပ်ကို သတ် တော့မယ်ဗျ"

ထိုသို့ ကြောက်လန့်တကြား အော်ဟစ်ကာ စက်လှေ၏ နောက်ပိုင်းသို့ ပြေးသွားကာ ရေထဲသို့ ခုန်ချသွားရာ ပြန်ပေါ် မလာတော့ပေ။

သတ္တဝါကြီးလည်း နီမောင်တို့ အပေါ် အတန်ကြ အောင် မိုးကြည့်နေပြီးမှ တဖြည်းဖြည်း ရေအောက်သို့ ပြန်ငုပ် သွားလေတော့သည်။

ခဏကြာတော့မှ ရေပြင်မှာ ပကတိအတိုင်း ပြန်လည် ငြိမ်သက်သွားသည်။ ထိုအခါ အားလုံး သက်ပြင်းချနိုင်လေတော့ သည်။

"ဟူး. . . တော်ပါသေးရဲ့ကွာ၊ ဘာမှ အန္တရာယ် မ မသွားလို့သာ"

"စိန်ပန်းက သေနတ်နဲ့ ပစ်ဖို့ လုပ်နေသေးတယ်၊ မ သေနတ်လောက်တော့ အယားဖျောက်ရုံတောင် မရဘူး"

"ဘယ်သိမလဲ. . . ငါလဲ ကြောက်ကြောက်လန့်လ





ဆိုတော့ လုပ်မိလုပ်ရာ လုပ်တာပါကွာ၊ ဘာသတ္တဝါကြီးလဲ မသိ ဘူးနော်"

ဦးဘမှင်က. . .

"ဒါ ညီသတ္တဝါကြီးလို့ ခေါ်တယ်၊ ဒီဘုရားနဲ့ ပုလဲနက် ကြီးကို စောင့်ရှောက်နေတဲ့ သတ္တဝါကြီး ဖြစ်မှာပါ။ သူက တို့ တွေကို အန္တရာယ် မပြုလို့သာပေါ့။ သူသာ ရန်ရှာချင်ရင် အခုလောက်ဆိုရင် တို့စက်လှေ ရေအောက်မှာ အမှုန့်ဖြစ်နေ လောက်ပြီ"

"ဟုတ်တယ် အဘရေ ဟိုအဘိုး ပြောသွားသလို ကိုယ့် စေတနာ ကိုယ်အကျိုးပေးတာ လက်တွေ့ဗျ"

"ကဲ. . . စက်လှေ ထွက်ကြမယ်ဟေ့"

ဦးဘမှင်၏ စကားဆုံးသောအခါ စက်လှေအား စက်နှိုး၍ မောင်းထွက်လိုက်သည်။

အားလုံး၏ အသက်သခင် ဖြစ်သော ကျွန်းကလေးကို လွမ်းဆွတ် သတိရစွာ လှည့်ကြည့်လိုက်ကြစဉ် ဘုရားရင်ပြင် တော်ပေါ်မှ သူတို့အား လက်ပြနှုတ်ဆက်နေသော အဘိုးအိုအား လှမ်းမြင်ကြသဖြင့် ပြန်၍ လက်ပြ နှုတ်ဆက်လိုက်ကြသည်။

စက်လှေက တစ်စတစ်စ အရှိန်ရလာသည်နှင့် ကျွန်း ကလေးမှာ တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့၏ရွာသည် အနောက်ရိုးမနှင့်နီး၍ အိမ်ခြေယာခြေဆိုရလျှင်လည်း သုံးဆယ်ခန့်သာ ရှိသည်။ ထိုသုံးဆယ်သာရှိသော ရွာနှင့် တစ်ခေါ်သာသာ ဝေးသော ကျွန်တော်တို့အစုမှာမူ အိမ်ခြေငါးအိမ်သာရှိလေသည်။ အားလုံးမှာ ဆွေမျိုးသားချင်းတွေချည်း ဖြစ်ကြ၏။ ထို့ကြောင့် ကျွန်တော်တို့ အစုကို ငါးအိမ်စု၊ ငါးအိမ်တန်းဟု ခေါ်ကြ၏။

ကျွန်တော်တို့ ငါးအိမ်စု၏ တောင်ဘက်တစ်ခေါ်သာသာလောက်ရှိ လယ်ကွင်းထဲမှာတော့ ကုန်းတန်းတစ်ခုရှိသည်။ ထိုကုန်းတန်းကို ကျွန်တော်တို့ ကျောင်းသားအရွယ် ခေတ်က "ကျပ်ကုန်း" ဟု ခေါ်ကြ၏။ ဘယ်အချိန် ဘယ်ကာလကစပြီး ခေါ်လာကြမှန်းတော့ ကျွန်တော်တို့လည်းမသိ။ အဘိုးအဘွားတို့ ငယ်ငယ်ကပြောကြသည်မှာ ထိုကုန်းမှာ ကျပ်ခုကြီးတစ်ခု ရှိသည်။ ထို့ကြောင့် ထိုကုန်းကို ကျပ်ကုန်းဟု ခေါ်ကြသည်ဟု ဆိုသည်။

တစ်ချို့ အဘိုးကြီး အဘွားကြီးတွေ ပြောကြပြန်သည်မှာ သူတို့ ငယ်ငယ်တုန်းက ထိုကုန်းကို "သူဌေးကုန်း" ဟုခေါ်သည်ဆို၏။ ကျွန်တော်တို့ တစ်ရွာလုံး ယခုလက်ရှိ လုပ်ကိုင်စားသောက်နေကြသော လယ်တွေမှာ ထိုလယ်ပိုင်ရှင် သူဌေးကြီး၏ လယ်များချည်းဟု ဆိုသည်။

ထိုကျပ်ကုန်းမှာ တစ်ချိန်တုန်းက သူဌေးကြီး၏ အိမ်ပျက်ကြီးတစ်ဆောင် ရှိသည်။




www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်ပျက်ကြီးကို အဘိုးတို့ အဘွားတို့ မှီလိုက်သည်ဟု ဆိုသည်။ ထို့ကြောင့် အဘိုးတို့ အဘွားတို့ အဖိုးတို့ကတော့ သူဌေးကုန်းဟု ခေါ်ခဲ့ကြကြောင်း ပြောသည်။

သည်လိုနှင့် မြန်မာနိုင်ငံ လွတ်လပ်ရေးခေတ်ဦးကို ရောက်လာသည်။

ကျွန်တော်တို့ရွာနှင့် သုံးမိုင်ခန့် ဝေးသော မင်းရွာတွင် တောခိုလာကြသော အလံဖြူတွေက ရုံးစိုက်ကြသည်။ လောကဓါတ် ကျောင်းတစ်ကျောင်းကိုလည်း ဖွင့်ပေးသည်။ မင်းရွာမှာ အိမ်ခြေ သုံးရာကျော် ရှိသဖြင့် ရဲဘော်ဖြူတို့၏ ဌာနချုပ် မြို့တော်ဟု ပြောကြသည်။ ထိုမင်းရွာကျောင်းက ကျောင်းဆရာလေးတစ်ယောက်သည် သူ့ကျောင်းသားကြီး လေးငါးယောက်နှင့် အတူ တစ်နေ့ ကျွန်တော်တို့ ရွာကို ရောက်လာကြသည်။

ကျွန်တော်တို့ ရွာနားဝန်းကျင်တွင် ထူးထူးခြားခြား ကြည့်ရှုလေ့လာစရာဆို၍လည်း ဘာမှမရှိ။ ထိုအခါ သူဌေးကုန်း၊ ကျပ်ကုန်းဆိုသော ထိုကုန်းကို ဆရာလေးတို့အဖွဲ့က လူပြောသူပြောနှင့် ကျပ်ကုန်းဆိုတာ ဆရာလေးက မမြင်ဖူးမကြားဖူး ဆိုပြီး ရောက်သွားကြသည်။

ထိုသူဌေးကုန်း၊ ကျပ်ကုန်းတွင် ထူးထူးခြားခြားဆို၍ မောင်ရင်ဆိုင်ထမ်းပိုး တန်းစီပေါက်နေသော ဆီးပင်သုံးပင် ရှိသည်။ အမှန်က ကုန်းပေါ်တွင် ဆီးပင်သုံးပင် ပေါက်နေသည်မှာတော့ ဘာမှမထူးခြား။ ကျွန်တော်တို့ တစ်ရွာလုံးမှာလည်း





ဆီးပင်များ ရှိနေသည်သာ။

ထိုဆီးပင်သုံးပင်၏ ထူးခြားချက်မှာ အဖိုးအဘိုးအဖေတို့ ပြောသလို ဆိုလျှင်တော့ ထူးဆန်းသည်ဟု ဆိုရမည်။ အဘယ့်ကြောင့်ဆိုသော် ထိုဆီးပင်သုံးပင်သည် နှစ်ပရိစ္ဆေဒ မည်မျှကြာကြာ ကြီးမလာခြင်းပင်။ အဖိုးတို့ခေတ် အဖိုးတို့ခေတ် အဖေတို့ခေတ်မှာလည်း ထိုဆီးပင်သုံးပင်သည် လူနှစ်ရပ်ကျော်ခန့်က လွဲပြီး ကြီးမလာဟု ဆိုသည်။ ယခု ကျွန်တော်တို့ခေတ် ကိုးနှစ် ဆယ်နှစ်သား အရွယ်မှာလည်း လူနှစ်ရပ်ကျော်သာ မြင့်၏။ အဖိုးတို့ခေတ်က ရေတွက်လျှင် မျိုးဆက်လေးဆက်ခန့် ရှိနေပြီ။ ထိုဆီးပင်က သေမည်ဆိုကလည်း သေသင့်ပြီ။ ရှင်နေလျှင်လည်း မြင့်လာကြီးလာသင့်ပြီ။ သို့သော် ထိုဆီးသုံးပင်ကား သည်အတိုင်း သည်အတိုင်းသာ။ ကြီးလည်းမလာ သေလည်းမသေ။ ထို့ကြောင့်လည်း ကျောင်းဆရာလေးက သူ လေ့လာကြည့်မည်ဟု ဆိုခြင်း ဖြစ်သည်။

ထိုဆီးပင် သုံးပင် ကြီးမလာသည်ကို သူဌေးကြီးက ကျိန်စာတိုက်ထားခဲ့သည်၊ သို့မဟုတ် ထိုကုန်းအောက်မှာ ကျပ်ရွှာကြီး ရှိနေသဖြင့်ဟု ကျွန်တော်တို့ ရွာသူရွာသားတွေက ယုံကြည်နေကြသည်။ ထိုသတင်းကြောင့်လည်း လက်ဝဲ အယူအဆကြီးမားသော ကျောင်းဆရာလေးက ထိုကုန်းကို သူ့တပည့် လေးငါးယောက်နှင့် အပေါ်လွှာမြေတွေကို တူးဆြွကြပြီး စမ်းသပ်နေကြသည်။ ဤသည်ကိုပင် အယူသည်းကြသူ ရွာသား



www.burmeseclassic.com

www.burmeseclassic.com



များက သိုက်လာတူးကြသည်ဟု အစက ထင်ခဲ့ကြသည်။

ရွာသူရွာသားတွေ ထိုသို့ ထင်ကြသည်ကိုလည်း အပြစ်တော့ မပြောသာ။ အဘယ့်ကြောင့်ဆိုသော်. . . ယခင်နှစ်များကလည်း သုံးနှစ်တစ်ခါ လေးနှစ်တစ်ခါ ဆိုသလို သူစိမ်းဧည့်သည်များ ရွာကို ရောက်လာဖူးကြသည်။ သူတို့က နွားဝယ်မလိုလို သရက်ခြံ လာချူပ်သလိုလို နာနတ်ခြံ လာချူပ်သလိုလိုနှင့် ရောက်ရောက်လာတတ်ကြသည်။ တစ်နှစ်ကဆိုလျှင် နှစ်ဖွဲ့ သုံးဖွဲ့ပင် ဟိုယောင်ယောင် သည်ယောင်ယောင် ရောက်လာတတ်ကြသည်။

ထူးခြားသည်မှာ ဟိုလိုလိုသည်လိုလို ဧည့်သည်တိုင်းသည် ထိုသူဌေးကုန်း၊ ကျပ်ကုန်းကိုလည်း မေးတတ်ကြသည်။ သူတို့ကိုယ်တိုင်လည်း ထိုကုန်းကို သွားပြီး လေ့လာကြသည်။ သို့သော် ယခု ကျောင်းဆရာလိုတော့ ထိုကုန်းကို တူးကြွှကြ မလုပ်ကြပေ။

ရွာသူရွာသားတွေကို သူတို့ မေးတာက ဆီးသုံးပင် ရှိတဲ့ကုန်း၊ ထိုကုန်းထဲက ဆီးသုံးပင်တွင် မည်သည့်အပင်က ခါးသနည်း။ သူတို့အမေးကို ရွာသူရွာသားတွေကလည်း အမှန်အတိုင်းပင် ပြောခဲ့ကြသည်။ ဆီးသုံးပင်တွင် မည်သည့်အပင်မှ မခါးပေ။ ဆီးသီးများ မှည့်ချိန်တွင် ကျွန်တော်တို့ပင် နွားကျောင်းရင်း ထိုကုန်းကို ရောက်ကြ၍ ဆီးသီးတွေ ခူးစားဖူးကြသည်။ ဘယ်အပင်မှ မခါး။ အားလုံး ဆီးချိုပင်ချည်းပင်။ ချိုလိုက်သမျှ





ရွာက ဆီးပင်များထက်ပင် ချို၏။ အလုံးတွေကမူ အပင်မကြီးနိုင်၍လား မသိ။ နည်းနည်း ညက်သည်။ သို့သော် ကျပ်ကုန်းဆိုသဖြင့် ကျွန်တော်တို့က အဖော်ပါမှ ထိုကုန်းကို သွားရဲကြသည်။

အာဂန္တု ဧည့်တစိမ်းတွေက ရွာသူရွာသားတွေ ပြောတာ မယုံလို့လား မသိပေ။ ဆီးသီးမှည့်ချိန်တွင် တချို့က တကူးတက ရောက်လာပြီး သူဌေးကုန်း၊ ကျပ်ကုန်းကို သွားပြီး သူတို့ကိုယ်တိုင် ခူးစားကြည့်ကြသော ဧည့်သည်များလည်း ရှိသည်ဟု လူကြီးတွေက ပြောကြသည်။ ဘယ်သူ စားကြည့်ကြည့် ဆီးသုံးပင်တွင် ဘယ်အပင်ကမှ မခါး။ အကုန်လုံး ဆီးချိုပင်တွေချည်း။

သူတို့ ဆီးခါးပင်ကို တကူးတက လာရှာကြတာ ဆေးဘက်ဝင်၍ ဆေးအစွမ်းထက်သော ဆေးတစ်ဖုံဖုံ ဖော်လို၍ဟု ရွာသူရွာသားတွေက ယူဆကြသည်။

ယခု ကျောင်းဆရာလေးကတော့ ဆီးခါးသီး မရှာ။ မြေကြီးကိုသာ သံတူရွင်းနှင့် တူးဆွကြည့်ကြသည်။ ရွာသူရွာသားတွေက ဆရာလေးသည် ပညာတတ် ပညာရှိ ဖြစ်သဖြင့် သိုက်စာ ရထား၍ လာပြီး သိုက်တူးနေပြီ။ ရွှေရမလား၊ ငွေရမလား၊ ရွှေအိုးတွေ့မည်လား၊ ငွေအိုးတွေ့မည်လားနှင့် ရွာသူရွာသားတွေက ရင်တမမ၊ နားတစွင့်စွင့် ဖြစ်နေကြ၏။ အကယ်၍ ရဲဘော်ဖြူတို့၏ ကျောင်းဆရာ မဟုတ်လျှင်တော့ သူကြီး



www.burmeseclassic.com

www.burmeseclassic.com



အမိန့်နှင့် သူဌေးကုန်း၊ ကျပ်ကုန်းကို မတူးမဆွရန်ပင် ဟန့်တားကောင်း ဟန့်တားကြပေလိမ့်မည်။

ဆရာလေး လာတူး၍ ရွှေအိုးငွေအိုး ရလျှင်လည်း ရွာသူရွာသားတွေမှာ တစ်ကျပ်တစ်ပြားပင် မရလိုက်ဘဲ သူတို့ ပါတီ ရန်ပုံငွေသာ ဖြစ်သွားမည် မဟုတ်ပါလား။ ထိုကုန်းကို မတူးမဆွရန် ဟန့်တားကြရမည့် နောက်တစ်ကြောင်းမှာ ဆရာလေးက ညွှေ်အာဂန္တု။ တစ်ရွာတစ်ကျေးက လာပြီး သူတို့ အိမ်ယာတွေကို တူးဆွ ဖျက်ဆီးရမည်လားဟု ကျပ်တွေက ဒေါသထွက်လျှင် ဆရာလေးကို လုပ်မည်မဟုတ်။ ဆရာလေး လုပ်ချင်သလို လာလုပ်နေသည်ကို မဟန့်တားရကောင်းလားဟု ကျပ်တွေက ရွာသားတွေကိုသာ ဒုက္ခပေးပေလိမ့်မည်။ သို့သော် တောအစိုးရ ဖြစ်သော ကျောင်းဆရာကိုမူ မည်သူမျှ မဟန့်တားရဲကြ။ ရဲဘော်ဖြူဆိုသူတို့မှာ ထောင်ရှိသူများ မဟုတ်ကြ။ ဤသည်ကို ရွာသူရွာသားတွေက ဖိန့်ဖိန့်တုန်အောင် ကြောက်နေကြရသော ကာလကြီး။

ထို့ကြောင့်လည်း မင်းရွာကျောင်းဆရာလေးက သူ့တပည့်ကြီး လေးငါးယောက်နှင့် သူဌေးကုန်း၊ ကျပ်ကုန်းကို ဟိုနေရာ တူးလိုက်၊ သည်နေရာ ဆွလိုက်နှင့် ထိုကုန်းကို ထင်တိုင်းကျဲနေသည်။ တစ်မနက်ပင် မကြာ ဆရာလေးတို့အဖွဲ့က အတူးအဆွ ရပ်ပြီး ပြန်လာကြသည်။ ပြီးတော့ ရွာသူရွာသားတွေကို ပြောထားခဲ့သည်။





"ခင်ဗျားတို့ ထင်ကြသလို ဘာသူဌေးကုန်း ကျပ်ကုန်းမှ မဟုတ်ဘူးဗျို့၊ ကျောက်ကုန်း. . . ကျောက်ကုန်း၊ ဒီကျောက်ကုန်းမှာ မြေသားဆိုလို့ အပေါ်လွှာ တစ်တောင်တစ်မိုက်ပဲ ရှိပြီး အောက်က ကျောက်ဖျာကြီး ခံနေတာဗျ၊ ဆီးပင်တွေ မကြီးနိုင်တာလည်း အဲဒီလို အောက်က ကျောက်ဖျာကြီး ခံနေလို့ပဲ၊ အဲဒါ ကျုပ် နာမည်ပေးထားခဲ့မယ်၊ ဒီဆီးသုံးပင်ကုန်းကို ဒီနေ့ ဒီအချိန်က စပြီး ဘယ်သူမှ သူဌေးကုန်း၊ ကျပ်ကုန်းလို့ မခေါ်ကြနဲ့တော့၊ "ကျောက်ကုန်း" လို့ပဲ ခေါ်ကြ၊ ခင်ဗျားတို့က ကျပ်ကုန်းလေး ဘာလေးနဲ့ လုပ်နေ ခေါ်နေကြရင်တော့ ကလေးတွေလည်း စိတ်ပိုင်းဆိုင်ရာ ညံ့ဖျင်းသွားမယ်၊ အဲဒါကြောင့် ကဲ. . . ဒီနေ့ဒီအချိန်ကစပြီး ဆီးသုံးပင်ကုန်းကို ကျောက်ကုန်းလို့ပဲ ခေါ်ကြတော့နော်"

ဆရာလေးက ရဲဘော်ဖြူ။ ရဲဘော်ဖြူထဲမှာလည်း ပညာတတ် ကျောင်းဆရာဆိုတော့ ဆရာလေးစကားကို ဘယ်လူကြီးကမှ တစ်ခွန်း ပြန်မပြောရဲကြ။

"ဟုတ်ကဲ့ပါ. . . ဆရာလေး အမိန့်ရှိသွားတာ အင်မတန် သဘာဝလည်း ကျပါတယ်၊ ကျွန်တော် ကျွန်မတို့ ဒီနေ့ ဒီအချိန်က စပြီး အားလုံး "ကျောက်ကုန်း" လို့ ခေါ်ကြမှာပါ ခင်ဗျား" ဆိုပြီး အာမဘန္တေ ခံလိုက်ကြ၏။ ဆရာလေး စကားကို ကာလသားများနှင့် ကျွန်တော်တို့ လူငယ်များကတော့ နှို၍ သဘောကျကြလေသည်။ သည်လိုနှင့် ကျွန်တော်တို့ခေတ်ကာလ တစ်လျှောက်လုံး သူဌေးကုန်း၊ ကျပ်ကုန်းကို ကျောက်



www.burmeseclassic.com

www.burmeseclassic.com



ကုန်းဟု ပြောင်းခေါ်လာကြသည်။

သည်လိုနှင့် (၁၉၅၈)ခုနှစ်တွင် ရဲဘော်ဖြူများ လက်နက်ချ အလင်းဝင်ကြရာ မင်းရွာ ဌာနချုပ်က ရဲဘော်ဖြူများ အားလုံး ပျောက်ကွယ်သွားကြလေသည်။ ထိုအခါ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ရွာကြီးဖြစ်သော မင်းရွာ၌ အလယ်တန်းကျောင်း ဆေးပေးခန်းနှင့် ရဲဌာနတို့ပါ အတည်တကျ ရှိလာသည်။ သောင်းကျန်းသူများ ချုပ်ငြိမ်းသွားသဖြင့် ပတ်ဝန်းကျင် ရွာများအားလုံး အေးအေးချမ်းချမ်း ဖြစ်သွားလေသည်။

ထိုအချိန်အခါမှာလည်း "ဆီးသုံးပင် တစ်ပင်ခါး" ကိစ္စက ပေါ်လာပြန်သည်။ လူစိမ်းဧည့်သည် သုံးလေးယောက်သည် ရွာကို ရောက်လာကြပြီး ဆီးသုံးပင် ရှိရာ ကုန်းကို မေးလာကြပြန်သည်။

ဟိုတုန်းကအတိုင်းပင် ရွာသူရွာသားများကလည်း ဆီးသုံးပင်ကုန်း၊ သို့မဟုတ် သူဌေးကုန်း၊ သို့မဟုတ် ကျပ်ကုန်း၊ သို့မဟုတ် ကျောက်ကုန်း သုံးမည်ရ သုံးခါပြောင်း ဆီးသုံးပင်ကုန်းကို လက်ညှိုး ညွှန်ပြလိုက်ကြသည်။ မကြာမကြာ ဆီးသုံးပင်ကုန်းကို လာမေးကြ၊ ဆီးသုံးပင်တွင် အဘယ်ပင် ခါးသနည်းဟု လာမေးကြ၊ သွားရောက်ပြီး ဆီးသီးစားကြည့်ကြသူတွေမှာလည်း ယခင်က မကြာမကြာ ရောက်လာ စုံစမ်းကြသဖြင့် ကျွန်တော်တို့ ရွာသူရွာသားများအတွက် ဤကိစ္စမှာ ရိုးနေပြီ ဖြစ်သဖြင့် ထိုဧည့်သည်များကိုလည်း ဘယ်လူမှ ဂရုမထားကြတော့။





သည်လိုနှင့် ထိုဧည့်သည်များ ပြန်သွားကြသည်။ သို့မဟုတ် ရွာက ပျောက်သွားကြပြန်သည်။

ထိုဧည့်သည်များ ပျောက်သွားပြန်သွားကြပြီး တစ်ပတ်လောက်အကြာတွင် ရွာက ထိုဆီးသုံးပင်ကုန်းသို့ နွားကျောင်းရင်း ရောက်သွားကြသော ကိုခွေးတို့ ညီအစ်ကိုသည် နွားတွေကို ပစ်ထားခဲ့ကြပြီး ရွာသို့ ပြေးလာကြသည်။ ရွာ၌ တွေ့သော လူကြီးများကို အူယားဖားယား ပြောပြကြသည်။

ထိုအခါမှ ရွာက လူကြီးများလည်း ဆီးသုံးပင်ကုန်းကို ပြေးသွားကြည့်ကြရာ ကိုခွေးတို့ ညီအစ်ကို ပြောသလို ဆီးသုံးပင်ရှိသော အထဲက အလယ် ဆီးပင်ရင်းကို ခါးလောက်အနက် တူးထားရာနှင့်အတူ ထိုကျင်းထဲက သေတ္တာကြီးတစ်လုံးကိုလည်း ဖော်ယူသွားကြသည့်အရာကို တွေ့ကြရလေသည်။

ထိုအခါမှ ရွာသူရွာသား ကလေးသူငယ် ကျွန်တော်တို့ပါမကျန် စိတ်ထသတ်သတ်နှင့် "ဆီးသုံးပင် တစ်ပင်ခါး" ဆိုသည်ကို သဘောပေါက်သွားကြလေသည်။ သို့သော် မသိသူများမှာ မိမိရွာနား၌ ရှိနေခဲ့သော ရတနာများကို မရလိုက်ကြဘဲ သိသူများကသာ တူးဖော်ယူသွားကြသည်ကို စိတ်သတ်ရုံကလွဲပြီး ဘာမှ မတတ်နိုင်ကြတော့ချေ။

ဖိုးကျော့



www.burmeseclassic.com

www.burmeseclassic.com




(၀၉၅၀)ခုနှစ်ဝန်းကျင်အချိန်က ရောဝတီတိုင်း၊ ဇမ်ာကျွန်း၊ ဘိုကလေးမြို့နယ်အတွင်း သစ်တောများထဲ၌ ရက်ပိုင်း လပိုင်းတွင်ကမှ နယ်ပြောင်း ရောက်ရှိလာသော ဆင်ကြီး တစ်ကောင်ကြောင့် သစ်တော အလုပ်သမားများ အလုပ်ဖြောင့်အောင် မလုပ်ပုံကြဘဲ အခက်အခဲ တွေ့နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခင်က သာမန်တောကောင်ငယ်ကလေးများလောက် သာ ရှိသော ပသီတောတန်းများထဲသို့ ဆင်ကြီးရောက်လာပုံ ဆန်းသည်။ အနီးကပ် တွေ့ဖူးကြုံဖူးသူများ ပြောပြချက်အရ ဆင်ကြီးမှာ အရွယ်အစား ကြီးမားသော ဟိုင်းဆင်ကြီး ဖြစ်ပြီး ၎င်း၏ခြေထောက်တွင် သော့ခလောက်ကြီးတစ်လုံး ခတ်လျက် သားနှင့် သံကြိုးအပိုင်းအပြတ်ကြီးတစ်ခုက တန်းလန်းပါနေ သည်ဟု ဆိုသည်။ သို့ကြောင့် ပသီ သစ်တောစခန်းမှ အလုပ် သမားများ၊ ရွာသားများက ၎င်းဟိုင်းဆင်ကြီးအား 'သံကြိုးဗိုလ် ဟု လွယ်လင့်တကူ အမည်ပေးထားသည်။

ဆင်ကြီးသည် ပသီတောနက်ထဲတွင် တစ်ကောင်တည် လှည့်လည် ကျက်စားနေဟန် ရှိပြီး တစ်ခါတစ်ရံ တောစပ်အထိ ဆင်းလာတတ်ပြီး တောစပ်တွင် စိုက်ထားသော လယ်ရိုင်း စပါး စိုက်ခင်းအထိ ဆင်းလာတတ်သည်။ တစ်ခါတစ်ရံလည်း ပသီမြစ် ကမ်းတွင် ရပ်ပြီး မြစ်တွင်းမှ သွားလာနေကြသော လှေ၊ သမ္ဗန် များကို ငေးကြည့်နေတတ်သည်။ ထိုဆင်ကြီးမှာ အကြောင်းမ တော့ သူများကို ရန်ရှာလေ့ မရှိပေ။ သူ့အား ထိခိုက်နာကျင် အောင် ပြုလုပ်မိပါက ဒေါသကြီးစွာဖြင့် လိုက်လံ တိုက်ခိုက်လေ့ ရှိပြီး ထိုအခါ လယ်ကွက်များအထိ ရောက်လာတတ်ရာ ရွာသူ ရွာသားများမှာ ထိတ်လန့် တုန်လှုပ်မှု ဖြစ်ကြရပြီး ဆင်ကြီး သတင်းမှာ ပျံ့နှံ့လာကာ သစ်တောဌာနမှ ကြားသိသဖြင့် ၎င်း ဆင်ကြီးကို လက်ရ ဖမ်းဆီးနိုင်ရန် စီစဉ်ကြတော့သည်။





အကယ်၍ အရှင်ဖမ်းဆီးကြရာတွင် အန္တရာယ် တွေ့ လာပါက အလုပ်သမားများအတွက် အနှောင့်အယှက် ကင်းစေ ရန် အသေဖမ်းဆီးရန် အမိန့်ထုတ်ထားသည်။ ဆင်ပစ်အဖွဲ့များ လည်း ဆင်းလာကြသည်။

ထိုရက်အတောအတွင်းမှာပင် ပသီရွာသို့ အဘွားအို တစ်ဦး ရောက်လာတော့သည်။ ထူးဆန်းစွာ ရောက်လာသော ထိုမျက်နှာစိမ်း အဘွားအိုတွင် သော့ကြီးတစ်ချောင်းလည်း ပါလာသည်။

အကျိုးအကြောင်း မေးကြည့်သောအခါ "သူ့သားနဲ့ တွေ့ရအောင် လာတာပါ" ဟု ဆိုသည်။

၎င်း၏သားမှာ မည်သူမည်ဝါ ဖြစ်ကြောင်း ထပ်မံ မေးကြည့်သောအခါ အဘွားအိုက ၎င်း၏သားမှာ အခြားသူ မဟုတ်၊ ပသီတောထဲတွင် ရောက်နေသော ဆင်ကြီးဖြစ်သည်ဟု ပြောပြသောအခါ အံ့သြကြရသည်။ ထိုအကြောင်းကို မေးကြည့် သောအခါ အဘွားအိုထံမှ ဆင်ကြီးနှင့် ပတ်သက်သည့် စိတ်ဝင် စားဖွယ် ကောင်းသော အဖြစ်အပျက်များကို ကြားကြတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com





( ၂ )

ပသီနှင့် နယ်ချင်း စပ်လျက် ရှိသော ကမာဟော

တောနက် တစ်နေရာတွင် ဖြစ်သည်။ လေပြင်းမုန်တိုင်းမှာ အ

ကြီးစွာဖြင့် တိုက်ခတ်လျက် ရှိသောကြောင့် သစ်ပင်ကြီးငေ

အသွယ်သွယ်တို့မှာ အမူးလွန် အရက်သမားများသဖွယ် ယိမ်းင

လူပ်ရှားလျက် ရှိကြပြီး သက်ရှိသတ္တဝါကြီးငယ်တို့မှာ လေမိုးလွ

ရာသို့ အလုအယက် ပြေးဝင်နိုင်ကြရန် ကြိုးစား လှုပ်ရှားနေ

သည်။





ထိုကြားထဲမှာပင် တဖြောင်းဖြောင်းနှင့် ကျိုးပဲ့ လွင့်စင်လာသော သစ်ပင်သစ်ကိုင်းများအောက်ဝယ် အသက်ပျောက်သွားကြသော သတ္တဝါများလည်း မနည်းလှပေ။

ထိုအချိန်တွင် တောတွင်း တစ်နေရာရှိ ညောင်လန်းပင်ကြီး တစ်ပင်အောက်သို့ မုန်တိုင်း ဒုက္ခသည်နှစ်ဦး ရောက်လာကြသည်။ သစ်ခုတ်သမားများ ဖြစ်ကြပြီး တစ်ဦးမှာ အမျိုးသမီးဖြစ်သည်။ နှစ်ဦးစလုံးမှာ အသက်လေးဆယ်ကျော်ဝန်းကျင်အရွယ်များ ဖြစ်ကြသည်။

"လေက တအားထန်နေတယ်၊ ဒီပုံနဲ့တော့ ခရီးဆက်လို့ဖြစ်မှာ မဟုတ်ဘူး၊ မတော်လို့ သစ်ပင်ပိရင် စိစိညက်ညက်ကြေသွားနိုင်တယ်"

"ဟုတ်တယ် ကိုဘရင်၊ မိုးလေငြိမ်အောင် စောင့်ပြီးမှပြန်ကြတာပေါ့ရှင်၊ ဒီလို တစ်ခါမှ မကြုံဖူးတော့ ကျုပ်ဖြင့်ကြောက်လိုက်တာ လွန်ပါရော"

နှစ်ဦးသား အတန်အသင့် လုံခြုံမှု ရရှိနိုင်သော ညောင်လန်းပင် နံဘေးသို့ ခိုဝင်နေကြရင်း ပတ်ဝန်းကျင်သို့ မျက်စိသူငယ်ဖြင့် လှမ်းကြည့်နေကြရာ မလှမ်းမကမ်းဆီမှ မိမိတို့ ရှိရာသို့ တရွေ့ရွေ့ တိုးဝင်လာနေသော အရိပ်သဏ္ဌာန်တစ်ခုကို လှမ်းမြင်လိုက်ရသည်။

"ဟော့. . . ဟိုမှာ ဘာလဲ"

တရွေ့ရွေ့ လှမ်းလာနေသော သတ္တဝါသည် ညောင်



www.burmeseclassic.com

www.burmeseclassic.com



လန်းပင် အောက်သို့ နီးလာသည်။

"ဟာ. . . ဆင်ပေါက်ကလေး တစ်ကောင်ပါလား"

မလှမ်းမကမ်းသို့ ရောက်လာသော ဆင်ပေါက်ကလေးသည် သူတို့ကို လှမ်းမြင်သောအခါ ခေတ္တရပ်ကြည့်နေပြီး ရန်မူလိုသည့် အရိပ်အယောင် မတွေ့တော့မှ အနီးသို့ တိုးဝင်လာသည်။

အနီးသို့ ရောက်သောအခါ ဆင်ပေါက်ကလေးမှာ ဒဏ်ရာတစ်ခု ရထားဟန် ရှိပြီး ကတုန်ကယင် ဖြစ်နေကာ သူ၏ ရှေ့လက်တစ်ဖက်ကို မြှောက်ထားသည်။

"သူ့လက်မှာ ဒဏ်ရာရထားတယ် ထင်တယ် မငွေရင်၊ တို့ သူ့ကို တစ်ခုခု လုပ်ပေးနိုင်ရင် ကောင်းမလား"

"ကျုပ်တော့ ကြောက်တယ်၊ တော်ကြာ နင်းသတ်လိုက်မှဖြင့် ဒုက္ခ"

မိန်းမသားပီပီ တွေးပူရှာသည်။

"ဒီအချိန်မှာ တို့လဲ ဒုက္ခသည်၊ သူလဲ ဒုက္ခသည်၊ ဒီလို ဒုက္ခပေးမယ်တော့ မထင်ပါဘူး၊ ငါ စမ်းကြည့်ရအောင်"

"ရှင် အတင့်မရဲနဲ့နော် ကိုဘရင်"

ကိုဘရင်က ဆင်ပေါက်ကလေးအနီးသို့ တိုးကပ်သွားသည်။ လက်တကမ်းအကွာသို့ ရောက်သည့်တိုင် ရန်မူမည့် လက္ခဏာ မတွေ့ရတော့မှ မြှောက်ကြွထားသော လက်နေရာသို့ ငုံ့ကြည့်လိုက်သည်။





အမှောင်ရိပ် လွှမ်းနေသော ညောင်လန်းဖင်ရိပ်၊ မှုန်ရီအုံ့ဆိုင်းနေသော မိုးလေဝသ အခြေအနေ၊ သီဝေနေသော သူ့မျက်လုံးအခြေအနေများကြောင့် သဲကွဲစွာ မမြင်ရပေ။

အနီးသို့တိုင် တိုးကပ်ပြီး အသေအချာ ငုံ့ကြည့်ကြတော့မှ ဆင်၏ ရှေ့လက်တစ်ဖက်တွင် သစ်ငုတ်စူးထားသော ဒဏ်ရာတစ်ခုကို မြင်ရသည်။ ငုတ်တန်းလန်းနှင့် ဒဏ်ရာမှာ ရွံ့များနှင့် သွေးများ ရောနေသည်။

"သြော်. . . သူ့ခမျာ ဒဏ်ရာရထားတာကိုး၊ ကဲ. . . မငွေရင်ရေ၊ တို့ သူ့ကို ကူညီကြရအောင်"

ထိုသို့ပြောပြီး ကိုဘရင်က ဆင်လက်မှ စူးနေသော ငုတ်ကို ခက်ခက်ခဲခဲ ဆွဲနှုတ်ရသည်။ ရှားနှစ်ငုတ် ဖြစ်သောကြောင့် အတော့်ကို ကြိုးစားနုတ်မှ ရသည်။ ငုတ်ကျွတ်သွားသောအခါ ထိုနေရာမှ သွေးများ ထွက်လာသည်။

ထိုနေရာသို့ ရေနွေးကြမ်းများဖြင့် စင်အောင် ဆေးပြီး ကိုဘရင် ငုံသော ဆေးရွက်ကြီးများကို ဝါးချေပြီး အနာထဲသို့ ထိုးသွင်းလိုက်သည်။ ထို့နောက် မငွေရင် ခေါင်းပေါင်း ပုဆိုးစုတ်နှင့် တင်းနေအောင် စည်းပေးလိုက်သည်။

ဆင်ပေါက်ကလေးသာ စကားပြောတတ်ပါမူ သူတို့နှစ်ဦးအား ကျေးဇူးတင်ကြောင်း ပြောလေဦးမလား မသိ။ ငြိမ်သက်စွာ စိုက်စိုက် ငုံ့ကြည့်နေသည်။

"အင်း. . . ဒီဆင်ပေါက်ကလေးဟာ တို့ရဲ့ အတော့်ကို



www.burmeseclassic.com

www.burmeseclassic.com



ကံဆိုတယ်၊ ကံတူအကျိုးပေးဆိုရင် ပိုပြီးမှန်မယ်၊ သူလိုက်မယ် ဆိုရင် ရွာကို ခေါ်သွားပြီး မွေးတောင် ထားလိုက်ချင်သေးတယ်"

"တော်ကလဲ ကြံကြံဖန်ဖန်၊ တောထဲက ဆင်ကို ဘယ်လို လုပ် ခေါ်လို့ရမှာလဲ"

"သူ မလိုက်တာတော့ ငါမသိဘူး၊ ငါမွေးချင်တဲ့ အကြောင်းကို ပြောတာ"

အတန်ကြာသော် မိုးသက်မုန်တိုင်း အစွယ်ကျိုးသွားတော့သည်။ ပိန်းပိတ်အောင် မှောင်နေသော တောထဲတွင် အလင်းရောင်များ ဟိုတစ်စသည်တစ်စ ပေါ်လာသည်။ ခိုက်ခိုက်တုန်အောင် ချမ်းလှပြီ ဖြစ်သော ကိုဘရင်တို့ လင်မယားလည်း ရွာသို့ ပြန်ရန် ဆင်ပေါက်ကလေးကို နှုတ်ဆက်ပြီး ညောင်လန်းပင်အောက်မှ ထွက်လိုက်၍ ခရီးဆက်ကြသောအခါ ဆင်ပေါက်ကလေးမှာ ထော့ကျိုးထော့ကျိုးနှင့် သူတို့နောက်မှ လိုက်လာသည်ကို အံ့ဩဖွယ်ရာ တွေ့ရတော့သည်။







( ၉ )

မိမိတို့ ရင်ဖြင့် လွယ်မွေးထားရသော သားအရင်း သဖွယ် သံယောဇဉ်ကြီးစွာဖြင့် ကျွေးမွေးစောင့်ရှောက်ခဲ့ရသော ဆင်ပေါက်ကလေးသည် နှစ်အတန် ကြာသောအခါ အစွယ် ရောက်သော ဆင်ကြီးတစ်ကောင် ဖြစ်လာတော့သည်။

ထိုအခါ သူ တတ်နိုင်သမျှ ပြန်လည် အလုပ်အကျွေး ပြုပေးလေ၏။ သူ၏အမည်ကိုပင် ချစ်စနိုးဖြင့် 'ကံကောင်း' ဟု အမည်ပေးထားကြသည်။ ရွာထဲမှသော်လည်းကောင်း၊ ရှင်ပြု၊

www.burmeseclassic.com

www.burmeseclassic.com



အလှူပွဲ၊ မင်္ဂလာပွဲများတွင် ကံကောင်းကို ငှားရမ်း အသုံးပြုကြသည်။ အချို့ကလည်း ငွေကြေးပေး၏။ အချို့ကလည်း ဆန်စပါး ပေး၏။ မနိ၊ သစ်ဝါးများ ပေးသူက ပေး၏။

အချို့ကျတော့လည်း မေတ္တာဖြင့် ကူညီပေးရသည်များလည်း ရှိသည်။ ထို့ပြင် မိုးတွင်းအခါများတွင် သစ်ဆွဲခြင်းဖြင့် ကံကောင်းအဖို့ ဝင်ငွေရပြန်၏။ အားလုံးကတော့ သဘောကောင်းသော ကံကောင်းကို ချစ်ခင်ကြသည်။

လူနှစ်ယောက်နှင့် ဆင်တစ်ကောင်တို့ ဘဝသည် ဤနည်းဖြင့် နှစ်အနည်းငယ်အတွင်းမှာ စီးပွားရေး ချောင်လည်လာကြသည်။ ဦးဘရင်နှင့် ဒေါ်ငွေရင်တို့မှာလည်း ယခင်ကလို တောဝင်၍ ပင်ပန်းကြီးစွာ သစ်ခုတ်၊ ကြိမ်ရှာ အလုပ်များ မလုပ်ကြရတော့ပေ။

ကံကောင်း လုပ်စာနှင့်ပင် စားလောက်ရုံမက ပိုလျှံသည်များအား အလှူအတန်းများ ပေးနိုင်ကြသေး၏။ ထိုအခါ ကံကောင်းကို မျက်စိကျသူ လိုချင်သူ များလာလေတော့သည်။ ထိုအထဲတွင် ဦးစစ်မြိုင်ဆိုသူသည် အသည်းဆုံး ဖြစ်သည်။ သူက ငွေကြေးပြည့်စုံသူတစ်ဦး ဖြစ်ပြီး တရားမဝင် သစ်လုပ်ငန်းများ လုပ်ကိုင်လျက် ရှိပြီး ၎င်း၏ သစ်လုပ်ငန်းတွင် ကံကောင်းကို အသုံးချရန် အလိုရှိနေ၏။

ဦးဘရင်တို့ကသာ လက်ခံမည် ဆိုပါက ငွေကြေး တောင်းသလောက် ပေးဝယ်မည့် အခြေအနေမှာ ရှိသည်။ သည်





နေရာတွင်တော့ ဦးဘရင်ကလည်း အတော့်ကို ပြတ်သားသည်။ ဆင်ရောင်းဖို့ လာပြောသော ဦးစစ်မြိုင်အား စကားတစ်ခွန်းမျှသာ တုံ့ပြန်လိုက်သည်။

"လောကမှာ ကိုယ်မွေးထားတဲ့ သားသမီး ရင်သွေးကို ရောင်းပြီး အရင်းအနှီး လုပ်တဲ့သူများ ရှိပါသလား ဦးစစ်မြိုင်၊ တကယ်လို့ ကျုပ် မကြားဖူးလို့ ရှိတယ်ဆိုရင်လဲ အဲဒီလူဟာ လူ့စိတ်မရှိတဲ့လူပဲ ဖြစ်ရမယ်၊ တကယ်တော့ ကံကောင်းကို ကျုပ်တို့ ရင်နဲ့ လွယ်မမွေးရပေမယ့် ကိုယ့်သားသမီး အရင်းလိုပဲ သဘောထားပါတယ်ဗျာ"

ထိုစကားကြောင့် ဦးစစ်မြိုင် မျက်နှာပျက်စွာ ထပြန်ရင်း စိတ်ထဲမှလည်း. . .

"နေနှင့်ဦးပေါ့ ကိုဘရင်ရယ်"

ဟု ကြိမ်းမောင်းသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com





( ၈ )

အခြေအနေမှာ အရှင်းဆုံး အခြေအနေ ဖြစ်သည်။

လောဘဖြင့် တိုက်တွန်းလျက် ရှိသောသူသည် လောဘကို မလွန်ဆန်နိုင်ရကား ထိုသူ၏အလိုဆန္ဒ ပြည့်ဝစေရန်အတွက် တစ်နည်းမဟုတ်တစ်နည်း ကြံစည် စိတ်ကူးနေပေမည်။ အနည်းဆုံး လောဘသားတို့ ဓလေ့အတိုင်း ကိုယ်မစားရတဲ့အမဲ သဲနှင့်ပက်လေမည်သာ ဖြစ်၏။





နောက်ဆုံး ဦးစစ်မြိုင်သည် အစိုးရဌာနမှ သစ်တောဝန်ထမ်းများနှင့် ပူးပေါင်းပြီး ကံကောင်းကို သိမ်းယူရန် ကြိုးစားတော့သည်။ မကြာမီ သစ်တောဌာနမှ မိမိတို့ စီမံကိန်းများအတွင်း ဆင်များ အသုံးလိုသည်ဟု ဆိုကာ ကံကောင်းကို လာရောက် ယူကြလေသည်။

ဦးဘရင် ဒေါ်ငွေရင်တို့မှာ ဘာမှ မတတ်နိုင်တော့ဘဲ ကံကောင်းကို ပေးလိုက်ရသည်။

ကံကောင်းကို ခေါ်သွားခါနီးတွင် ဦးဘရင်တို့မှာ သားတစ်ယောက် ဆုံးရှုံးသွားသည့်နှယ် မျက်ရည်တွေတွေ ကျရင်း "အဖေတို့ အမေတို့ကို ခွင့်လွှတ်ပါ သားရယ်" ဟု နှာမောင်းကို ပွတ်သပ်၍ နှုတ်ဆက်လိုက်ကြသည်။

ကံကောင်းသည် အခြေအနေကို သိဟန်ဖြင့် လာခေါ်သူများနောက်သို့ လိုက်သွားရှာသည်။ ဦးစစ်မြိုင်၏ မျက်နှာပေါ်တွင် အောင်နိုင်သူ တစ်ယောက်၏ အပြုံးများ ဝေနေ၏။

နောက်တစ်နေ့တွင် ရွာသို့ သတင်းဆိုးတစ်ခု ရောက်လာသည်။

ထိုသတင်းကား အခြားမဟုတ်။

ကံကောင်းကို ခေါ်သွားသောအဖွဲ့သည် လမ်းခရီး တောစပ်တွင် ခေတ္တနားကြစဉ် ကံကောင်းအား ဆင်လိမ္မာတစ်ကောင် ဖြစ်သောကြောင့် ဂရုမစိုက်ဘဲ ခဏလွှတ်ထားကြသည်။ ထိုအခိုက်မှာပင် ကျယ်လောင်စွာ တစ်ချက်အော်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး မုန်ဝင်လာကာ လူများကို လိုက်လံထိုးသတ်ရာ အချို့မှာ ရှောင်နိုင်ပြီး မရှောင်နိုင်သူအချို့မှာ ဆင်ထိုးခံရသဖြင့် သေဆုံးသွားကြသည်။ ကံကောင်းလည်း ကျယ်လောင်စွာ အော်၍ တောထဲ ဝင်သွားသည် ဆိုသော သတင်းဖြစ်သည်။

ထိုသတင်းကို ကြားသောအခါ ဦးဘရင်တို့မှာ ကံကောင်း လူသတ်သွားသည်ဆိုသဖြင့် စိတ်မကောင်း ဖြစ်ကြသည်။

နောက်တစ်ရက်တွင် ကံကောင်း အိမ်ပြန်ရောက်လာသည်။ ဦးဘရင်တို့မှာ ဝမ်းသာမိသော်လည်း ကံကောင်းအတွက် စိုးရိမ်ရပြန်သည်။ ကံကောင်း ပြန်ရောက်လာပြီ သတင်းကြားသောကြောင့် ဦးစစ်မြိုင်နှင့် လက်နက်ကိုင်အချို့ ရောက်လာသည်။

"ကိုဘရင်. . . ခင်ဗျား ဆင်ကို အေးအေးဆေးဆေး ပေးမလား၊ ဒါမှမဟုတ် သတ်ပစ်လိုက်ရမလား၊ ခင်ဗျားဆင်က လူသတ်ခဲ့ပြီဆိုတော့ ကျုပ်တို့ ပစ်သတ်လို့ ရနေပြီ သိရဲ့လား၊ ဒီတော့ အေးအေးဆေးဆေး ပြန်ပေးလိုက်ပါ"

ထို့ကြောင့် ဦးဘရင်မှာ ကံကောင်းကို နားလည်အောင် ချော့မော့ပြောဆိုပြီး ဦးစစ်မြိုင်တို့နောက် ပြန်ထည့်လိုက်သည်။

သည်တစ်ကြိမ်တွင်တော့ ကံကောင်းကို ဦးစစ်မြိုင်အိမ်သို့ ခေါ်သွားပြီး ကနစိုပင်တစ်ပင်တွင် သံကြိုးဖြင့် ထုံးခတ်ထားလေသည်။ ညဉ့်နက်သောအခါ ကံကောင်း မုန်ဝင်လာပြီး သံကြိုး





ကို ရုန်းဖြုတ်ကာ လွတ်သည်နှင့် ဦးစစ်မြိုင်အိမ်အား တွန်းလှဲလေ၏။ အိမ်ပြိုသွားပြီး လူများ ကြောက်လန့်တကြား ပြေးလွှားနေသည့်ကြားမှ ဦးစစ်မြိုင်ကို ရွေးပြီး နင်းသတ်ကာ ဟူးဟူးဝါးဝါး တစ်ချက်အော်ပြီး တောထဲသို့ ဝင်သွားလေတော့သည်။

ထိုအချိန်မှစ၍ ကံကောင်းသတင်း မကြားရတော့ပေ။

"အဲဒီနောက်တော့ သူ့ခြေထောက်မှာ သော့ခလောက်ကြီး တစ်လုံးနဲ့ သံကြိုးပြတ်တစ်ပိုင်း ပါသွားပြီး တောဝင်သွားတော့တာပဲ၊ အခု အမေ့ လာတာ သူ့ကို ပြန်ခေါ်ဖို့ မဟုတ်ပါဘူး၊ သူ့ကို ပြန်ခေါ်သွားရင်လဲ လူတွေက သူ့ကို သတ်ကြမှာပဲ၊ ဒီတော့ သူ့ဘာသာ တောထဲမှာ လွတ်လွတ်လပ်လပ် နေပါစေတော့၊ သူ့ခြေထောက်က သော့ကြီးကို ဖြုတ်ပေးပြီးရင် အမေ ပြန်မှာပါ"

ရွာသားများက အဘွားအိုအား မည်သို့မည်ပုံ အကူအညီ ပေးရမည်လဲ မေးကြသော် ရေထည့်နိုင်ရန် သံပုံးတစ်လုံး ရရင် တော်ပါပြီဟု ဆိုသဖြင့် သံပုံးတစ်ပုံး ရှာပေးလိုက်ကြသည်။

ရွာသားများက အဘွားအိုအား စိတ်ပူနေကြသည်။ အဘွားအိုသည် ရေပုံးကို ဆွဲ၍ ဇတာစပ်ဘက်သို့ ထွက်သွားသည်။ ရွာသူရွာသားများက တောစိတ် ဝင်နေပြီ ဖြစ်သော ဆင်ရိုင်းကြီးကြောင့် အဘွားအိုအတွက် စိတ်မချနိုင်အောင် ရှိနေကြတော့သည်။

တောစပ်သို့ ရောက်သောအခါ အဘွားအိုက တော



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ လှည့်ကာ စူးစူးဝါးဝါး နှစ်ကြိမ်သုံးကြိမ် အော်ခေါ်လေသည်။

"ကံကောင်းရေ့ . . ကံကောင်း"

နောက်တစ်ကြိမ် အော်ခေါ်လိုက်သောအခါ တောထဲမှ မည်းမည်းသဏ္ဍာန် ဆင်ကြီးတစ်ကောင် တိုးထွက်လာသည်။ ဆင်ကြီးသည် အဘွားအိုအား မမှိတ်မသုန် စိုက်ကြည့်နေသည်။

"သား. . . သား. . ကံကောင်း၊ သားရယ်. . . မင်းကို ပြန်ခေါ်ရအောင်လို့ အမေ လာခဲ့တာ မဟုတ်ပါဘူး၊ မင်း ခြေထောက်က သံကြိုးကြီးကို ဖြုတ်ပေးရအောင် အမေ လာခဲ့တာပါကွယ်"

အဘွားအိုက ရေအိုင်ထဲမှ ရေတစ်ပုံး ခပ်ပြီး ကတုန်ကယင် ဆွဲ၍ ရှေ့သို့ တိုးဝင်သွားသည်။ ဆင်ကြီးကလည်း ရှေ့သို့ တိုးဝင်လာနေသည်။

အဝေးမှလှမ်းကြည့်နေကြသူများက အဘွားအိုအတွက် စိုးရိမ်သွားကြသည်။ လမ်းခုလတ်တွင် ဆုံမိသောအခါ ဆင်ကြီးက ရှေ့လက်တစ်ဖက်ကို အပေါ် မ,တင်ပေးလိုက်သည်။

"ကံကောင်း"

အဘွားအို၏အသံသည် တောစပ်တဝိုက် ပွဲ့တင်ရိုက်ခတ်သွားသည်။

ရုတ်ခြည်းပင် ဆင်ကြီးသည် ညှိုးငယ်ယိမ်းယိုင်သော အသွင်ဖြင့် အဘွားအိုအနီးတွင် ဝပ်ချလိုက်သည်။ ထိုအခါ





အဘွားအိုသည် ဆင်ကြီး၏ နှာမောင်းကို ပွတ်သပ် ဆုပ်နယ်ရင်း အားရပါးရ ငိုလေတော့သည်။

"သား. . ကံကောင်းရယ်"

အကယ်၍ ရွာသူရွာသားများ အနီးကပ် ကြည့်ခွင့်ရမည်ဆိုလျှင် ဆင်ကြီး၏မျက်လုံးမှ မျက်ရည်စီးကြောင်းများ စီးဆင်းနေသည်ကို တွေ့မြင်ကြရပေလိမ့်မည်။

"ငါ့သား ကံဆိုးရှာတယ်၊ ဒါပေမယ့် မင်းရဲ့ လွတ်လွတ်လပ်လပ် ဘဝထဲကို ပြန်ရောက်သွားတာ အမေ ဝမ်းသာပါတယ်၊ အမေ မင်းရဲ့ခြေထောက်က အနှောင်အဖွဲ့ကို ဖြုတ်ပေးခဲ့ယ်"

အဘွားအိုက အသင့်ယူဆောင်လာသော သော့တွဲကြီးကို ထုတ်လိုက်သောအခါ ဆင်ကြီးက နားလည်ဟန်ဖြင့် နေရာမှ ထလာပြီး ရှေ့လက်ကို အသာမြှောက်ပေးသည်။ ထိုခြေထောက်သည် ဆင်ပေါက်ကလေးဘဝတုန်းက ဒဏ်ရာရခဲ့သော ခြေထောက် ဖြစ်သည်။ ငယ်စဉ်က သူ့ခြေထောက်မှ ဒဏ်ရာကို ဆေးထည့်ပေးရန် ထိုသို့ မြှောက်ပေးခဲ့သည်ကို ကောင်းစွာ မှတ်မိနေသည်။ အဘွားအိုက ဆင်ခြေထောက်မှ သံကြိုးနှင့် သော့ခလောက်ကို ရေဆေးပေးပြီး သော့ခလောက်ကို သော့တံနှင့် ခက်ခက်ခဲခဲ ခတ်ထုတ်လေသည်။ ဆင်၏ခြေထောက်မှာ သံကြိုးတိုက်စားခြင်းကြောင့် အရေပြားများ ပွန်းပဲ့လျက် ရှိသည်။

အတန်ကြာသောအခါ သော့ပွင့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲကောင်း. . . သားကြီး၊ အခုအချိန်ကစပြီး မင်
လွတ်လွတ်လပ်လပ် သွားနိုင်ပါပြီ၊ ဒါပေမယ့် မင်းကို အ
မှာလိုက်မယ်၊ မင်း လူတွေနဲ့ နီးတဲ့နေရာမှာ မနေပါနဲ့၊ နောက်
လူတွေလဲ ရန်မမူပါနဲ့၊ အနှောင့်အယှက် မပေးပါနဲ့၊ သူ
အေးအေးချမ်းချမ်း လုပ်ကိုင်စားကြပါစေကွယ်"

ဆင်ကြီးသည် အဘွားအိုအား နှာမောင်းဖြင့် ပွေ့ပတ်
မြှောက်တင်လိုက်ပြီး စူးစူးဝါးဝါး တစ်ချက်အော်လိုက်သည်
ထိုအော်သံကို အဝေးမှ ရပ်ကြည့်နေကြသော ရွာသားမျ
ကောင်းစွာ ကြားလိုက်ရသည်။ ဆင်ကြီးသည် အဘွားအိုအ
အတန်ကြာအောင် ပွေ့မြှောက်ထားပြီးမှ အသာအယာ ပြန်
ပေးလိုက်သည်။

ထို့နောက် နောက်ဆုတ် အနေအထားဖြင့် တောစပ်
ဝင်သွားသည်။ တောစပ်သို့ ရောက်သောအခါ ကျယ်လောင်စွ
တစ်ချက်အော်ပြီး တောနက်ထဲသို့ တဖြည်းဖြည်း ဝင်ရော
ပျောက်ကွယ်သွားလေတော့သည်။

အဘွားအိုကတော့ သံကြိုးပြတ် အပိုင်းကလေးကို ကို
ကာ နေရာတွင် ကျောက်ရုပ်သဖွယ် မလှုပ်မယှက် ကျန်နေ
သည်။

ပါးပြင်ပေါ်တွင်တော့ မျက်ရည်စီးကြောင်းတွေနှင့်

ထိုအချိန်မှစ၍ နောင်သောအခါ ထိုပသီတောတ
တစ်လျှောက်တွင် "သံကြိုးဗိုလ်" ဟု အမည်တွင် နာမည်ကြီး





သော ဆင်ကြီးကို မမြင်ရ၊ မတွေ့ရ၊ သတင်းအစအနမျှပင်
မကြားရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

# လှမိုး(ပညာရေး)

## တမလွန်လောကမှ ပွဲတင်သံများ

လန်ဒန်မြို့တော်
အနောက်ပိုင်းရပ်ကွက် (West-End) ရှိ
တော်ဝင်ပြဇာတ်ရုံကြီး တစ်ခုလုံး လူစွေ
ပြည့်နေသည်။ ရုံကြီးအတွင်းရှိ ထိုင်ခုံ
(၇၀၀)ကျော်တွင် နံနက်စောစောကပင်
လူတွေ ဖွဲကောင်းကောင်းနှင့် စောင့်နေ
ကြသည်။ ပြဇာတ်ရုံကြီး၏ စကြံများပေါ်
တွင်လည်းကောင်း၊ ရုံကြီး၏ အပြင်ဘက်
တွင်လည်းကောင်း ထောင်သောင်းမက
သော လူထုကြီးသည် စိတ်ဝင်စားစွာ
လာရောက် နားထောင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်နိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးကပါ စိတ်ဝင်စားသော ဟောပြောပွဲ ဖြစ်သည်။ အမှန်အားဖြင့် ဟောပြောပွဲဟုဆိုသည်ထက် တမလွန်လောကမှ ကွယ်လွန်သူများ၏ ဝိညာဉ်နှင့် ဆက်သွယ်နိုင်မှု၊ သရုပ်ပြပွဲဟု ဆိုလျှင် ပို၍မှန်မည် ဖြစ်သည်။ အဓိက ဟောပြောမည့်သူမှာ ကမ္ဘာကျော် အလွတ်စုံထောက်ကြီး ရှားလော့ဟုမ်းကို ဖန်တီးခဲ့သော စာရေးဆရာကြီး ဆာဘွဲ့ရ ဒေါက်တာ ကိုနင်ဒွိုင်း ဖြစ်သည်။ ဆရာကြီးသည် သူ၏ နာမည်ကျော် အလွတ်စုံထောက်ကြီး ရှားလော့ဟုမ်း (မောင်စံရှား)ကို နောက်ဆုံး ဦးညွှတ်ခြင်း (The Last Bow)ဝတ္ထုတို့ကို ရေးသားခြင်းဖြင့် (ဆရာကြီး ရွှေဥဒေါင်း၏ စုံထောက်ဦးစံရှား ဝတ္ထုများတွင် ရှာမတွေ့ပါ။) အဆုံးသတ်ခဲ့သည်။ စာဖတ်ပရိသတ်များ သောကဝေဒနာ အဖြာဖြာ တွေ့ခဲ့ရ၏။ ဆရာကြီးကိုနင်ဒွိုင်း၏ ရင်းနှီးသော မိတ်ဆွေများ၊ ရှားလော့ဟုမ်းဝတ္ထုများကို တစိုက်မတ်မတ် ထုတ်ဝေခဲ့သော စာပေတိုက် ပိုင်ရှင်ကြီးများက အမျိုးမျိုးအဖုံဖုံ တောင်းပန်နေခဲ့သော်လည်း ရှားလော့ဟုမ်းဝတ္ထုများကို ဆက်လက် ရေးသားခြင်း မပြုတော့ဘဲ စိတ်ဝိညာဉ်ဆိုင်ရာ သုတေသနလုပ်ငန်းဘက်သို့ ကိုင်းညွှတ်သွားခဲ့တော့သည်။

ဒုတိယ ဇနီးဖြစ်သူ လေဒီကိုနင်ဒွိုင်း(James Lucky)မှာ ကွယ်လွန်သူတို့၏ ဝိညာဉ်နှင့် ဆက်သွယ်နိုင်သည်ဟူသော အယူအဆကို လက်ခံထားသူ ဖြစ်ပါသည်။ (ပထမ ဇနီးမှာ





အဆုတ်ရောဂါ ဝေဒနာဖြင့် ကွယ်လွန်ခဲ့ရပါသည်။) သို့ဖြစ်၍ သူတို့ ဇနီးမောင်နှံ နှစ်ဦးသည် စိတ်ဝိညာဉ်ဆိုင်ရာ သုတေသန ပြုလုပ်ခြင်းဖြင့်သာ အချိန်ကုန်စေခဲ့သည်။ ဆရာကြီးသည် စိတ်ဝိညာဉ်ဆိုင်ရာ ဝါဒသမိုင်း (History of Spritualism) စာအုပ်ကြီးကို ရေးသားပြုစုခြင်းနှင့် ဝိညာဉ်ဆိုင်ရာ ဟောပြောပို့ချချက်များကို အခါအားလျော်စွာ ပြုလုပ်လျက် ရှိသည်။



လန်ဒန်မြို့ ကင်စင်တန်စကွဲယား ပန်းခြံလမ်းရှိ ဗြိတိသျှ မနော သုတေသန အသင်းကြီး၏ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက် လျက်ရှိပြီး ကမ္ဘာ့နိုင်ငံ အသီးသီးမှ တမလွန် လောကသားတို့နှင့် ဆက်သွယ်နိုင်သည်ဟု ဆိုသော နတ်ဝင်သည်များ (Medium) ကို စနစ်တကျ စုံစမ်းသုတေသန ပြုနေခဲ့သည်။ ဆောင်းပါးအစတွင် ဖော်ပြခဲ့သည့် လန်ဒန်မြို့ တော်ဝင်ပြဇာတ်ရုံတော်ကြီးတွင် အမေရိကန်ပြည်ထောင်စုမှ ရောက်ရှိလာခဲ့သော နတ်ဝင်သည် အာသာဖို့(ဒ်) (ဓါတ်ပုံကို မိတ္တူကူးယူ




www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြထားပါသည်)နှင့် ပရိသတ်တို့ တွေ့ဆုံပွဲကို ဆရာကြီး ကိုနင်ဒွိုင်းက နာယကအဖြစ် ဆောင်ရွက်၍ ကျင်းပပေးခဲ့ခြင်း ဖြစ်ပါသည်။




ထိုအခမ်းအနားကြီး မကျင်းပမီကပင် လန်ဒန်မြို့မှ ထုတ်ဝေသော စေလီတယ်လီဂရပ်(ဖ) သတင်းစာ၊ ဒေးလီးမိုင်းယား (ကြေးမုံ) သတင်းစာ၊ လန်ဒန်တိုင်း(မ) သတင်းစာကြီးများနှင့် စိတ်စွမ်းအင် (Psychic News) သတင်းစာကြီးများတွင် အာသာဖွိုဒ်နှင့် ဆရာကြီး ကိုနင်ဒွိုင်းတို့ ဇနီးမောင်နှံ တွေ့ဆုံပွဲ များအကြောင်းကို ရေးသား ဖော်ပြထားခဲ့ကြသည်။ တွေ့ဆုံရသည့် အဖြစ်အပျက်များကို ဖော်ပြရာတွင် တူညီကြသော်လည်း အချို့သတင်းစာများမှ အယ်ဒီတာကြီးများသည် လူထု စိတ်ဝင်





စားအောင် အမျိုးမျိုး ချဲ့ထွင် ရေးသားကြသဖြင့် ထိုဟောပြောပွဲသို့ လူအများ ကြိုးကြိုးစားစား တက်ရောက်ခဲ့ကြခြင်း ဖြစ်၏။

အာသာဖို့(ဒ်)မှာ အမေရိကန်ပြည်ထောင်စုတွင် ကွယ်လွန်သူတို့၏ ဝိညာဉ်နှင့် မှန်မှန်ကန်ကန် ဆက်သွယ်နိုင်သည်ဟု နာမည်ကျော်ကြား လူသိများနေသူ ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုမှ ဆိုရှယ်လစ် ဆရာကြီးဟု နာမည်ကျော်နေသော အပ်(ပ်)တန်ဆင်ကလဲယားတို့ ဇနီးမောင်နှံကလည်း အာသာဖို့(ဒ်)မှာ အမှန်တကယ် ကွယ်လွန်သူတို့နှင့် ဆက်သွယ်နိုင်သော ပုဂ္ဂိုလ်ဖြစ်သည်ဟု ထုတ်ဖော် ပြောဆိုခဲ့သည်။ (အပ်တွန်ဆင်ကလဲယား၏ "The Jungle" ဝတ္ထုကို ကွယ်လွန်သူ စာရေးဆရာကြီး ရွှေဥဒေါင်းက "သွေးစုတ်မြေ" အမည်ဖြင့် မြန်မာဘာသာ ပြန်ဆို ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။)

စာရေးဆရာကြီး ဂျက်လန်ဒန်(Jack London) ကလည်း အာသာဖို့(ဒ်)တွင် ထူးခြားသော စွမ်းအားရှိသူ တစ်ယောက် ဖြစ်ကြောင်း၊ ကွယ်လွန်သူတို့၏ ဝိညာဉ်နှင့် ဆက်သွယ်နိုင်သည်ဆိုသည်မှာလည်း မှန်ကန်သည်ဟု စာနယ်ဇင်းများကို ထုတ်ဖော် ပြောဆိုခဲ့သဖြင့် ထူးထူးခြားခြား ဂယက်ရိုက်ခဲ့သည်။ (ဂျက်လန်ဒန်၏ ဝတ္ထုများ၊ အတ္ထုပ္ပတ္တိများကို ကွယ်လွန်သူ ဗန်းမော် တင်အောင်နှင့် ဆရာမိုးဝေ၊ အခြား အမည်မမှတ်မိသော စာရေးဆရာကြီးများက မြန်မာဘာသာ ပြန်ဆိုထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်ပြည်ထောင်စု ဟားဘတ်(ဒ်)တက္ကသိုလ် စိတ္တဗေဒ ပါမောက္ခကြီး ဖြစ်သူ ဝီလီယံမက်ဒူးဝဲ(လ်)ကိုယ်တိုင် ဆိုရှယ်လစ် စာရေးဆရာကြီး အပ်တန်ဆင်ကလဲယားတို့ ဇနီး မောင်နှံနှင့်အတူ စုံစမ်းစစ်ဆေးခဲ့ရာ အာသာဖို့(ဒ်)သည် အမှန် တကယ်ပင် ကွယ်လွန်သူတို့၏ ဝိညာဉ်နှင့် ဆက်သွယ်နိုင်သည် ဟု ထုတ်ဖော် ကြေညာခဲ့သဖြင့် အာသာဖို့(ဒ်)မှာ နေလိုလလို ထင်ပေါ်သူ ဖြစ်လာခဲ့ရ၏။ အင်္ဂလန်နိုင်ငံသို့ သွားရောက်စဉ် အမေရိကန်ပြည်ထောင်စု မနောသုတေသန ဖောင်ဒေးရှင်းမှ ပုဂ္ဂိုလ်များက ဆရာကြီးကိုနင်ဒိုင်းအား အာသာဖို့ဒ်နှင့် အင်္ဂလန် နိုင်ငံ လူထုတွေ့ဆုံပွဲ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံခဲ့ကြ၏။ သို့ဖြစ်၍ တော်ဝင် ပြဇာတ်ရုံကြီးတွင် အာသာဖို့(ဒ်)၏ သရုပ်ပြပွဲကို ကျင်းပခဲ့ရခြင်း ဖြစ်သည်။

ထိုစဉ်က အနောက်နိုင်ငံများ၌ လူသေလျှင် ဘဝပြတ် မသွားဘဲ ဝိညာဉ်အဖြစ်ဖြင့် တမလွန်လောက၌ သွားလာ ကျင်လည်နေသည်ဟု ယုံကြည်ကြသောသူ အမြောက်အမြား ရှိလာပြီ ဖြစ်သည်။ ထိုဝိညာဉ်များနှင့် ဆက်သွယ်နိုင်သည် ဟူ၍ လည်း ယုံကြည်ကြ၏။ သို့သော် တိုက်ရိုက် ဆက်သွယ်ရန် ခဲယဉ်း၏။ ကြားခံ နတ်ဝင်သည် သို့မဟုတ် ထူးဆန်းသော စိတ် သဘာဝ ရှိသူများမှတစ်ဆင့် ဆက်သွယ်နိုင်သည်ဟု ယူဆထား ၏။ ထိုနတ်ဝင်သူများ ဘဝင်ကျနေစဉ် (Trance) ကွယ်လွန်သူ တို့၏ ဝိညာဉ်သည် ပူးကပ်လာနိုင်ရာ မိမိတို့ မေးလိုသောအရာ





ကို ထိုနတ်ဝင်သည်ထံမှ မေးနိုင်သည်ဟု ဆို၏။

ထိုနတ်ဝင်သည် အချို့သည် လူတို့၏ပယောဂ အလျဉ်း ပါဝင်ခြင်း မရှိဘဲ သက်မဲ့ ရုပ်ဝတ္ထုများကို သွားလာ လှုပ်ရှား အောင် ဖန်တီးပြုလုပ်နိုင်ကြသည်။ သာဓကအားဖြင့် ခေါင်း လောင်းများ၊ တူရိယာများ၊ လေမှုတ်တူရိယာများအား အလို အလျောက် အသံမြည်စေခြင်း၊ စားပွဲ၊ ကုလားထိုင် စသည်တို့ကို အလိုအလျောက် နေရာရွှေ့ပြောင်းစေခြင်း၊ လူတစ်ဦး တစ် ယောက်၏ ပစ္စည်း၊ ခါတ်ပုံ စသည်တို့ကို ကိုင်တွယ်ရုံမျှနှင့် ထိုသူ၏အတိတ်၊ အနာဂတ်တို့ကို သိစေခြင်း စသည့် အံ့ဖွယ်သရဲ စိတ်အစွမ်းများ ရှိသည်ဟူ၍လည်း ယုံကြည်ကြ၏။

အချို့ကလည်း ဤနတ်ဝင်သူများသည် လူလိမ်လူညာ များသာ ဖြစ်ရသည်ဟု ဆိုသည်။ သို့သော် သူတို့ ပြသသည့် အံ့ဖွယ်သရဲ ဖြစ်ရပ်များကိုမူ ရှင်းလင်း ပြသနိုင်ခြင်း မရှိခဲ့ကြ။ ဤနတ်ဝင်သူများ အားလုံးကို လူလိမ်လူညာသက်သက်သာ ဖြစ် သည်ဟု စွပ်စွဲရန် မသင့်။ ဗြိတိသျှ မနောသုတေသန အသင်းကြီး ကလည်း ထိုနတ်ဝင်သည် ဆိုသူများကို စနစ်တကျ ငွေကုန် ကြေးကျ ခံ၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြသည်။ စုံစမ်း သုတေသနပြုသူများမှာ သာမန်လူများ မဟုတ်ကြ။ ထိုခေတ်က ထင်ရှားသော တော်ဝင် မင်းစိုးရာဇာများ၊ နာမည်ကြီးသတင်း စာ ဆရာများနှင့် စာရေးဆရာများ၊ သိပ္ပံပညာရှင်များ၊ တက္ကသိုလ် ကျောင်းတိုက်ကြီးများမှ ပါမောက္ခများနှင့် ဆရာဝန်များ ဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



၏။

ရုပ်ဝါဒီတို့ကမူ ယင်းတို့မှာ ပဥ္စလက် အတတ်ပညာဖြင့် သော်လည်းကောင်း၊ စိတ်ညှို့ပညာဖြင့် မျက်စိလှည့်စားခြင်း ပြုသည်ဟု စွပ်စွဲကြ၏။ သို့သော် နတ်ဝင်သည်တို့ကမူ သူတို့ ပြုသည့် အံ့ဖွယ်သရဲ အမှုများသည် ကွယ်လွန်သူတို့၏ ပယောဂ ဖြစ်သည်ဟု ဝန်ခံ ပြောဆိုကြ၏။ နတ်ဝင်သည်အချို့ကမူ ကွယ်လွန်သူတို့နှင့် ဆက်သွယ်ရာတွင် တိုက်ရိုက်မပြောဘဲ စာ ဖြင့် ရေးပြလေ့ ရှိ၏။ ဤဆက်သွယ်နည်းကို အော်တိုမက်တစ် (Automatic Writing)ဟု ကင်ပွန်းတပ်ထားကြသည်။ နတ်ဝင် သည်,သည် ခဲတံတစ်ချောင်းကို လက်ထဲတွင် ခပ်ဖော့ဖော့ ကိုင် ထား၍ အခြားတစ်ခုခုကို အာရုံစူးစိုက်နေရ၏။ ခဲတံသည် အလို လို ရွေ့လျားပြီး စာရွက်ပေါ်တွင် စာသားများ ပေါ်လာခြင်း ဖြစ်သည်။

ဆရာကြီး ကိုနင်ဒွိုင်း၏ဇနီး ကိုမ်း(စ်)လက်ကီကမူ ဤ အလိုအလျောက် စာရေးနည်းဖြင့် ကွယ်လွန်သူတို့ကို ဆက် သွယ်ခဲ့သည်ဟူ၍လည်း ဆိုသည်။ မည်သို့ပင် ဖြစ်စေကာမူ အာသာဖို့(ဒ်) အပါအဝင် နတ်ဝင်သည်အချို့မှာ လူအများ မယုံ ကြည်နိုင်လောက်အောင် အံ့ဖွယ်သရဲ အမှုများကို ပြုလုပ်ပြနိုင် ကြသည်။ သူတို့၏ပညာအစွမ်း သရုပ်ပြပွဲများကို တွေ့မြင်ရသူ များသည် သာမန်လူများသာ ဖြစ်ပါက လူအများက လက်ခံ ယုံကြည်ကြမည် မဟုတ်ပါ။





အာသာဖို့(ဒ်)၏ သရုပ်ပြပွဲတွင် ဆရာကြီး ကိုနင်ဒွိုင်းက မူ သူသည် နှစ်ပေါင်း(၄၃)နှစ်တိုင်တိုင် စိတ်ဝိညာဉ်ဆိုင်ရာ သုတေသန လုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံအသီးသီးမှ နတ်ဝင်သည်ဆိုသူများကိုလည်း စုံစမ်းသုတေသန ပြုခဲ့ကြောင်း၊ လူလိမ်လူညာများကိုလည်း တွေ့ရှိရကြောင်း၊ အာသာဖို့(ဒ်)မှာမူ တကယ့် နတ်ဝင်သည်နှင့် ထူးခြားသော စိတ်သဘော ရှိသူ (Psychic People) ဖြစ်သဖြင့် ဤသရုပ်ပြပွဲသို့ လာရောက်သူ များ မိမိတို့ မေးလိုသော မေးခွန်းများကို မေးနိုင်ကြောင်း ရှင်း လင်း ပြောဆိုပြီး ဇာတ်စင်ပေါ်သို့ အာသာဖို့(ဒ်) တက်ရောက် လာခဲ့သည်။

အာသာဖို့(ဒ်)သည် အစည်းအဝေးကို ဆုတောင်းခြင်း ဖြင့် (prayer) စတင်သည်။ အာသာဖို့(ဒ်)သည် စကားပြောခွက် ကို ကိုင်၍ စင်မြင့်ရှေ့သို့ ထွက်လာခဲ့သည်။ ပရိသတ်ကို ကြည့် လိုက်သည်။ ထိုအခါ ဝိညာဉ်လောက၌ ရောက်နေသူ လေးငါးဦး ခန့်တို့က ပွဲလာ ပရိသတ်အတွင်းမှ ကျွန်တော့် သားဖြစ်သူ၊ ကျွန်မ၏မိခင်ဖြစ်သူ၊ ကျွန်တော့်ဦးလေးဖြစ်သူများကို ဤသို့ ပြောပေးပါဟု တစ်ပြိုင်နက် တောင်းပန်ကြသည်။ လာရောက် ကြသည့် ပရိသတ်ကလည်း တိတ်ဆိတ်ငြိမ်သက်လျက် မျှော်လင့် တောင့်တနေကြသည်။

အာသာဖို့(ဒ်)သည် ပရိသတ်အတွင်း ထိုင်နေသူအချို့မှ မစ္စတာဘယ်သူ၊ မစ္စဘယ်သူ၊ ခင်ပျားတို့သားက၊ ခင်ပျားတို့



www.burmeseclassic.com

www.burmeseclassic.com



အမေက မည်သို့ ပြောနေပါသည် စသဖြင့် ဆွေမျိုးသားချင်းများ၏ လျှို့ဝှက်ချက်အချို့ကိုပါ ပြောပြခဲ့သည်။ ဤလောကဌ် မည်သူမျှ မသိသော ဖြစ်ပျက်မှု ဟူ၍ မရှိ။ ကွယ်လွန်သူနှင့် ပတ်သက်သော အကြောင်းအရာများကို သူ၏ဆွေမျိုးသားချင်းများနှင့် မေးမြန်းသူ မသိစေကာမူ ထိုဖြစ်ရပ်ကို သိသော ပုဂ္ဂိုလ် တစ်ဦးနှစ်ဦးကား ရှိရမည် ဖြစ်သည်။ အာသာဖို့(ဒ်) ပြောပြသည့် အချက်အလက်တို့မှာ မှန်ကန်နေသဖြင့် မေးမြန်းသူများမှ မရှင်သပ် အံ့သြကြရ၏။

ဤကဲ့သို့ ဖြစ်ရပ်ကို မနေ့သုတေသီတို့ကမူ သူ၏ ထူးခြားသော စိတ်သဘာဝ စွမ်းအင်ကြောင့် ပြောပြနိုင်ခြင်းသာ ဖြစ်တန်ရာသည်ဟု ဆိုကြ၏။ ဤသရုပ်ပြပွဲ၌ ပရိသတ်ထဲရှိ ရှေ့ဆုံးတန်း ဝဲအစွန်မှ ထိုင်နေသူ အသက်(၅၀)ကျော်ခန့်ရှိ သားသားနားနား ဝတ်ဆင်ထားသော လူကြီးလူကောင်း တစ်ယောက်ကမူ အိပ်ဆောင် နာရီတစ်လုံးကို အာသာဖို့(ဒ်)အား လှမ်းပေးလိုက်သည်။ ထိုနာရီကို အာသာဖို့(ဒ်)သည် လက်ထဲ၌ ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်ပြီး ထိုနာရီပိုင်ရှင်မှာ လက်ရှိ ထိုနာရီကို ပိုင်ဆိုင်နေသော လူကြီးလူကောင်း၏ဦးလေး ပိုင်သော နာရီဖြစ်သည်ဟု စတင်ပြောဆိုပြီး ကွယ်လွန်သူ ဦးလေး၏ အားနည်းချက်၊ အားသာချက်များကိုပါ ထုတ်ဖော် ပြောဆိုခဲ့ပါသည်။ မေးမြန်းသူ လူကြီးလူကောင်းကလည်း အာသာဖို့(ဒ်) ပြောသည့် အချက်အလက်များမှာ မှန်ကန်ပါသည်ဟု ဝန်ခံသွား





ခဲ့သည်။ ပရိသတ်များထဲမှ လူတော်တော်များများသည် အာသာဖို့(ဒ်)အား အမျိုးမျိုး စမ်းသပ်ခဲ့ကြသော်လည်း ထိုသရုပ်ပြပွဲမှာ ထူးထူးခြားခြား အောင်မြင်သည်ဟု ဆိုရမည် ဖြစ်သည်။

အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော သတင်းစာ ဂျာနယ်များတွင် အာသာဖို့(ဒ်)၏ သရုပ်ပြပွဲ အကြောင်းကို ဓါတ်ပုံ သာဓက အထောက်အထားများနှင့် ရေးသားဖော်ပြခဲ့ကြ၏။ ဆရာကြီး ကိုနင်ဒွိုင်းကလည်း အာသာဖို့(ဒ်)၏ သရုပ်ပြပွဲကို ဆောင်းပါးရှည် တစ်စောင် ရေး၍ လန်ဒန်ကြေးမုံ သတင်းစာကြီးတွင် ထည့်သွင်းဖော်ပြခဲ့သည်။ လန်ဒန်မြို့မှ ထုတ်ဝေသော စိတ်စွမ်းအင် သတင်းစာ (Psychic News) တွင် ထိုပြပွဲ ကျင်းပသည့် အခမ်းအနားသတင်းနှင့် ပရိသတ်များက အမျိုးမျိုး စမ်းသပ်ကြပုံများကို အသေးစိတ် ဓာတ်ပုံ အထောက်အထား သာဓကများနှင့် ဝေဝေဆာဆာ ဖေါ်ပြခဲ့၏။ မေးမြန်းစုံစမ်းသူအချို့နှင့် သတင်းစာကြီး၏ သတင်းထောက်နှင့် တွေ့ဆုံ မေးမြန်းခန်းများကိုပါ ဖော်ပြပေးခဲ့၏။

အာသာဖို့(ဒ်)၏ အမည်မှာ လျှမ်းလျှမ်းတောက် ကျော်ကြားသွားခဲ့ရသည်။ စာနယ်ဇင်းသမားများနှင့် တွေ့ဆုံရာတွင် အာသာဖို့(ဒ်)က သူသည် ပင်ကိုယ်က ထူးခြားသော စိတ်သဘာဝ ရှိသူ မဟုတ်ကြောင်း၊ စိတ်စွမ်းအင် တိုးတက်လာစေရန်လည်း မည်သည့်အခါကမျှ လေ့ကျင့်ခဲ့ခြင်း မရှိကြောင်း၊ သို့သော် ငယ်စဉ်က မကြာခဏ မိန်းမောသွားခဲ့ကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



(၁၉၂၄)ခုနှစ်ဦးပိုင်းတွင် ဤကဲ့သို့ မိန်းမောသွားစဉ် ကျောင်းသား ဘဝက ကွယ်လွန်သွားသော သူ့ကျောင်းနေဖက် ဖလက်ချား ဆိုသူ၏ဝိညာဉ် ပူးကပ်လာခဲ့သည်။ ထိုဝိညာဉ်၏ ပြောပြချက်အရ သူ့မှာ လူ့ဘဝသို့ ကူးပြောင်းလိုသော်လည်း ကူးပြောင်း၍မရ ဖြစ်နေကြောင်း၊ ထိုဝိညာဉ်၏ အကူအညီနှင့် ဤကဲ့သို့ လူအများ၏ အတိတ်၊ အနာဂတ်များကို ပြောပြနိုင်ခြင်း ဖြစ်သည်ဟု ရှင်းလင်းပြောပြခဲ့၏။ ဖလက်ချားမှာ ပြင်သစ်၊ ကနေဒါ ကပြားတစ်ဦး ဖြစ်ပြီး ပြင်သစ်ဘာသာ၊ အင်္ဂလိပ်ဘာသာတို့ကို ကျွမ်းကျွမ်းကျင်ကျင် ပြောပြနိုင်သူ ဖြစ်သည်။ ထိုစဉ်က စ၍ ဖလက်ချား၏ဝိညာဉ်သည် အာသာဖို့(ဒ်)အား ဦးဆောင်ခဲ့သည်ဟု ဆိုသည်။

အာသာဖို့(ဒ်)အား ဗြိတိသျှ မနောသုတေသနအသင်းမှ ပုဂ္ဂိုလ်ကြီးများကလည်း တွေ့ဆုံ၍ စုံစမ်းမေးမြန်းခဲ့ကြသည်။ အာသာဖို့(ဒ်)ကား (၂၀)ရာစု နတ်ဝင်သူများတွင် သူသည် အခြားနတ်ဝင်သူများကဲ့သို့ တံစိုးလက်ဆောင်ကို လိုလားတောင့်တသူ မဟုတ်ဟု ဆိုကြ၏။ အင်္ဂလန်နိုင်ငံ တစ်နံတစ်လျား သွားရောက်၍ တမလွန် လောကသားတို့နှင့် ဆက်ဆံသည့် သရုပ်ပြပွဲများစွာကို ကျင်းပနိုင်ခဲ့လေသည်။

(၁၉၃၇)ခုနှစ်တွင် အာသာဖို့(ဒ်)သည် ဩစတြေးလျ တိုက်သို့ ခရီးထွက်ခဲ့ပြီး ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တွင်လည်း မနောသုတေသီများသည် ဩစတြေးလျနိုင်ငံ မနောသုတေသန





အသင်းမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ကွယ်လွန်သူများ၏ ဝိညာဉ်နှင့် ဆက်သွယ်မှု သရုပ်ပြပွဲများ ပြုလုပ်ခဲ့ပြီး ဩစတြေးလျနိုင်ငံ အသံလွှင့်ဌာနမှ တမလွန်လောကနှင့် ဆက်သွယ်မှုအကြောင်း ဆွေးနွေး တင်ပြခွင့် ရခဲ့သည်။ စိတ်ဝိညာဉ်ဆိုင်ရာ သမိုင်းတွင် ပထမဆုံး အသံလွှင့်ခွင့်ရရှိသည့် နတ်ဝင်သည်တစ်ဦး ဖြစ်သည်ဟု ဆိုကြ၏။ (နောင်အခါ အင်္ဂလန်နိုင်ငံ ဘီဘီစီ၊ အသံလွှင့်အစီအစဉ်မှ နတ်ဝင်သည် အာသာဖို့(ဒ်)နှင့် ဘီဘီစီ သတင်းထောက်တို့ ဆွေးနွေးခန်းကို ထုတ်လွှင့်ပေးခဲ့သည်။)

(၁၉၃၉)ခုနှစ်၊ ဒီဇင်ဘာလတွင်မူ အာသာဖို့(ဒ်)သည် အမေရိကန်ပြည်ထောင်စု ကာနေဂျီခန်းမတွင် ကျင်းပပြုလုပ်သော သရုပ်ပြပွဲ၌ တပ်ရောက်လာသည့် လေ့လာသူ ရပ်(ဖ)ဟယ်ရီဆင် ဆိုသည်အား ရက်သတ္တပတ် တစ်ပတ်အတွင်း အသက်အန္တရာယ် စိုးရိမ်စရာ ရှိသည်။ အထူးသဖြင့် ဘဏ်တိုက်သို့ ငွေထုတ် သွားရာတွင် သတိဝီရိယ ရှိသင့်သည်ဟု သတိပေးခဲ့၏။ အာသာဖို့(ဒ်) သတိပေးခဲ့သူ ရပ်(ဖ)ဟယ်ရီဆင် ဆိုသူမှာ ကရူဂျာ ဘီယာထုတ်လုပ်ရေးမှ မန်နေဂျာ ဖြစ်နေသည်။

အာသာဖို့(ဒ်) သတိပေးခဲ့ပြီး ရက်သတ္တပတ် နှစ်ပတ်ခန့်တွင် ဘီယာမန်နေဂျာ ရပ်(ဖ)ဟယ်ရီဆင်ဆိုသူအား လက်နက်ကိုင် လူဆိုးနှစ်ဦးက ဘဏ်တိုက်တွင် ဖမ်းဆီးသွားခဲ့သည်။ ရဲနှင့် အက်(ဖ)ဘီအိုင်အဖွဲ့တို့၏ ကြိုးပမ်းမှုကြောင့် လွတ်မြောက်လာခဲ့ရ၏။ ရပ်(ဖ)ဟယ်ရီဆင်၏ သတင်းအား နယူးယော့(ခ်)တိုင်း(မ်)



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာကြီးနှင့် ဝါရှင်တန်ပို့(စ်) သတင်းစာကြီးများက အ
ကျယ်တဝင့် ရေးသားဖော်ပြခဲ့ကြ၏။

အာသာဖို့(ဒ်)သည် (၁၈၉၆)ခုနှစ်တွင် အမေရိကန် ပြည်ထောင်စု ဖလော်ရစ်ဒါပြည်နယ်၊ တီတတ်(ခ)ဗီ(လ်) မြို့ ကလေးတွင် ဖွားမြင်ခဲ့သည်။ မိသားစုများမှာ အလယ်အလတ် တန်းစားများသာ ဖြစ်သည်။ ငယ်စဉ်က ကျန်းမာရေး ချို့တဲ့သူ ဖြစ်ပြီး ထူးခြားဆန်းကြယ်သော အိမ်မက်များ မက်လေ့ရှိသည်ဟု ဆိုကြသည်။ အာရုံရမှု မရှိခဲ့ပေ။ ပထမကမ္ဘာစစ်ကြီးအတွင်း အမေရိကန် ကြည်းတပ်မတော်တွင် ဝင်ရောက် အမှုထမ်းခဲ့ သည်။

ဥရောပတိုက် စစ်မျက်နှာသို့ မထွက်ခွာမီ ဒုဗိုလ် အာ သာဖို့(ဒ်) ပါဝင်သော တပ်မတော်သားများသည် အမေရိကန် ပြည်ထောင်စု အီလီနွိုက်ပြည်နယ်၊ ဂရန်(Grant)စခန်းတွင် လေ့ ကျင့်ခဲ့ကြရသည်။ ဤစခန်းတွင် နေထိုင်စဉ် မည်သည့်စစ်ဗိုလ် နှင့် စစ်သားများသည် ကူးစက်တတ်သော တုပ်ကွေးရောဂါဖြင့် ကွယ်လွန်ရလိမ့်မည်ဟု သူ့စိတ်တွင် ပေါ်လာခဲ့၏။ သူ့အာ ထင်မှုအတိုင်း ဖြစ်လာသည့်အခါ အာသာဖို့(ဒ်)သည် သူ့ကိုယ်သ အံ့ဩမိလာခဲ့၏။ ဥရောပတိုက် စစ်မျက်နှာတွင် မည်သည့် တပ်ခွဲမှ တပ်ကြပ်မည်သူ၊ တပ်သားမည်ဝါ ကျဆုံးမည်ဟု အာ တွင် ထင်လာတတ်၏။ သူထင်သည့်အတိုင်း ရက်သတ္တပတ် တစ်ပတ်နှစ်ပတ်အတွင်း စစ်ရုံးမှ ထုတ်ပြန်သည့် ကျဆုံးသူများ





စာရင်းတွင် သူ အာရုံထင်သည့် အရာရှိအရာခံ၊ အကြပ် တပ် သားများ၏ အမည်များ ပါလာသည်ကို တွေ့ရသဖြင့် အာသာ ဖို့(ဒ်)သည် ထိတ်လန့်လာသည်။ သူ့တွင် စိတ်ပျံ့လွင့်သည့် ရောဂါဝေဒနာ စွဲကပ်လာခဲ့သလောဟု ထင်လာသဖြင့် စိတ် ရောဂါကု ဆရာဝန်တစ်ဦးအား ပြသခဲ့ရသည်။

တစ်နေ့တွင် မွန်းနစ်သလို ခံစား၍နေစဉ် သူ ငယ်စဉ် က ကျောင်းနေဖက် ကွယ်လွန်သူ ဖလက်ချား ဆိုသူသည် တမလွန်ဘဝမှ သူ့ထံ ဝင်ရောက် ပူးကပ်မည်ဟု စိတ်အာရုံတွင် ပေါ်လာသည်။ ထိုစဉ်ကစဉ် အာသာဖို့(ဒ်)မှာ တမလွန်လောက နှင့် ဆက်သွယ်နိုင်သော နတ်ဝင်သည် ဖြစ်လာခဲ့ရတော့၏။

(၁၉၅၈)ခုနှစ်တွင် "Nothing So Strange" "အထူး အဆန်း မဟုတ်ပါ" ဟူသော အမည်ဖြင့် သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိ ကို ရေးသား ထုတ်ဝေခဲ့လေသည်။

ကျမ်းကိုး

(၁) Arthur Ford, Leading Medium by G. Mavors.
(၂) Psychics and Mystics



www.burmeseclassic.com

www.burmeseclassic.com



# ဝေဃံလင်းခေါင်

## လူပုလေးတို့ရွာ

(၁၉၆၂)ခုနှစ်၊ ဒီဇင်ဘာလ(၆)ရက်နေ့က ဖြစ်သည်။

ကချင်ပြည်နယ်၊ ဗြာအင်းမြို့နယ် မဲတလား ရွာသား "ဆာဟွာ" ဆိုသူသည် သူငယ်ချင်းတစ်ယောက်ရှိသော ဘိစခပ်ရွာသို့ စောစောစီးစီးထွက်လာသည်။ ဘိစကပ်ရွာနှင့် မဲတလားရွာမှာ နှစ်မိုင်ခန့်သာ ဝေး၏။

ဆာဟွဲမှာ အသက်ခြောက်ဆယ်ခန့်ရှိပြီး ချင်းသေနတ်ကိုင်တပ်မှ အငြိမ်းစားယူပြီး သူ့မိန်းမရွာဖြစ်သော မဲတလားရွာ၌ မိသားစုနှင့်အတူ လာရောက် နေထိုင်ပြီး လယ်ယာလုပ်ကိုင်နေသူ ဖြစ်သည်။ သူ၏ဇာတိမှာ ချင်းပြည်နယ်တောင်ပိုင်း ကန်ပက်လက်က ဖြစ်၏။ သူသည်(၁၆)နှစ်သားကပင် ချင်းသေနတ်ကိုင် တပ်ရင်းတွင် အမှုထမ်းခဲ့ပြီး ကော်ပတာအဆင့်နှင့် ပင်စင်ယူလာသူ ဖြစ်သည်။

မဲတလားရွာသား ဆာဟဲ့သည် လူသွားလမ်းကလေးအတိုင်း ဘိစခပ်ရွာသို့သွားနေလာနေလာကျအတိုင်း မှန်မှန်ပင်လျှောက်လာသည်။ သူ၏ အဓိကရည်ရွယ်ချက်မှာ သူနှင့်အတူ တစ်တပ်ထဲ၌ အမှုထမ်းခဲ့ကြသူ စောသော်သီထံမှ မွေးဝက်မ တစ်ကောင် ဝယ်ရန် ဖြစ်သည်။ မိုးဦးကပင် စောသော်သီက သူ့အိမ်တွင် အားပေါက်ကောင်းသော မျိုးဝက်မ ရောင်းရန် ရှိကြောင်း ပြောထားသဖြင့် ဖြစ်သည်။

မဲတလားရွာက လျှောက်လာသော ဆာဟဲ့သည် မဲတလားရွာနှင့် ဘိစခပ်ရွာကြား တောတွင်း တစ်နေရာအရောက်တွင် ရုတ်တရက် အံ့သြသွားသည်။ အဘယ်ကြောင့်ဆိုသော် သမ်းအေးနှင့် လေးငါးလံသာဝေးသော သစ်ပင်တစ်ပင်ပေါ်က လူပုလေးတစ်ယောက်ဆင်းလာသည်ကို မြင်မိလိုက်၍ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်စကမူ သူ့ကို တစ္ဆေခြောက်တာလားဟုပင် ထင်မိလိုက်သည်။ တစ္ဆေ ခြောက်ရအောင်ကလည်း နံနက် ရှစ်နာရီကျော် ကိုးနာရီ အချိန်ကြီး။ လမ်းဘေးနှစ်ဖက်ရှိ ချုံပုတ်များနှင့် သစ်ပင်များကိုလည်း လင်းလင်းထင်းထင်း မြင်နေရသောအချိန်။ ပြီးတော့ ဤလမ်း ဤခရီးဆိုသည်က တစ်လလျှင် သုံးလေးခေါက်မျှ သွားနေကျလမ်း။ ယခင့်ယခင်များကလည်း ဤလမ်း ဤခရီးတွင် ဤလို လူပုလေး အသွင်သဏ္ဌာန်နှင့် သူ့ကို တစ်ခါမှ တစ္ဆေသရဲ မခြောက်ဖူး။ အကယ်၍ တစ္ဆေသရဲ ခြောက်လျှင်လည်း သူကား ချင်းတောင်တွင် မွေးဖွားလာသူ ဖြစ်သလို စစ်သားလူထွက်လည်း ဖြစ်သဖြင့် ဘယ်သရဲတစ္ဆေကိုမှ ဆာဟဲ့ကား ကြောက်တတ်သူ မဟုတ်ပေ။

ထို့ကြောင့် ယခင်က တစ်ကြိမ်တစ်ခါမှ မမြင်ဖူး မတွေ့ဖူးသော လူပုလေးကို သူ ခဏရပ်၍ ငေးကြည့်နေစဉ်မှာပင် လူပုလေးက သူ့ကို တစ်ချက် လှမ်းကြည့်ပြီး တစ်ယောက်ဖက် ခန့်ရှိ သစ်ပင်တစ်ပင်ကို ကွယ်၍ ပုန်းလိုက်သည်ကို မြင်လိုက်ရသည်။ လူပုလေး ဆင်းလာသော သစ်ပင်ကို ဆာဟဲ့ တစ်ချက် လှမ်းကြည့်ပြန်ရာ လူပုလေး ဆင်းလာသော သစ်ပင်မှာ သီးနုတွေ ဝေနေသော ဇင်ပြွန်းပင် ဖြစ်သည်။ လူပုလေးသည် ဇင်ပြွန်းသီး တက်ခူးနေပုံ ရ၏။ သူ့ခြေသံကို ကြားသဖြင့် ဇင်ပြွန်းပင်ပေါ်က ဆင်းလာပုံ ရသည်။

သူတို့ ရွာဝန်းကျင်တွင် ဘယ်ရွာမှာမှ ဤလို လူပုလေး





တစ်ယောက် ရှိသော သတင်းကောင်းကို မကြားဖူး။ ယခု လူပုလေးမှာ ဧကန္တ သူ့ကို သရဲခြောက်ခြင်းသာဟု ဆာဟဲ့ ထင်လိုက်သည်။ သူ တပ်ထဲ နေခဲ့တုန်းက မပိပိုးငါး ရုပ်သဏ္ဌာန်နှင့် လည်းကောင်း၊ အသံနှင့်လည်းကောင်း တစ္ဆေသရဲ ခြောက်သည်ကို ဆာဟဲ့ကား လေးငါးခါ ကြုံဖူး တွေ့ဖူးခဲ့ရသည်။ ထိုစဉ်က အခြောက်ခံရသည်မှာ အသံသည်လည်းကောင်း၊ ရုပ်သည်လည်းကောင်း ကြောက်တတ်သူများဆိုလျှင် ကြောက်စရာကောင်းသည်။ သို့သော် ဘယ်လိုခြောက်ခြောက် ဆာဟဲ့ကား ကြောက်တတ်သူ မဟုတ်ပေ။

စိတ်က ရုတ်တရက် အတိတ်ဆီ ရောက်သွားပြီး သတိရကာ လူပုလေး ဝင်ပုန်းနေရာ သစ်ပင်ကြီးဆီ အကြည့်ရောက်သွားပြန်သည်။ ထိုအခါ လူပုလေးသည် သူ့ကိုယ်လုံးကို ပင်စည်နှင့် ကွယ်၍ မျက်နှာတစ်ခြမ်း ဖော်ကာ ဆာဟဲ့ကို ချောင်းကြည့်နေတာ တွေ့လိုက်ရ၏။ ထို့ကြောင့် ဆာဟဲ့က. . .

"ဟေ့. . . ဘယ်ရွာကလဲကွ၊ မင်း ဇင်ပြွန်းသီး လာကောက်"

ဆာဟဲ့ စကားမဆုံးလိုက်ရ။ ဆာဟဲ့ အသံကို ကြားသည်နှင့် လူပုလေးက ထွက်ပြေးတော့သည်။

"ဟေ့ကောင်. . . မပြေးနဲ့ မပြေးနဲ့၊ မင်းကို ငါ ဘာမှ မလုပ်ပါဘူး၊ မပြေးနဲ့. . . မပြေးပါနဲ့"

အော်ပြောရင်းက ဆာဟဲ့ လူပုလေးနောက် ပြေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ လူပုလေးမှာ အရပ်သာ နှစ်တောင်လောက် ရှိသော်လည်း အပြေးက တော်တော်မြန်သည်။ သို့သော် တည့်တည့်မတ်မတ် ပြေးသည်မဟုတ်။ ဟိုသစ်ပင် ပတ်ပြေး၊ သည်သစ်ပင်ပတ်ပြေးနှင့် ကွေ့ကွေ့ကောက်ကောက် တောထဲ လျှောက်ပြေးနေသည်။ ဆာဟဲ့တလည်း တစ်ခါမှ ဤအနီးအနားဝန်းကျင်တွင် မကြားဖူး မတွေ့ဖူးသော လူပုလေးကို အမိဖမ်းရန် ပြေးလိုက်သည်။

လူပုလေးနှင့် ဆာဟဲ့တို့မှာ သစ်တောထဲ ပြေးတမ်းလိုက်တမ်း ကစားနေကြသလို ဖြစ်နေသည်။ လူပုလေးသည် ဆာဟဲ့ လိုက်ဖမ်းသဖြင့် ပြေးရင်းလွှားရင်းက ကြောက်ကြောက်ရွံ့ရွံ့ အသံတစ်ခုကိုလည်း အော်နေသည်။ ထိုသို့ အော်ရင်းပြေးရင်းနှင့် တစ်နေရာ အရောက်တွင် ဘယ်ကဘယ်လို ပေါ်လာကြမှန်း မသိသော လူပုလေး ယောကျ်ားတစ်ယောက်နှင့် လူပုလေး မိန်းမတစ်ယောက်တို့ ပေါ်လာကြပြန်သည်။

စောစောက လူပုလေးအား ဆာဟဲ့ လိုက်ဖမ်းနေသည်ကို မြင်ရသောအခါ ထိုလူပုလေးတို့ လင်မယားမှာလည်း ချက်ချင်း ထွက်ပြေးကြပြန်သည်။ ထိုအခါ ဆာဟဲ့ မြင်မိလိုက်သည်မှာ အမျိုးသမီး လူပုမ၏ နောက်ကျောတွင် ကလေးတစ်ယောက် ပိုးထားသည် ဖြစ်၍ အံ့သြရပြန်သည်။

လူပုလေး တစ်ယောက်က သုံးယောက်ဖြစ်လာသောအခါ ဆာဟဲ့မှာ မည်သူ့ကို ပြေးလိုက်ဖမ်းရမည် မသိတော့ဘဲ





ရပ်၍သာ ကြည့်နေမိသည်။ မိန်းမယောကျ်ား လူပုလေး သုံးယောက်တို့မှာ သစ်တောအတိုင်း အရှေ့ဘက်သို့ ပြေးသွားကြသည်။ တောမှာ အောက်ခြေရှင်းသဖြင့် သူတို့ ပြေးသွားကြသည်ကို အတော်ဝေးဝေးထိ လှမ်းမြင်နေရသည်။

မနက်ရှစ်နာရီကျော် ကိုးနာရီခန့်ကပင် လူပုလေး တစ်ယောက်နှင့် ပြေးတမ်းလိုက်တမ်း ကစားနေကြသလို သစ်တောထဲ ကွေ့ပတ် ပြေးလွှား လိုက်ဖမ်းနေခဲ့သော ဆာဟဲ့မှာ ယခုအခါ နေမွန်းစောင်းနီးပါး အချိန်သို့ပင် ရောက်သွားခဲ့လေသည်။ ထို့ကြောင့် ဗိုက်ကလည်း ဆာလာရာ သူငယ်ချင်း ရှိသော မဲတလားရွာကို ဆက်မသွားတော့ဘဲ မိမိရွာသို့ ပြန်လာလေသည်။

မိမိရွာကို ရောက်လာပြီး ဇနီးသည်ကို သူ့အဖြစ်အပျက်အား ပြောပြရာက တစ်ရွာလုံးရှိ လူတွေ သိသွားကြသည်။

ဆာဟဲ့ သူငယ်ချင်း စောအောင်ဇန်းကမူ. . .

"ခင်ဗျားကို တစ္ဆေခြောက်တာ နေမှာပေါ့" ဟု ဆို၏။

"မင်းအဘ. . . နေ့ခင်း ကြောင်တောင်ကြီး တစ္ဆေခြောက်မလားကွ၊ ငါ မျက်မြင်ကိုယ်တွေ့ပါဆို၊ သုံးယောက်စလုံး လူပုလေးတွေချည်းပဲ၊ မိန်းမကျောပေါ်က ကလေးကိုတော့ နီကြင်ကြင် အဝတ်နဲ့ ခေါင်းလေးပဲ မြင်လိုက်ရလို့ ကြီးသလား ငယ်သလား မပြောနိုင်ဘူး၊ လူပုလေးမှ တကယ့် လူပုလေးတွေကွ"



www.burmeseclassic.com

www.burmeseclassic.com



ဆာဟဲ့၏စကားကို စောအောင်ဖိုးကမူ. . .

"ခင်ဗျား ပြောတာ ဖြစ်နိုင်တယ်၊ ကျုပ်တို့ ဘကြီးက မသေခင် တစ်ခါ ပြောသွားဖူးတယ်၊ တို့ မဲတလားရွာနဲ့ ဘိစခပ်ရွာကြား တောထဲမှာ လူပုလေး ငါးယောက်ခြောက်ယောက်ကို သစ်ခုတ်သွားရင်း သူတွေ့ဖူးတယ် ပြောတယ်၊ မိန်းမယောက်ျား တော့ ဘကြီးက ခွဲခြားပြောမသွားဘူး၊ လူပုလေးတွေ ရှိတယ် ဆိုတာသာ ပြောသွားတယ်" ဟု ဆိုပြန်သည်။

အဘွားအိုကြီး ဒေါ်နှယ်စေးကမူ. . .

"ဟဲ့. . . ဆာဟဲ့၊ နင်တွေ့ခဲ့တာ ဘာလူပုလေးမှ မဟုတ်ဘူး၊ အဲဒါ မှင်စာလေးတွေ၊ ငါတို့ ငယ်ငယ်တုန်းက ထင်းခွေသွားရင်း နင်တွေ့သလိုပဲ လူပုလေး မှင်စာတွေကို တွေ့ရတယ်လို့ တို့အမေ ပြောဖူးတယ်၊ ဘကြီး စောတယ်ရီကတော့ ငါတို့ရွာနဲ့ ဘိစခပ်ရွာကြားမှာ ကြပ်ရွာရှိတယ်တဲ့"

ဇနီးသည် ဒေါ်နှယ်စေး၏အပြောကို ပြုံးပြီး နားထောင်နေသော အဘ ဦးစောလားထူးကမူ. . .

"နင်တို့ ပြောတဲ့ ကြပ်ရွာတို့ လူပုလေးတို့ ဆိုတာတော့ ငါလဲ မပြောတတ်ဘူး၊ ငါ ငယ်ငယ်က သစ်တောဝန်ထောက် မစ္စတာ ဂျက်ဖရီရဲ့ ဗိုလ်တဲမှာ အစောင့်ကျဖူးတယ်၊ မစ္စတာ ဂျက်ဖရီက တောလိုက် ဝါသနာကြီးတယ်၊ တစ်ခါတစ်ခါ ညတောတောင်ထဲ သွားပြီး အမဲပစ်တတ်တယ်၊ တစ်နေ့မနက် သူ ပြန်လာတော့ သူက ငါ့ကို မေးတယ်. . . "မောင်မင်းတို့ဆီမှာ





အာဖရိကမှာထက် ပုတဲ့ လူပုလေးတွေ အများကြီး ရှိလား" တဲ့၊ အစက သူ မေးတာ ငါ သဘောမပေါက်ဘူး၊ သူပြောတဲ့ အာဖရိကဆိုတာလဲ ငါမှ မရောက်ဖူးတာ၊ ငါက "ဘာဖြစ်လို့လဲ သခင်ကြီး" ဆိုတော့ "မောင်မင်းတို့ဆီမှာ အာဖရိကမှာထက် သေးတဲ့ လူပုလေးတွေရွာ သခင်ကြီး တွေ့ခဲ့တယ်" လို့ ပြောဖူးတယ်ဟ၊ အဲဒီတုန်းကတော့ ဒီမျက်နှာဖြူ ဘာပဲပြောပြော ငါလည်း စိတ်မဝင်စားလို့ ဆက်မမေးမိဘူး၊ ငါ့အလုပ်က သူ မနက်အစောကြီး ပြန်လာရင် ကော်ဖီဖျော်ရမှာမို့ ရေနွေးအိုး ဆူဖို့ အရေးကြီးနေတာကိုး၊ ခု နင်တို့ ပြောကြဆိုကြမှ မျက်နှာဖြူကြီး ပြောသွားတာ ငါ သတိရလို့ ပြောရတာပါ" ဟု ဆိုပြန်သည်။

မည်သူ မည်သို့ဆိုစေ (၁၉၆၂)ခုနှစ်၊ ဒီဇင်ဘာလ(၁၁) ရက်နေ့ထုတ် ရန်ကုန် သတင်းစာ၌မူ စာလုံးမည်းကြီးနှင့်. . .

"ကရင်ပြည်နယ် တောတွင်း၌ လူပုကလေးများ တွေ့ရှိ" ဟူသော သတင်းတစ်ပုဒ် ပါရှိခဲ့လေသည်။

ထိုသတင်း၏ သတင်းအကျယ် ဖော်ပြချက်ကို စာရေးသူက ဝတ္ထုအဖြစ် ရေးသား တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ဝေယံလင်းခေါင်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခု နောက်ဘက်မှ ကြားနေရသော ခြေသံမှာ ခြေလေးချောင်း သတ္တဝါတစ်ကောင်၏ ခြေသံမျိုး မဟုတ်ဘဲ လူတစ်ယောက်၏ ခြေသံမျိုး ဖြစ်သောကြောင့် အလွန်အံ့သြနေမိသည်။

"ငါ့နောက်ကို ဘယ်သူများ ခြေရာခံ လိုက်နေတာလဲ၊ ဘယ်သူမှလဲ လိုက်စရာ အကြောင်းမရှိပါဘူး၊ ရန်သူဆိုရင်တော့ ငါ့ဒူးလေးက လူမရွေးဘူးပဲ"

ထိုသို့ မိမိစိတ်ကို မောင်းတင်ပြီး ခါကာဘိုရာဇီ တောင်အောက် တစ်နေရာရှိ ဝါးတောဘက်သို့ ခရီးဆက်ခဲ့သည်။ ယခုလို ဆောင်းအကုန် နွေအကူး အချိန်တွင် ဝါးတော၌ မျှစ်စို့ပေါက်များ ထွက်လာလေ့ ရှိပြီး ထိုမျှစ်စို့ပေါက်များကို အလွန်ကြိုက်သော ကတိုးကောင်များလည်း လာလေ့ ရှိသည်။

ကတိုး ဆိုသည်မှာ ဒရယ်မျိုးနွယ်ဝင် ဖြစ်ပြီး ရေခဲတောင်များပေါ်တွင် ကျက်စားလေ့ ရှိသော ရှားပါး သတ္တဝါတစ်မျိုး ဖြစ်သည်။

အရွယ်မှာ ပခုံးအမြင့် လက်မ(၂၀)ခန့် ရှိပြီး အလျား (၃)ပေခန့် အရွယ်ရှိသည်။ ခွာမှာ ချေခွာများနှင့် တူသဖြင့် အဖျားချွန်သည်။ ကိုယ်အပေါ်ပိုင်းမှာ မီးခိုးရောင် ရှိပြီး ဝမ်းဗိုက်ပိုင်းက အဖြူရောင် ရှိသည်။

ကတိုးအထီးတွင် မေးအောက်မှ ထိုးထွက်နေသော အစွယ်နှစ်ချောင်း ရှိပြီး အမတွင် အစွယ်မရှိပေ။ ကတိုးအထီး





နှင့် အမများတွင် အမြီးတိုလေးများသာ ရှိပြီး ဦးချိုမရှိကြပေ။

မြန်မာဘာသာစကားဖြင့် ကတိုးဟုသာ ခေါ်ပြီး ရဝမ်တိုင်းရင်းသားစကားဖြင့် ထလား(ခေလား)ဟု ခေါ်ပြီး ကတိုးဆိုကို ရာငွမ်းဟု ခေါ်ကြသည်။

လီဆူးဘာသာစကားဖြင့်မူ ကတိုးကို "လား"၊ ကတိုးဆိုကို "လားဖူး" ဟု ခေါ်သည်။

ဂျိန်းဖောများသည် ကတိုးကို "ဟွမ်း" ဟုသာ ခေါ်ကြသည်။

လာချိတ်နှင့် လော်ဝေါ် လူမျိုးများက "လရှမ်း" ဟု ဒေသအလိုက် လူမျိုးအလိုက် ကတိုးနှင့် ပတ်သက်၍ အခေါ်အဝေါ် အမျိုးမျိုး ရှိကြသည်။

ကတိုး အထီးနှင့်အမ မိတ်လိုက်ပုံကလည်း အလွန်ထူးဆန်းလှပါသည်။ ကတိုးအထီးကောင်၏ အမြီးဖျားသည် နို့သီးခေါင်းကဲ့သို့ အဖျားချွန်ပြီး ထိပ်တွင် နို့သီးခေါင်းကဲ့သို့ အပေါက်ကလေးများ ရှိသည်။ ထိုအပေါက်ကလေးများမှ ကတိုးကောင်၏ သန္ဓေရည် ထွက်သည်။

မိတ်လိုက်ချိန်တွင် ကတိုးအမသည် သန္ဓေရစေရန်အတွက် ကတိုးအထီး၏ အမြီးဖျားကို ပါးစပ်ဖြင့် စုပ်ယူရသည်။ အထီးသွားရာနောက်သို့ တကောက်ကောက် လိုက်ကာ စုပ်ယူရခြင်း ဖြစ်သည်။

ကတိုးများသည် လပြည့်လကွယ်ရက်များတွင် မိတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြပြီး တစ်နှစ်လျှင် နှစ်ကြိမ်သာ ပေါက်သည်။ တစ်ကြိမ် ပေါက်လျှင် တစ်ကောင် ဖြစ်ပြီး နို့တိုက်သတ္တဝါ အမျိုးအစား ဖြစ်သည်။

ဆေးဖက်ဝင် ဖြစ်သော ကတိုးဆီ၊ ကတိုးမှုန့်၊ ကတိုးမွှေး၊ နံ့သာခဲသည် ကတိုးအထီး၏ ချက်အထက်တွင် အိတ်ငယ်နှင့် တည်ရှိသည်။ ထိုအိတ်အတွင်းတွင်မှ နီညိုရောင်အဆင်းရှိ ရနံ့မွှေးသော နံ့သာခဲ ရှိသည်။

တောဘုရင် ဖြစ်သော ကျားသည် ကတိုးကို ဖမ်းမိသောအခါ ကတိုးဆီ ရှိသော ချက်အိတ်ကို မစားဘဲ ချန်ထားလေ့ ရှိသောကြောင့် အချို့မုဆိုးများမှာ ပင်ပန်းကြီးစွာ မရှာရဘဲ မမျှော်လင့်ဘဲနှင့် ကတိုးမွှေးအိတ်ကို ရတတ်ကြသည်။

ငါးပိသာခန့် ထွက်သော ကတိုးတစ်ကောင်မှ နံ့သာခဲ ငါးမူးသားကို ရရှိပြီး ပိသာအချိန် တစ်ဆယ်ခန့် လေးသော ကတိုးတောင်မှ နံ့သာခဲ ငါးကျပ်သား ရရှိနိုင်၏။

ရဝမ် ဘာသာစကားဖြင့် ကတိုးဆီကို "မန်ညမ်း" "လဆိုင်း" "လခ်ရောမ်" ဟု ခွဲခြားခေါ်ဝေါ်ပြီး ထိုအထဲမှာမှ "လခရောမ်" ဟု ခေါ်သည့် ကတိုးဆီမှာ အကောင်းဆုံး ဖြစ်လေ၏။

ကတိုးကောင်မှာ ရှားပါးတိရစ္ဆာန် ဖြစ်သောကြောင့် ဖမ်းဆီးမိရန် အလွန်ခက်ခဲလှသည်။ အန္တရာယ်နှင့် အခက်အခဲများစွာဖြင့် ဖမ်းမိပြန်တော့လည်း ကတိုးအမ ဖြစ်နေလျှင် နံ့သာခဲ





မရပေ။ ထို့ကြောင့် ကတိုးမွှေးမှာ ဈေးကောင်းလှသည်။

ကတိုးမွှေး တစ်ကျပ်သားလျှင် သောင်းဂဏန်းဈေး ပေးဝယ်ကြရသောကြောင့် တောင်ပေါ်မုဆိုးတို့အဖို့ ကတိုးရရှိရန် သဲကြီးမဲကြီး လိုက်လံ ရှာဖွေကြသည်။

ယခုလည်း နော်စောထီးတစ်ယောက် ခါကာဘိုရာဇီ တောင်ပေါ်တွင် ကတိုးရရှိရန် သဲကြီးမဲကြီး လိုက်လံ ရှာဖွေနေခြင်း ဖြစ်သည်။

သူသည် ခါကာဘိုရာဇီ တောင်စောင်းမှ ဝါးရုံတောဆီသို့ ရောက်သောအခါ တောင်ကုန်းအကွယ် တစ်နေရာတွင် ဝင်၍ နေရာယူလိုက်သည်။

ထိုနေရာသည် အကွယ်ကောင်း၍ ဝါးရုံတောနေရာနှင့်လည်း အလှမ်းမဝေးလှပေ။

ဒူးလေးနှင့် မြှားကို အဆင်သင့် ပြုလုပ်ပြီး စိတ်ရှည်လက်ရှည် စောင့်နေလိုက်သည်။

ယခုအခါ နေရောင်ခြည်များ ဖြာဆင်းလာပြီး နှင်းများကွဲစ ပြုလာပြီ ဖြစ်သောကြောင့် ပတ်ဝန်းကျင်သို့ ကောင်းစွာ မြင်နိုင်လာသည်။

ဝါးရုံတောတစ်ဝိုက် မျှစ်နုကို လာစားကြသော ယုန်တစ်သိုက်ကို လှမ်းမြင်ရသည်။

မကြာမီ ဝါးရုံတောတွင်းသို့ ကတိုးနှစ်ကောင် လှမ်းဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



နော်စောထီး၏ ရင်ထဲမှာ ဒိတ်ကနဲ အခုန်မြန်သွားသည်။ ရှေ့မှ ဝင်လာသည်က အောက်မေးအစွယ်နှစ်ချောင်းနှင့် အထီးကောင်၊ နောက်မှ အမကောင်။

နော်စောထီးက ဒူးလေးကို အကျအန ပြင်၍ မြားတင်သည်။

ကတိုးနှစ်ကောင်ကတော့ ပတ်ဝန်းကျင်မှ ရန်သူကို မသိမမြင်ရှာ၊ နှင်းတောထဲမှ ထိုးထွက်နေသော ဝါးမျှစ်နုများကို သဲကြီးမဲကြီး တူးဆွ စားသောက်နေကြသည်။

နော်စောထီးမှာ စိတ်ကို တည်ငြိမ်အောင် ထိန်း၍ ဒူးလေးကို မ,ပြီး ကတိုးဆီသို့ မြားတံကို ချိန်လိုက်သည်။

ထိုအခိုက်မှာပင် သူ၏ နောက်ဘက်မှ အရိပ်မည်းကြီး တစ်ခု ထိုးကျလာသောကြောင့် အလန့်တကြား လှည့်ကြည့်လိုက်သည်။

မမျှော်လင့်ဘဲ ရောက်ရှိလာသော အန္တရာယ်ကို မြင်လိုက်ရသောကြောင့် ခုခံတိုက်ခိုက်ရန် ဟန်ပြင်လိုက်သော်လည်း နော်စောထီးအတွက် များစွာ နောက်ကျသွားခဲ့လေပြီ။ ကြောက်မက်ဖွယ်ရာ အော်သံကြီးတစ်သံက နှင်းတောင်တန်းများတဝိုက် ပဲ့တင်ထပ်သွားလေတော့သည်။







( ၂ )

နီမောင်တို့အဖွဲ့ ရေခဲတောင်တန်းများပေါ်တွင် နှစ်ရက်သုံးရက် လိုက်ရှာကြမှ တောင်စောင်းတစ်နေရာတွင် ရုပ်ပျက်ဆင်းပျက် သေဆုံးနေသော နော်စောထီး အလောင်းကို ရှာတွေ့ကြသည်။

နီမောင့်ခမျာ ဖခင်ဖြစ်သူ၏ အလောင်းကို တွေ့သောအခါ ရင်မချိအောင် ခံစားရသည်။

ဘယ်သူ့လက်ချက်ဖြစ်၍ သေဆုံးသွားရပါလိမ့်။ ကျား၊



www.burmeseclassic.com

www.burmeseclassic.com



ကျားသစ်များ လက်ချက်နှင့် သေဆုံးပါက ကိုက်ဖြတ် စားသောက်ထားသဖြင့် အပြတ်ပြတ် ဖြစ်နေလောက်ပြီ။ ဆင်နင်းခံရသည်ဆိုပါက အပိုင်းပိုင်း နှင်းတောထဲမှာ ပြားချပ်နေရော့မည်။ မြွေဆိပ်ထိပါကလည်း ဤမျှ ရုပ်ပျက်ဆင်းအပျက် မဖြစ်တန်ရာ။

ယခုတော့ ဇက်ကျိုးပြီး တစ်ကိုယ်လုံး ရိုက်နှက်ထားသော ဒဏ်ရာဒဏ်ချက်များဖြင့် မရှုမလှ သေဆုံးနေခြင်း ဖြစ်သည်။

"နီမောင် . . . ဒီမှာကြည့်စမ်း"

ဖော်ဘက အပိုင်းပိုင်း ကျိုးနေသော ဒူးလေးနှင့် မြှားတံများကို ကောက်ယူပြလာသည်။

နီမောင်တို့သည် ကျိုးနေသော ဒူးလေးနှင့် မြှားတံများကို ကြည့်ပြီး ဘယ်လို ရန်သူမျိုးနှင့် တွေ့သွားပါလိမ့်ဟု စဉ်းစားရကြပ်သွားတော့သည်။

ဖော်ဘက . . .

"ငါတော့ ဒူးလေးတွေ၊ မြှားတွေ ရိုက်ချိုးထားတာ နားမလည်တော့ဘူး" ဟု ဆိုသည်။

"အေး . . . ဟုတ်တယ်၊ ငါထင်တာကတော့ အဖေနဲ့ ရန်ဘက်တွေ ဖြစ်ကြတဲ့ အထက်ဆန်ဂေါင်းရွာက မူဆိုး ဇမုန်းထန်တို့ အဖွဲ့နဲ့ တွေ့ပြီးများ အသတ်ခံလိုက်ရသလားလို့ ထင်တယ်"

"ဟုတ်ချင်မှလဲ ဟုတ်မှာပါကွာ၊ မင်း ဉပါဒါန်တွေ သိပ်မထားပါနဲ့၊ ကဲ . . . တို့ ဦးလေး အလောင်းကို မြေမြှုပ်လိုက်ကြရ





အောင်"

နှစ်ယောက်သား တောင်စောင်းတစ်နေရာတွင် မြေကျင်းတူးပြီး မြေမြှုပ်သဂြိုဟ်လိုက်ကြသည်။

နီမောင့်မျက်နှာပေါ်တွင် နှင်းမှုန်နှင်းစက်များနှင့် မျက်ရည်များ ရောထွေး စီးကျနေသည်။

အမေ မရှိတော့သော ဘဝတွင် အဖေတစ်ခု သားတစ်ခု မှီခိုအားထားပြု၍ နေလာခဲ့ရာ ယခု အဖေက လမ်းခွဲသွားခဲ့ပြီ။

အဖေ ဘယ်လို သေတာလဲ၊

ဘယ်သူ့လက်ချက်နဲ့ သေတာလဲ၊

နီမောင် သိချင်နေသည်။

အဖေ့ကို ရက်ရက်စက်စက် သတ်သွားသည့် တရားခံကို သိရပါက ကောင်းစွာ လက်စားပြန်ချေလိုသော စိတ်က လူငယ်ပီပီ ဖြစ်ပေါ်နေတော့သည်။

ယခု အဖေ အသတ်ခံရသော နေရာတစ်ဝိုက်ကို နီမောင် ကောင်းစွာ မှတ်မိနေသည်။

မနှစ်က သူနှင့်အဖေတို့ ဒီနေရာတွင် အမဲလိုက်ရင်း မျောက်ဝံတစ်ကောင်ကို အမှတ်မထင် တွေ့သဖြင့် အဆိပ်လူးမြှားဖြင့် ပစ်ခတ် ဖမ်းဆီးခဲ့ကြသည်။ မျောက်ဝံကို မြှားထိသော်လည်း မသေဘဲ လွတ်မြောက်သွားခဲ့သည်။

အဆိပ်လူးမြှားချက် ထိထားသော သတ္တဝါမှာ မည်



www.burmeseclassic.com

www.burmeseclassic.com



သည့် နည်းနှင့်မျှ အသက်မရှင်နိုင်ကြကြောင်း သိလိုက်သဖြင့် လိုက်ရှာသော်လည်း မတွေ့ကြတော့ပေ။

သွေးစို့ရုံနှင့် သေနိုင်သော မြှားချက်ထိုထားသဖြင့် မျောက်ဝံသည် ထိုနေရာ တစ်ဝိုက်မှာပင် ပျောက်ခြင်းမလှ ပျောက်သွားခဲ့သည်။

ထို့နောက်ပိုင်းတွင် မျောက်ဝံများကို မတွေ့ရတော့ပေ။

နီမောင်နှင့် ဇော်ဘတို့သည် နော်စောထီး အလောင်းကို ကောင်းမွန်စွာ မြှုပ်နှံသင်္ဂြိုဟ်ပြီးနောက် ထိုနေရာတစ်ဝိုက်သို့ လှည့်လည် ကြည့်ရှုကြသည်။

ယခုအခါ နေရောင်ခြည်မှာ တစ်စတစ်စ မြင့်တက်လာပြီ ဖြစ်သောကြောင့် နှင်းခဲများ ပျော်ကျနေသည်။ ထို့ကြောင့် မြင်ကွင်းအားလုံး ရှင်းလင်းစွာ မြင်နိုင်လာသည်။

နီမောင်နှင့် ဇော်ဘတို့ နှစ်ယောက်စလုံး အသက် နှစ်ဆယ်ကျော်အရွယ်ရှိ သန်စွမ်းကြံ့ခိုင်သော လူငယ်များ ဖြစ်ကြသည်။ အရွယ်ရောက်စကတည်းက တောင်တန်းများပေါ်တွင် ကြီးပြင်းခဲ့ပြီး သားကောင်လိုက်ခြင်း၊ မဂျစ်ဥ၊ ခန်းတောက်မြစ် ရှာခြင်းတို့ကိုလည်း ကျွမ်းကျင်စွာ ရှာဖွေ လုပ်ကိုင်နိုင်ကြသူများ ဖြစ်ကြသည်။

သူတို့နှစ်ယောက်သည် ပတ်ဝန်းကျင် တစ်ဝိုက်သို့ လိုက်လံကြည့်ရှုကြစဉ် ဝါးရုံတောအလွန်ရှိ တောင်စောင်း တစ်နေရာတွင် တစ်စွန်းတစ်စ ပေါ်နေသော ဂူပေါက်တစ်ပေါက်ကို





လှမ်းမြင်ရသည်။

"ဟ. . . နီမောင်၊ ဟိုမှာ ဂူပေါက်တစ်ပေါက်ပါလား"

"အေး. . . ဟုတ်တယ်၊ အရင်က ဒီနေရာမှာ ဂူတစ်ဂူ ရှိနေတာ တို့ မမြင်မိပါလား"

"ဘယ်မြင်ရမလဲ၊ တစ်နှစ်လုံး ရေခဲတွေနဲ့ ဖုံးနေတာကိုး၊ အခုတောင် နေပူပြီး နှင်းတွေ ပျော်ကျသွားလို့ ဂူပေါက် ပေါ်လာတာ နေမှာပေ့ါ။ လာကွာ. . . အတွင်း ဝင်ကြည့်ရအောင်"

နှစ်ယောက်သား လှံနှင့် ဓားတို့ကို အသင့်ကိုင်ပြီး သတိကြီးစွာ ထား၍ ဂူအတွင်းသို့ ဝင်ကြည့်ကြသည်။

ဂူအဝင်ပေါက်မှာ အတန်ငယ် ကျဉ်းသော်လည်း အတွင်းပိုင်း ရောက်သောအခါ အတော်ကျယ်ဝန်းလှသည်။ အဝပိုင်း၌ အလင်းရောင် ရှိသော်လည်း အတွင်းပိုင်း၌ မှောင်လာသဖြင့် အသင့်ပါလာသော ထင်းရှူးသားများကို မီးရှို့ပြီး ထို အလင်းရောင်ဖြင့် အတွင်းသို့ ဆက်ဝင်ကြသည်။

ဂူအတွင်းပိုင်း၌ ညှီစို့စို့ အနံ့အသက်များကြောင့် ပိုမို သတိထားကြသည်။

ဂူအလျားမှာ မရှည်လှဘဲ တစ်နေရာ ရောက်သော အခါ ကျောက်နံရံကြီး ပိတ်နေသည်။

ထိုနေရာတွင် ထူးခြားသော အရာတစ်ခုကို တွေ့မြင်ကြရသည်။ ထိုအရာကား အခြားမဟုတ်ပေ။ သေဆုံးနေပြီး အရိုးကျလု ဖြစ်နေသော မျောက်ဝံကြီးတစ်ကောင်ပင် ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အသေအချာ ကြည့်ကြသောအခါ မျောက်ဝံကြီး၏ ကိုယ်၌ မြားတံတစ်ချောင်း စိုက်ဝင်နေသည်ကို တွေ့မြင်ရသည်။

နီမောင်က မြားတံကို နှုတ်ယူကြည့်လိုက်သောအခါ မိမိတို့ အသုံးပြုခဲ့သော မြားတံဖြစ်ကြောင်း သိရလေတော့သည်။

"ဒါ ငါတို့ရဲ့ မြားတံပဲ၊ ဒါဆိုရင် ဒီမျောက်ဝံကြီးက မနေ့က တို့ ပစ်လိုက်တဲ့ မျောက်ဝံကြီး ဖြစ်မယ်၊ ဒီဂူထဲ ဝင်သွားလို့ ရှာမတွေ့တော့တာကိုး၊ အခု သေနေတာ အမကောင်ကြီးဆိုတော့ အထီးတစ်ကောင်များ ကျန်နေဦးမလား"

နီမောင်၏ စကားမဆုံးမီ ဂူပေါက်ဝမှ အရိပ်မည်းကြီး တစ်ခု ပေါ်လာတော့သည်။

"ဟော့ . . . နီမောင်"

ဇော်ဘက အလန့်တကြား သတိပေးလိုက်သဖြင့် နီမောင် လှည့်ကြည့်လိုက်သောအခါ ဂူပေါက်ဝမှ မျောက်ဝံကြီး တစ်ကောင် ဝင်လာသည်ကို တွေ့လိုက်ရသည်။

နှစ်ယောက်သား ချောင်ပိတ်မိနေသည်။

သူတို့နှစ်ယောက်ကို မြင်သောအခါ မျောက်ဝံကြီးက ဒေါသတကြီး ပြေးဝင်လာပြီး တိုက်ခိုက်လေတော့သည်။

သူတို့တွင် ပါလာသော ဒူးလေးများမှာ အဝေးပစ်သာ အသုံးဝင်သော်လည်း အနီးကပ်တွင် တုတ်တစ်ချောင်းလောက်သာ အသုံးဝင်တော့သည်။

နီမောင်က အနီးသို့ ရောက်လာသော မျောက်ဝံကြီး





အား လက်ထဲမှ ဒူးလေးဖြင့် ဆီးရိုက်သည်။ မျောက်ဝံကြီးက ဒူးလေးကို ဖမ်းဆွဲယူလိုက်ပြီး ဂူနံရံနှင့် ရိုက်ချိုးလိုက်သည်။ ထို့အတူ ဇော်ဘထံမှ ဒူးလေးကိုလည်း မရအရ လုယူပြီး ရိုက်ချိုးလိုက်ပြန်သည်။

သည်တော့မှ နော်စောထီးကို သတ်သွားသော တရားခံမှာ ထိုမျောက်ဝံကြီး ဖြစ်ကြောင်း ရိပ်မိလေတော့သည်။

မျောက်ဝံကြီးမှာ ဒူးလေးကို အသေမုန်းတီးပြီး ဒူးလေးကိုင်သူများကိုလည်း အသေအကြေ တိုက်ခိုက်ကြကြောင်း လက်တွေ့ သိရပေတော့သည်။

နီမောင်တို့ နှစ်ယောက်ခမျာ မျောက်ဝံကြီး၏ လက်တံရှည်ကြီးများဖြင့် ပြင်းထန်သော ရိုက်ချက်များ မမိအောင် အတော့်ကို ရှောင်ရှားနေရလေ၏။

၎င်းတို့ တန်ပြန်တိုက်ခိုက်သော ဓားနှင့်လှံတို့မှာလည်း အမွေးထူသော မျောက်ဝံကြီးကိုယ်ကို ထိရောက်မှု မရှိလှပေ။

"ဇော်ဘ . . . တို့ ဒီလိုတိုက်နေလို့ မရဘူး၊ အပြင်ကို ဖောက်ထွက်မှ ရမယ်"

"မင်း အရင်ထွက်နှင့်၊ ငါ တိုက်ထားမယ်"

"မင်း အရင်ထွက်ကွာ"

"စကားရှည်လိုက်တာ၊ ထွက်မှာဖြင့် ထွက်စမ်းကွာ"

ဇော်ဘက သဲကြီးမဲကြီး တိုးဝင်လာသော မျောက်ဝံကြီး၏ ကိုယ်ကို လှံဖြင့် အားကုန်ထိုး၍ ဘေးသို့ လိမ့်ရှောင်လိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မျောက်ဝံကြီးက ကြမ်းတမ်းသော လက်ဝါးကြီးဖြင့် အားကုန် ရိုက်ချသည်။

ဖော်ဘာ ပခုံးစွန်းတစ်ချက် ထိသွားသည်။

ထိုအချိန်တွင် နီမောင်က လှိမ့်ရှောင်လိုက်ပြီး အပြင်ဘက်သို့ ရအောင် ထွက်သည်။

သူ အပြင်ရောက်သွားပြန်တော့ ဖော်ဘာ တစ်ယောက်တည်း အတွင်း၌ မထားခဲ့လိုသောကြောင့် ထင်းရှူးစ တစ်ချောင်းကို မီးရှို့ပြီး မီးတုတ်ကြီး ဖြစ်လာသောအခါ အနောက်မှ ဝင်ရိုက်ရာ အမွေးများ မီးလောင်သဖြင့် ချော်နံ့များ ထွက်လာတော့သည်။

မီးနှင့် တွေ့သောအခါ မျောက်ဝံကြီးမှာ ဟူးဟူးဝါးဝါးနှင့် နောက်ဆုတ်သွားစဉ် ဒဏ်ရာရထားသော ဖော်ဘာကို အပြင်သို့ ရောက်အောင် ထုတ်ယူသည်။ နှစ်ယောက်စလုံး အပြင်ပိုင်း ရောက်သောအခါ နောက်ဆုတ်နောက်ဆုတ်ဖြင့် ဂူအပြင်ဘက် ရောက်အောင် ထွက်သည်။ မျောက်ဝံကြီးကလည်း နီရဲသော မျက်လုံးကြီးများနှင့် ပါးစပ်ကြီးကို အစွမ်းကုန် ဖြဲကာ ရန်သူကို အလွတ်မပေးလိုဟန်ဖြင့် တစ်လှမ်းချင်း ရှေ့သို့ တိုးလိုက်လာသည်။

"ဒီကောင်ကြီးကို အလွတ်ရှောင်လို့တော့ ရမှာ မဟုတ်ဘူး၊ ဒီတော့ သူသေကိုယ်သေ တိုက်မှ ဖြစ်မယ်၊ ငါပြောတဲ့အတိုင်းသာ လုပ်ပေတော့ ဖော်ဘာ"





နီမောင်က အစီအစဉ်ကို ပြောပြီးနောက် လက်ထဲမှ မီးတုတ်ကြီးနှင့် ပစ်ပေါက်ကာ တရကြမ်း ဝင်တိုက်ကြပြန်သည်။

နီမောင်နှင့် ဖော်ဘာတို့နှစ်ယောက်နှင့် မျောက်ဝံကြီး တစ်ကောင်တို့၏ အသက်လုပွဲကြီးမှာ ကြောက်မက်ဖွယ်ရာ ပေါ်လာကြလေတော့သည်။ အချိန်ကြာလာသည်နှင့်အမျှ လူတွေရော မျောက်ဝံကြီးပါ ဒဏ်ရာအသီးသီး ရကြလျက် သွေးအလိမ်းလိမ်း ဖြစ်နေကြပြီ။

တစ်ကြိမ်တွင် ဖော်ဘာသည် မျောက်ဝံကြီး တိုက်ခိုက်လာသည်ကို နောက်ဆုတ်ပေးရင်း ချောက်ကမ်းပါးစွန်းသို့ ရောက်သွားတော့သည်။ နီမောင်က နောက်မှာ။

ဖော်ဘာက နောက်ဆုတ်ရင်း ချောက်ကမ်းပါးအစွန်းတွင် လဲကျသွားတော့သည်။

ထိုအချိန်တွင် မျောက်ဝံကြီးက ဖော်ဘာ၏ အပေါ်မှ စီး၍ လည်ပင်းညှစ်သတ်ရန် ပြေးဝင်သွားစဉ် နီမောင်က နောက်မှ အရှိန်ဖြင့် ပြေးဝင်သွားပြီး ကျောကုန်းကို ခုန်ကန်လိုက်လေရာ မျောက်ဝံကြီးမှာ အရှိန်မထိန်းနိုင်တော့ဘဲ ချောက်ကမ်းပါးထဲသို့ ထိုးကျသွားလေတော့သည်။

ကျယ်လောင်သော ဟစ်အော်သံကြီးနှင့်အတူ ချောက်အတွင်းသို့ ထိုးကျသွားသော မျောက်ဝံကြီး၏ အရှိန်ကြောင့် ကမ်းပါးစွန်းမှ နှင်းခဲနှင့် မြေသားများ ပြိုကျသွားသဖြင့် ကမ်းပါးစွန်း ရောက်နေသော ဖော်ဘာအား အချိန်မီ လှမ်းဆွဲထားလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ခက်ခက်ခဲခဲ ဆွဲတင်ပြီး အပေါ် ပြန်ရောက်တော့မှ ဇော်ဘက မောမောပန်းပန်းနှင့် မှတ်ချက်ပေးသည်။

"မင်းအဖေကို သတ်တဲ့ တရားခံကို ငါ အခုမှ သိရတော့တယ်၊ တခြားဟုတ်ပါရိုးလား. . . ဒီမျောက်ဝံကြီးပဲကွ"

"ဘာကြောင့် ပြောနိုင်တာလဲ"

"မနှစ်က မင်းတို့ သားအဖက သူ့အဖော် မျောက်ဝံမကြီးကို မျှားနဲ့ ပစ်သတ်ခဲ့တယ်၊ ဒါကြောင့် မျောက်ဝံထီးကြီးက ဒေါသဖြစ်ပြီး ဒူးလေးကိုင်တဲ့လူတွေကို လိုက်ပြီး ရန်ရှာနေတော့တာပဲ၊ တခြား မကြည့်နဲ့၊ တို့နဲ့တွေ့တော့ တို့ဆီက ဒူးလေးတွေကို မရအရ ယူပြီး နံရံနဲ့ ရိုက်ချိုးပစ်ခဲ့တာ မင်း မမြင်ဘူးလား၊ မင်းအဖေရဲ့ အလောင်းနားမှာ ဒူးလေး အပိုင်းပိုင်း ကျိုးနေတာ တွေ့ခဲ့ရတယ် မဟုတ်လားကွ"

ဇော်ဘ၏ စကားကြောင့် ဂူထဲတွင် မိမိတို့ တွေ့စဉ်က လူထက် ဒူးလေးများကို အမိအရ ဖမ်းဆွဲ၍ ဒေါသတကြီး ဖြစ်ကာ ဂူနံရံနှင့် ရိုက်ချိုးပစ်ခဲ့သည်ကို ပြန်လည် မြင်ယောင်မိသည်။

"အင်း. . . သံယောဇဉ်ကို ထိပါးတဲ့ ရန်ငြိုးရန်စများတယ်လဲ ကြောက်စရာ ကောင်းပါလား၊ ဘာပဲဖြစ်ဖြစ် ငါ့အဖို့တော့ အဖေ့အတွက် လက်စားချေပေးလိုက်နိုင်တာကိုပဲ ကျေနပ်လှပါပြီ၊ ကဲ. . . တို့လည်း ပင်ပန်းလှပြီ၊ ရွာကို ပြန်ကြစို့ကွာ"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ဖေးဖေး





မမ တွဲလျက် ခါကာဘိုရာဇီ တောင်ပေါ်မှ ပြန်ဆင်းခဲ့ကြသည်။

ယခုတော့လည်း စောစောပိုင်းက ငရဲပွက်သံပမာ အသက်လုပွဲများ တိုက်ခိုက်ခဲ့ကြသော ခါကာဘိုရာဇီတောင်တန်းတစ်နေရာမှ ရေခဲများ တစ်စတစ်စ ပြန်လည် ဖုံးအုပ်လာလျက် အေးချမ်း တိတ်ဆိတ်မှုများ ပြန်လည် ကြီးစိုးလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# လှုမ်းထက်

နေရှာဝါဝါတဲ့က

ဟဝ္ဂ



အမေရိကန်ပြည်ထောင်စု မြို့တော်ပင်လယ်ရေ ကြောင်းသွားလာရေး ကုမ္ပဏီပိုင် "အက်(စ်)အက်(စ်)ဝါတာ ဇ်တောင်း" သင်္ဘောဆီတွင် သင်္ဘောကြီးမှ ကာပွတိန်ကြီး ကက်ထ်ရေစီသည် မျှော်မှန်း နှမ်းနယ်နေသော်လည်း အိပ်စက်၍ မရနိုင် ဖြစ်နေသည်။ ဘယ်စောင်းညာလှည့် မြင့်သော တစ်နာရီပြီး တစ်နာရီ ကုန်လွန်သွားခဲ့၏။ အိပ်စက်လိုသော ဆန္ဒကား ပြည့်ဝခြင်း မရှိခဲ့။ သင်္ဘောကြီး တစ်စင်းလုံး စက်ခုတ်သံမှတပါး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

ပ နိ း ဒီ ရ ေ န ဝိ လ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ သင်္ဘောကုန်းပတ်ပေါ်မှ တာဝန်ကျ သင်္ဘောသား နှစ်ယောက်၏ စကားပြောသံ၊ လေချွန်သံသည် ကပ္ပတိန်ကြီး၏ အခန်းသို့ ပျံ့လွင့်လာခဲ့၏။ သူတို့သင်္ဘောသည် လွန်ခဲ့သော နှစ်ရက်ခန့်ကပင် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယား ပြည်နယ်၊ ဆန်ပီဒရို ဆိပ်ကမ်းမှာ ပနားမားသို့ လောင်စာဆီများ တင်ဆောင်၍ ထွက်ခွာလာခဲ့၏။

ကပ္ပတိန်ကြီး ကက်ထရေစီသည် နှစ်ပေါင်း(၃၀)ကျော် ကပ္ပတိန်အဖြစ် အမှုထမ်းခဲ့သူ ဖြစ်သဖြင့် ပင်လယ်ပျော် သင်္ဘောသားကြီး တစ်ယောက် ဖြစ်၏။ အပေါင်းအသင်း ကောင်းသူ၊ လက်အောက်ငယ်သားများကို ညှာတာသူ၊ စည်းကမ်းကြီးသူ၊ အတွေ့အကြုံ ရင့်ကျက်သော ကပ္ပတိန်ကြီး ဖြစ်သဖြင့် မြို့တော် ပင်လယ်ရေကြောင်း သွားလာရေး ကုမ္ပဏီမှ တာဝန်ရှိသူများကလည်း ယုံကြည်စိတ်ချရသော လူကြီးလူကောင်းတစ်ယောက်ဟု ယူဆထားကြ၏။

သူ၏ ကပ္ပတိန် အမှုထမ်းသက် အနှစ်(၃၀)အတွင်း စိတ်မချမ်းမြေ့ဖွယ်ရာ ဝမ်းနည်းကြေကွဲဖွယ်ရာ ပြဿနာများ တွေ့ခဲ့ခြင်း မရှိသဖြင့် သူ့အား မိတ်ဆွေများက "အလွန်ကံကောင်းသော ထရေစီ" (Lucky Tracy)ဟု ကင်ပွန်းတပ်ခဲ့ကြ၏။ သို့ဖြစ်၍ မြို့တော် ရေကြောင်းသွားလာရေး ကုမ္ပဏီမှ တာဝန်ရှိသူများသည် ကုမ္ပဏီပိုင် အကြီးဆုံး လောင်စာဆီတင် သင်္ဘောကြီး၏ ကပ္ပတိန်ကြီးအဖြစ် တာဝန်ပေးခဲ့ခြင်း ဖြစ်၏။





ကပ္ပတိန်ကြီးသည် သူ့ခုတင်ဘေးရှိ စားပွဲပေါ်မှ စားပွဲတင် နာရီကို ကြည့်မိသည်။ နံနက် လေးနာရီ လေးဆယ်မိနစ်ရှိပြီ ဖြစ်၍ မကြာမီ ရောင်နီပျို့လာတော့မည် ဖြစ်သည်။ သူ့စိတ်များသည် ယမန်နေ့က ကြုံတွေ့ခဲ့ရသည့် ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်ရပ်ကို ဖျောက်မရ ဖြစ်နေသည်။ သူ ကပ္ပတိန်အဖြစ် အနှစ်သုံးဆယ် ဆောင်ရွက်ခဲ့ရသည့် နှစ်ကာလများအတွင်း ထူးထူးခြားခြား စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်ရပ် ဖြစ်သည်ဟု ကောက်ချက်ချခဲ့သဖြင့် ထိုနေ့ တစ်ညလုံး အိပ်စက်၍ မရခြင်း ဖြစ်၏။ အိပ်စက်၍ ရနိုင်စရာလည်း ရှိနိုင်စရာ မရှိပါ။ ထိုနေ့(၁၉၂၉ - ခု၊ ဒီဇင်ဘာလ(၃)ရက်နေ့)က လောင်စာဆီတင် သင်္ဘောကြီး အက်(စ်)အက်(စ်)ဝါတာတောင်း သမိုင်းတွင် အဆိုးဆုံး ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်ရပ်နှင့် ကြုံတွေ့ခဲ့ရ၏။

၎င်းသင်္ဘောတွင် နှစ်ပေါင်းများစွာ အမှုထမ်းခဲ့သော သင်္ဘောသား ဝါရင့်ကြီး ဂျိမ်းစကုတ်နေနှင့် မိုက်ကယ်မီဟန်ဆိုသူ သင်္ဘောသား လူငယ်တစ်ယောက်တို့မှာ လောင်စာဆီများမှ သိုစိမ့်ထွက်လာသည့် ဓာတ်ငွေ့များကြောင့် အသက်ရှူ မွန်းကျပ်သော ရောဂါဝေဒနာ အပြင်းအထန် ခံစားခဲ့ကြရ၏။ သင်္ဘောကပ္ပတိန်ကြီး ထရေစီနှင့် သင်္ဘောဆေးမှူးကြီးတို့သည် အတတ်နိုင်ဆုံး ကြိုးစား၍ ကုသပေးခဲ့သော်လည်း သင်္ဘောသား နှစ်ယောက်စလုံးမှာ ကွယ်လွန်ခဲ့ရသည်။ သင်္ဘောသားကြီး ဂျိမ်းစကုတ်နေမှာ အက်စ်အက်စ် ဝါတာတောင်း စတင်ရေချစဉ်ကပင်



www.burmeseclassic.com

www.burmeseclassic.com



ဤသင်္ဘောတွင် အမှုထမ်းခဲ့သူ ဖြစ်သဖြင့် ကပ္ပတိန်ကြီး အပ
အဝင် သင်္ဘောသား အားလုံးမှာ ယူကျုံးမရ ဖြစ်ခဲ့ကြရ၏။

ဂျိမ်းစ်သည် အသက်အရွယ်အားဖြင့် (၅၀)ရှိခဲ့ပြီ ဖြ
သော်လည်း လူငယ်ကလေး တစ်ယောက်ကဲ့သို့ ဖျတ်ဖျတ်
လတ်လတ် အလုပ်ကို မခိုမကတ် လုပ်နိုင်သူ ဖြစ်သဖြင့် သင်္ဘော
သား အားလုံးက ခင်မင်ကြ၏။ သင်္ဘောသားကလေး မိုက်ကယ်
မှာမူ ဤခရီးစဉ်သည် သူ၏ ပထမဆုံး ခရီးစဉ် ဖြစ်၏။ ပထမဆုံး
ခရီးစဉ်၌ မတော်တဆ အန္တရာယ်ဆိုးနှင့် ကြုံတွေ့ခဲ့ရသည်
အတွက် သင်္ဘောသားအားလုံး စိတ်မချမ်းမြေ့ ဖြစ်ကြရသည်

အက်စ်အက်စ်ဝါတာတောင်း ရောက်ရှိနေသည့် ပင်
လယ်ပြင်မှာ အမေရိကန်ပြည်ထောင်စု ဘာဘေးဒိုး(စ်)ကျွန်းအနီး
ပင်လယ်ပြင် ဖြစ်၏။ ခန့်မှန်းခြေအားဖြင့် လတ္တီတွဒ် ၁၄-၂၀
မြောက်နှင့် လောင်ဂျီတွဒ် (၅၀)ဒီဂရီ အနောက်တို့အကြားတွင်
ဖြစ်၏။

ထိုနေ့ညနေမှာပင် ကပ္ပတိန်ကြီးနှင့် သင်္ဘော အင်ဂျင်
နီယာမှူးကြီး မွန်ဂိုအာကင် ခေါင်းဆောင်သော သင်္ဘောအမှု
ထမ်းများ အားလုံးသည် ကွယ်လွန်သူများအတွက် ဝတ်ပြု ဆု
တောင်းမှုကို ပြုခဲ့ကြပြီး ကွယ်လွန်သူ သင်္ဘောသားနှစ်ဦးတို့အား
ဗျာပန အခမ်းအနား ကျင်းပ၍ ပင်လယ်ပြင်အတွင်း ပစ်ချမြှုပ်
စေခဲ့ရတော့၏။

ထိုနေ့ ညနေတစ်ညနေလုံး သင်္ဘောပေါ်ရှိ အမှုထမ်း



အားလုံးမှာ ဖြေဆည်၍ မရခဲ့ကြ။ သက်ဆိုင်ရာ မိဘဆွေမျိုးများ
ထံ ကြိုးမဲ့ကြေးနန်းသတင်း ပေးပို့ကြရပြီး မြို့တော် ပင်လယ်
ရေကြောင်းသွားလာရေးအဖွဲ့မှ တာဝန်ရှိသူများထံသို့လည်း
သတင်းပေးပို့ခဲ့ကြရ၏။

ကပ္ပတိန်ကြီးသည် အိပ်ရာပေါ်တွင် လဲလျောင်းနေစဉ်
သင်္ဘော စက်ခုတ်သံကို မသိမသာ ဖောက်ထွင်းလာသည့် လူ
တစ်ယောက် ပြင်းပြင်းထန်ထန် ဝေဒနာ ခံစားရသဖြင့် ညည်း
တွားနေသော အသံတစ်သံ ထွက်လာသည်ဟု ထင်မိသည်။
ပထမတွင် ဟုတ်မှဟုတ်ပါ့မလားဟု ဂရုစိုက် နားစွင့်ကြည့်မိ
သည်။ ညည်းနေသော အသံဖြစ်ကြောင်း သိရသည်။ ကပ္ပတိန်
ကြီးသည် အာရုံစိုက်၍ နားထောင်သောအခါ လူတစ်ယောက်
ခံနည်းကြေကွဲမှုကို မထိန်းချုပ်နိုင်သဖြင့် ထွက်ပေါ်လာသော
ညည်းသံဟု ထင်သည်။

သူသည် သတ္တိထူးထူးခြားခြား ရှိသူ တစ်ယောက်
ဟုတ်သော်လည်း အကြောင်းမဲ့ ကြောက်တတ်သူတစ်ဦး
ဟုတ်ပါ။ သို့သော် ထိုညည်းသံသည် သင်္ဘောသားဝါရင့်ကြီး
ဂျိမ်းစ်ကုတ်နေ အသက်ရှူကျပ်သော ဝေဒနာ ခံစားနေရစဉ်က
ညည်းသံနှင့် တူနေသည်ဟု ထင်မိသည်။ စိတ်တွင် အာရုံထင်မိ
ခြင်းလော။ သူသည် ကွယ်လွန်သူများ ကိုယ်ထင်ပြသည်၊
ကွယ်လွန်သူများ၏ အသံကို ကြားရသည်၊ ကွယ်လွန်သူများ၏
ခန့်ရသည်ဆိုသော အစွဲအလမ်းကို ယုံကြည်သူ မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



စိတ်စေတသိက်တို့၏ ဆန်းကြယ်သော သဘောအဖြစ်သာ ယူဆထား၏။ သို့သော် ထိုညည်းသံသည် ဝေးဝေးမှ မဖြစ်နိုင်။ သူ့အိပ်ခန်းပြင်ဘက် သင်္ဘောကုန်းပတ်ပေါ်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်မှာ သေချာသည်ဟု ယူဆရသဖြင့် ခုတင်ပေါ်မှ ရုတ်တရက် ထ၍ သူ့အခန်းတံခါးကို ဖွင့်လိုက်သည်နှင့် အံ့ဩသွားခဲ့ရသည်။

သူ့အိပ်ခန်း၏ ဝဲဘက်ရှိ သင်္ဘောအင်ဂျင်နီယာမှူးကြီး မွန်ဂိုအာကင် အခန်းမှ တံခါးပွင့်လာကာ မွန်ဂိုအာကင် ထွက်လာသည်။ သူ့မျက်နှာတွင်လည်း နားမလည်နိုင်ခြင်း၊ အံ့ဩခြင်းတို့ ရောထွေးလျက် ရှိဟန်တူသည်။ သူတို့နှစ်ယောက် ကုန်းပတ်ပေါ်သို့ တက်လာခဲ့ကြ၏။ ညည်းတွားသံမှာ ပျောက်မသွားသေး အင်ဂျင်နီယာမှူးကြီး မွန်ဂိုအာကင် ကိုယ်တိုင်လည်း ကြားနေဟန် ရှိနေသည်။

ကပ္ပတိန်ကြီးအဖို့ စိတ်အာရုံထင်ခြင်း မဟုတ်တော့ လူနှစ်ဦး တစ်ပြိုင်နက် ကြားရသည်မှာ ဆန်းကြယ်လှသည်။ သူတို့သည် ငါးမိနစ်ခန့် ဆက်လက် နားထောင်ကြည့်မိ၏။ ညည်းတွားသံသည် တစ်စတစ်စ ပျောက်ကွယ်သွားခဲ့၏။

သူတို့နှစ်ယောက်သည် သင်္ဘောကြီး၏ ကုန်းပတ်ပေါ်သို့ တက်လာခဲ့ကြသည်။ အရှေ့ဘက် ကောင်းကင်ပြင်တွင် တက်သစ်စ နေမင်း၏ ရောင်ခြည်များ ဖြာစပြုပြီ ဖြစ်၍ ရဲရဲနီ၏သည်။ သင်္ဘောကြီး၏ ကုန်းပတ်ပေါ်တွင် အရုဏ်ဦး၏ ပန်း





ရောင်များသည် ခုန်ပေါက် မြူးတူးလျက် ရှိပြီး အမှောင်ထုသည် ရှဲသွားပြီ ဖြစ်သဖြင့် မြင်ကွင်းသည် ပြတ်သား ကြည်လင်လာ၏။ ကုန်းပတ်ပေါ်တွင် လူသူကင်းမဲ့လျက် ရှိ၏။ သူတို့ ကြားရသော ညည်းတွားသံသည် ကွယ်လွန်သွားသူ သင်္ဘောသားများ၏ အသံလော။

လှိုင်းလေ ငြိမ်သက်လျက် ရှိသော်လည်း ရေခဲတမျှ အေးစိမ့်သော လေသည် တသုန်သုန် တိုက်နေသဖြင့် ခိုက်ခိုက်တုန် ချမ်းနေ၏။ ကပ္ပတိန်ကြီးနှင့် အင်ဂျင်နီယာမှူးကြီးတို့မှာ အိပ်ရာဝင်စဉ်က ဝတ်ဆင်ထားသည့် ညအိပ်ဝတ်စုံများသာ ဖြစ်သဖြင့် အသည်းခိုက်အောင် ချမ်းနေသည်။ သူတို့နှစ်ယောက်စလုံး တစ်ဦးနှင့်တစ်ဦး ထုတ်ဖော် မပြောကြသော်လည်း ထူးဆန်းသော ညည်းတွားသံ ကြားရသည်ဆိုသည်မှာ သေချာနေသည်။

ပန်းနုရောင် ရောင်ခြည်များကြောင့် ပင်လယ်ပြင် တစ်နံတစ်လျား ဖြစ်နေရသည်။ ထိုအခိုက် တာဝန်ကျ သင်္ဘောသား နှစ်ဦးသည် သင်္ဘောကြီး ဦးပိုင်း ဝဲဘက် ခပ်လှမ်းလှမ်းတွင် ရေကူးနေသူ နှစ်ဦးကို မြင်လိုက်ရသည်။ ပထမတွင် မည်သည့်အရာများ ဖြစ်သည်ကို တိတိကျကျ မပြောနိုင်သော်လည်း တက်သစ်စ နေရောင်ခြည်ကြောင့် ရှုခင်းသည် ကြည်လင်လာသဖြင့် ရေကူးနေသူနှစ်ဦးမှာ ယမန်နေ့က ကွယ်လွန်သူနှစ်ဦး ဖြစ်နေသည်ကို အံ့ဩဖွယ် တွေ့ရတော့၏။ ပထမတွင် တာဝန်ကျ

www.burmeseclassic.com



သင်္ဘောသားနှစ်ဦးက ဟုတ်မှ ဟုတ်ပါ့မလားဟု ထင်ကြ၏။

လင်းအရုဏ်၏ မထင်မရှား အလင်းရောင်ကြောင့် သူတို့ စိတ်အာရုံထင်ခြင်း ဟု၍သာ ယူဆထားကြ၏။ သို့သော် သေသေချာချာ ကြည့်ရှုကြသောအခါတွင်မူ ယမန်နေ့က ကွယ်လွန်သူများ ဖြစ်နေသည်ကို တွေ့ကြရသဖြင့် အလန့်တကြား ဆူဆူဝါးဝါး အော်ဟစ်ခဲ့ကြ၏။ ကုန်းပတ်ပေါ်သို့ ရောက်နေသော ကပ္ပတိန်ကြီးနှင့် အင်ဂျင်နီယာမှူးကြီးတို့သည် သင်္ဘောသား နှစ်ဦး ရှိနေသော ဦးပိုင်းသို့ အပြေးအလွှား သွားခဲ့ကြ၏။

အိပ်ရာမှ နိုးလာသော အရာရှိများ၊ သင်္ဘောသားများ သည် အိပ်ခန်းများမှ ထွက်ပြေးလာခဲ့ကြပြီး ကြည့်ရှုခဲ့ကြ၏။ ကပ္ပတိန်ကြီး အပါအဝင် သင်္ဘောသားအများသည် ကွယ်လွန်သူ သင်္ဘောသားနှစ်ယောက် ရေကူးနေသည့် ရုပ်ပုံလွှာကို ထင်ထင် ရှားရှား မြင်ကြရသည်။ မိနစ်အနည်းငယ်အတွင်း ထိုရုပ်ပုံများ ပျောက်ကွယ်သွားခဲ့သည်ဟု ဆိုကြ၏။

မြင်ရသူများအားလုံးမှာ တစ်ဦးတစ်ယောက်တည်းသာ မဟုတ်သဖြင့် မြင်ရသူများ၏ စိတ်အထင်သက်သက်သာ ဖြစ် သည်ဟု မဆိုသာတော့ချေ။ ကပ္ပတိန်ကြီးနှင့် သင်္ဘောသားများ ၏ အမြင်အရ ရေကူးနေသော ကွယ်လွန်သူ သင်္ဘောသားများ ၏ ပုံသဏ္ဌာန်သည် သူပြောကိုယ်ပြော ပုံပြင်များတွင် ပါဝင် သည့် တစ္ဆေ၏သဏ္ဌာန်နှင့် မတူပဲ သာမန် လူသားများကဲ့သို့သာ ဖြစ်နေသည်။ သူတို့၏ မျက်နှာအနေအထားနှင့် ပုံသဏ္ဌာန်များ





အရ စိတ်ဆင်းရဲ၍ တစ်စုံတစ်ခုကို စိတ်ဆန္ဒစောနေဟန် ရှိသည် ဟု နောင်အခါ ထိုရေကူးနေသော ကွယ်လွန်သူ သင်္ဘောသား များအား မြင်တွေ့ရသူများက ထုတ်ဖော် ပြောဆိုခဲ့ကြ၏။

ဤသတင်းသည် သင်္ဘောပေါ်တွင် လိုက်ပါလာသော သင်္ဘောအရာရှိများ၊ သင်္ဘောသားများသာမက စားဖိုမှူး အပါ အဝင် အမှုထမ်းအားလုံးတို့အတွင်း ပျံ့နှံ့သွားခဲ့ရတော့၏။ ကွယ်လွန်သူ သင်္ဘောသားနှစ်ဦး သင်္ဘောကြီးဦးပိုင်းအနီး ရေကူး နေသည် ဆိုသည်မှာ မဖြစ်နိုင်ဟု မမြင်ခဲ့လိုက်ရသော အမှုထမ်း များက ဆိုကြ၏။ သို့သော် ကွယ်လွန်သူများကို မြင်ရပါသည် ဆိုသောသူများတွင် ဤသင်္ဘောကြီးပေါ်တွင် တာဝန်အရှိဆုံး ပုဂ္ဂိုလ်ကြီးများ ဖြစ်သော ကပ္ပတိန်ကြီးနှင့် အင်ဂျင်နီယာကြီးတို့ပါ ပါဝင်သဖြင့် ငြင်းဆိုရန် ခက်နေကြတော့၏။

ဒီဇင်ဘာလ (၄)ရက်နေ့ ညနေခင်း အချိန်တွင်မူ သင်္ဘောကြီး၏ ပဲ့ပိုင်းတွင် အနားယူနေကြသော သင်္ဘောသား အချို့နှင့် သင်္ဘောအရာရှိငယ်များသည် အထက်ဖော်ပြပါ ကွယ် လွန်သူ သင်္ဘောသားနှစ်ဦး ရေကူးနေသည်ကို မြင်ကြရသည်ဟု ဆိုသည်။ ထိုအချိန်သည် ရာသီဥတု သာယာကြည်လင်နေ သဖြင့် ပင်လယ်ပြင်၏ မြင်ကွင်းသည် မြင်ရသူများအဖို့ ပြတ် သားလျက် ရှိ၏။ ပထမတွင် မြင်ရသူများသည် လင်းပိုင်များ လော သို့မဟုတ် ငါးမန်းများလောဟု ထင်မှတ်ခဲ့ကြသည်။ သို့သော် ရေကူးနေသော ကွယ်လွန်သူ သင်္ဘောသားနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မှာ သဘော်နှင့် ကိုက်(၆၀)ခန့် အကွာအဝေးထိ ရောက်လာသဖြင့် သေသေချာချာ ပြတ်ပြတ်သားသား မြင်ရသည်ဟု ဆိုသည်။ ချက်ချင်း သက်ဆိုင်ရာ အရာရှိများနှင့် ကပ္ပတိန်ကြီးတို့ကိုပါ အကြောင်းကြားခဲ့သဖြင့် တာဝန်ရှိသူများသည် သဘော်၏ ပွဲပိုင်းသို့ အပြေးအလွှား ရောက်လာခဲ့ကြ၏။

အင်ဂျင်နီယာမှူးကြီး ဖြစ်သူသည် အသင့်ယူဆောင်လာသော ဓာတ်ပုံကင်မရာဖြင့် ထိုကွယ်လွန်သူ သဘော်သားနှစ်ဦး ရေကူးနေသည့်ပုံများကို ဖလင်တစ်လိပ် ကုန်အောင် ရိုက်ကူးခဲ့ပြီး ယင်းဖလင်လိပ်အား ကပ္ပတိန်ကြီး၏ မီးခံသေတ္တာအတွင်း ထည့်သွင်းထားခဲ့၏။

ပွဲပိုင်းတွင် မြင်ရသူအချို့မှာ ယခင် ဦးပိုင်း၌ မြင်ရသူများတွင် ပါဝင်ခဲ့သူများ မဟုတ်ကြ။ သို့ဖြစ်၍ အက်စ်အက်စ်ဝါတာတောင်း သဘော်ပေါ်မှ အရာရှိအရာခံ အမှုထမ်းအားလုံးသည် ကွယ်လွန်သူ သဘော်သားနှစ်ယောက် ကိုယ်ထင်ပြခြင်းကို မြင်ကြရသည်ဟု ဆိုသည်။ ထိုနေ့မှစ၍ အက်စ်အက်စ်ဝါတာတောင်း သဘော်အနီးတွင် အထက်ဖော်ပြပါ ကွယ်လွန်သူ သဘော်သားများ၏ ဝိညာဉ်သည် မကြာခဏ ခြောက်လှန့်လျက်ရှိသည်ဟု ဆိုကြ၏။ ထိုဖြစ်ရပ်ကို သဘော်ကပ္ပတိန်ကြီးသည် မြို့တော် ပင်လယ်ရပ်ခြား သွားလာရေး ကုမ္ပဏီရုံးချုပ်သို့ ကြိုးမဲ့ကြေးနန်းဖြင့် သတင်းပေးခဲ့သည်။

အက်စ်အက်စ်ဝါတာတောင်း သဘော်အား ကွယ်လွန်သူ သဘော်သားနှစ်ဦး၏ ဝိညာဉ်များက လာရောက် ခြောက်လှန့်သည် ဟူသော သတင်းသည် တောမီးပမာ ပျံ့နှံ့သွားခဲ့၏။ သတင်းစာကြီးများမှ သတင်းမုဆိုးများသည် ယင်းသတင်းအား ရရှိနိုင်ရေးအတွက် သူ့ထက်ငါ ကြိုးစားခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု မီနာယာပိုလစ်မြို့မှ ထုတ်ဝေသော သူရိယ သတင်းစာ(The Sun)ကြီးတွင် ကွယ်လွန်သူ သဘော်သားများ၏ ခြောက်လှန့်နေသည့် သတင်းကို သတင်းစာကြီး၏ မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြခဲ့သဖြင့် အမေရိကန်ပြည်ထောင်စုမှ သတင်းစာဖတ် ပရိသတ်များသာမက ကမ္ဘာ့နိုင်ငံအသီးသီးမှ ပရိသတ်များက စိတ်ဝင်စားလာခဲ့၏။ မြို့တော် ပင်လယ်ရေကြောင်းသွားလာရေး ကုမ္ပဏီမှ တာဝန်ရှိသူများကလည်း အက်စ်အက်စ် ဝါတာတောင်း သဘော်မှ တာဝန်ရှိသူများက ပေးပို့သော သတင်း အပြည့်အစုံကို သတင်းစာတိုက်များသို့ ထုတ်ဝေပေးခဲ့သဖြင့် ယင်းသတင်းကို သတင်းစာတိုက် အသီးသီးမှ အယ်ဒီတာများသည် စိတ်ကူးဉာဏ်ကွန့်၍ ခေါင်းစဉ် အမျိုးမျိုးဖြင့် မျက်နှာဖုံးမှ ဖော်ပြသောကြောင့် လူအများ ဖတ်ရှုခဲ့ကြရသဖြင့် တုန်လှုပ်ချောက်ချားဖွယ် သတင်းတစ်ပုဒ် ဖြစ်လာခဲ့ရ၏။ အင်္ဂလန်နိုင်ငံမှ စောင်ရေ အများဆုံး ထုတ်ဝေရသော (Psychic News) စိတ်စွမ်းအင် သတင်းစာကြီးကမူ အမေရိကန်ပြည်ထောင်စု မနောသုတေသနအသင်းနှင့် ဗြိတိသျှ မနောသုတေသနအသင်းများမှ တာဝန်ရှိသူများအဖို့ အက်စ်အက်စ်








www.burmeseclassic.com

www.burmeseclassic.com



ဝါတာတောင်း သင်္ဘောကြီးတွင် ဖြစ်ပွားနေသော စိတ်နယ်လွန် ဖြစ်ရပ်ဆန်းကို စနစ်တကျ စူးစမ်းလေ့လာသင့်သည်ဟု တိုက် တွန်း ရေးသားခဲ့သဖြင့် အက်စ်အက်စ်ဝါတာတောင်း လောင်စာ ဆီတင် သင်္ဘောကြီးမှ ထူးဆန်းသော ဖြစ်ရပ်သည် ကမ္ဘာကို ကိုင်လှုပ်ခဲ့ရသော သတင်းတစ်ပုဒ် ဖြစ်လာခဲ့ရ၏။



အက်စ်အက်စ်ဝါတာတောင်း သင်္ဘောပေါ်မှ ကပ္ပတိန် ကြီး ကက်ထရေစီ၏ နောက်ဆုံး ပေးပို့သည့် သတင်းအရ ကွယ်လွန်သူ သင်္ဘောသားနှစ်ဦးသည် သူတို့အား ပင်လယ်ပြင် သင်္ချိုင်း၌ မြှုပ်နှံခဲ့ပြီး နှစ်ရက်တိတိ သင်္ဘောကြီးနှင့် မနီးမဝေးတွင် ရေကူး၍ လိုက်ပါလာခဲ့သည်ကို သင်္ဘောပေါ်ရှိ အမှုထမ်း အရာထမ်းအားလုံးက မျက်ဝါးထင်ထင် တွေ့ရှိရသည်ဟု ဆို၏။ စ်ရက် ကျော်လွန်ခဲ့သည့်နောက် ယင်းသင်္ဘောသားနှစ်ဦး ရေကူးနေသည့် ရုပ်ပုံလွှာများကို မတွေ့ရတော့ဟု ထပ်မံ သတင်းပေးပို့ခဲ့၏။

အက်စ်အက်စ်ဝါတာတောင်း သင်္ဘောကြီး နယူးအော်





လိန် မြို့ပေါ်သို့ ရောက်သည်နှင့် မြို့တော် ပင်လယ်ရေကြောင်း သွားလာရေး ကုမ္ပဏီ ကိုယ်စားလှယ်တော်ကြီး၏ရုံးခန်းတွင် စာနယ်ဇင်းသမားများနှင့် တွေ့ဆုံ၍ သတင်းစာ ရှင်းလင်းပွဲ ကျင်းပခဲ့ပြီး ကပ္ပတိန်ဖြစ်သူ ကက်ထရေစီက သူတို့ ရိုက်ကူးထား ခဲ့သော ဓာတ်ပုံဖလင်လိပ်များကို ကုမ္ပဏီရုံးချုပ်မှ တာဝန်ရှိသူ များအား ပေးအပ်မည် ဖြစ်ကြောင်း၊ ကွယ်လွန်သူ သင်္ဘောသား နှစ်ဦး၏ ဝိညာဉ်များ ခြောက်လှန့်သည်ဟု ယူဆရသော သတင်း သည် မဟုတ်မမှန် လုပ်ကြံသော သတင်းမဟုတ်ကြောင်း ကျမ်း သစ္စာပြု၍ အမှန်တကယ် ဖြစ်ရပ်ဟု ပြောဆိုရန် အသင့်ဖြစ် သည်ဟု ထုတ်ဖော် ပြောဆိုခဲ့၏။

ထိုစဉ်က အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော ကမ္ဘာကျော် (Fate)မဂ္ဂဇင်းတွင် ဆောင်းပါးရှင် အက်(ဒ)ဝါ(ဒ) မိုင်လောဆိုသူက ဤဖြစ်ရပ်ဆန်းကို အထောက်အထား အချက် အလက် စေ့စေ့ဆာဆာဖြင့် ဆောင်းပါး ရေးသားဖော်ပြခဲ့သဖြင့် ကမ္ဘာ့စာဖတ်ပရိသတ် ရင်သပ်အံ့သြရသည့်ဖြစ်ရပ် ဖြစ်ရတော့ သည်။ စာရေးဆရာ ရစ်ချတ်ဒီဝတ်မီလားဆိုသူကလည်း "မေ့ လျော့နေသော လျှို့ဝှက်ဆန်းကြွယ်ဖြစ်ရပ်များ" (Forgotten Mysteries) စာအုပ်တွင် အထက်ဖော်ပြပါ အက်စ်အက်စ်ဝါတာ တောင်း၏ ဖြစ်ရပ်ဆန်းကို အသေးစိတ် အထောက်အထား သာဓကများနှင့်တကွ ရေးသားဖော်ပြထားခဲ့၏။

အမေရိကန်ပြည်ထောင်စု မနောသုတေသနအသင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်များနှင့် သုတေသနမှူး ဖြစ်သူ ဟီးရားဝါဒကာရင်တန်သည် မြို့တော် ပင်လယ်ရေကြောင်းသွားလာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အက်စ်အက်စ်ဝါတာတောင်း သင်္ဘောမှ ကပ္ပတိန်ကြီးနှင့် အင်ဂျင်နီယာမှူးကြီးများ အပါအဝင် သင်္ဘောသား အားလုံးအား တွေ့ဆုံမေးမြန်း စုံစမ်းခဲ့၏။ သင်္ဘောကုမ္ပဏီမှ တာဝန်ရှိသူများကလည်း ကပ္ပတိန်ကြီးနှင့် အင်ဂျင်နီယာမှူးကြီးတို့ ရိုက်ကူးထားသော ဓာတ်ပုံများ၊ နဂ္ဂတစ် ဖလင်များကိုပါ သက်သေအထောက်အထားအဖြစ် တင်ပြခဲ့သည်။ နဂ္ဂတစ် ဖလင်များကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများက ကျွမ်းကျင်သော ဓာတ်ပုံပညာရှင်များကို စုံစမ်းသုတေသန ပြုစေပြီး ဖြစ်သည်ဟု ဝန်ခံပြောဆိုခဲ့ကြ၏။

# INVISIBLE HORIZONS

မနောသုတေသီ ဟီးရားဝါဒကာရင်တန်သည် ဤစိတ်နယ်လွန် ဖြစ်ရပ်ဆန်းကို စနစ်တကျ စူးစမ်းသုတေသန ပြုခဲ့ပြီး





နောင်အခါ သူ ရေးသားပြုစုခဲ့သော "မမြင်ရသောကမ္ဘာ" (The Invisible World) စာအုပ်တွင် ရေးသားဖော်ပြခဲ့သည်ဟု ဆိုကြပါကြောင်း။

ပညာဒီပ

ကျမ်းကိုး


(၁) *Invisible Horizons By V. gaddas*

(၂) *The SS. Water town's pursuing ghosts By M.G. Mann*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





( ၈ )

လက်ထဲမှ နှင်းဆီပွင့်ကလေးကို စိတ်ရှိလက်ရှိ ခြွေမွပစ်နေသည်ကို အမှတ်မဲ့ ကြည့်နေမိသည်။ ကြွေမွသွားသော ပွင့်ဖတ်ကလေးများသည် မြေသို့ ကျ၍ လေအဝှေ့ဝယ် လှုပ်ရှားနေကြသည်။

ထင်မောင်က ပွင့်ဖတ်ကလေးတစ်ခုကို ကောက်နမ်းလိုက်သည်။ သင်းပျံ့ဆဲ ရှိသော နှင်းဆီရနံ့မှာ နှာဝမှသည် ရင်တွင်းသို့ တိုင်အောင် စွဲနှစ်နေဆဲ။





တကယ်တော့ ဖြူနှင်း၏ မကျေနပ်မှုများမှ ပေါက်ဖွားလာသော ဒေါသတရား၏ ဓားစာခံအဖြစ် ကြားထဲမှ နှင်းဆီပွင့်ကလေးက ခံသွားရခြင်းသာ ဖြစ်၏။

“အနှင်း ပြောတာ မှန်ပါတယ်၊ အစ်ကိုတို့ရဲ့ မြန်မာစကားပုံတစ်ခုတောင် ရှိသေးတာ၊ ‘ယောက်ျားဖောင်စီး၊ မိန်းမမီးနေ’ ဆိုတဲ့စကား အစ်ကိုလည်း သိပါတယ်၊ ဖောင်စီးရတဲ့လုပ်ငန်းဟာ ဘယ်လောက် ပင်ပန်းတယ်၊ အသက်စွန့်ရဖို့နီးတယ်ဆိုတာ အစ်ကို နားလည်ပါတယ်၊ ဒါပေမယ့် . . .”

“ဒါပေမယ့်တွေဘာတွေ လုပ်မနေပါနဲ့၊ အစ်ကို မသွားဘူး သွားမယ်သာ ပြောပါ”

“လူကြီးတွေရှေ့မှာ ကတိလွန်ခဲ့ပြီကွယ်”

ဖြူနှင်းမျက်နှာ တစ်ဖက်သို့ လှည့်သွားသည်။ ယခုအခါတွင် မိမိစိတ်နှင့် မတွေ့လွန်းသော ချစ်သူကျောပြင်ကို တအားကြီးသာ ထုပစ်လိုက်ချင်တော့သည်။

“အစ်ကို့အတွက်လည်း စိတ်ပူမနေပါနဲ့ကွယ်၊ အစ်ကိုနဲ့အတူလိုက်မယ့် မောင်နီဟာ တောထဲမှာတော့ ကျားသစ် တစ်ကောင်လို အားကိုးရတဲ့သူပါ”

“ကျွန်မ စိတ်ပူတာက အစ်ကို့အတွက်ပါ၊ အစ်ကို့မှာရှိတဲ့ ငှက်ဖျားရောဂါကလည်း သိပ်ပျောက်သေးတာ မဟုတ်ဘူးတော်ကြာ . . . ပင်ပန်းတဲ့ဒဏ်၊ မိုးဒဏ်၊ လေဒဏ်တွေနဲ့ မိရင် ရောဂါပြန်ဖြစ်မှာ စိုးရိမ်လို့ပါ”



www.burmeseclassic.com

www.burmeseclassic.com



"သာသနာရေးအတွက်ပဲ အချစ်ရယ်၊ မတော်လို့ အသက်စွန့်ခဲ့ရရင်တောင် မြတ်ပါတယ်၊ အစ်ကို စိတ်ပူတာက အနှင်းအတွက်ပဲ၊ အစ်ကို မရှိတုန်း အနှင်း တစ်စုံတစ်ခု ဖြစ်မှာကိုပဲ စိုးရိမ်နေမိတယ်၊ နောက်ပြီး အစ်ကိုတို့ သိပ်မကြာပါဘူး၊ အလွန်ဆုံး ကြာလှ တစ်လ နှစ်လလောက်ပါပဲ၊ ပြန်ရောက်လာမယ့်အချိန်နဲ့ ဝါကျွတ်ပွဲနဲ့ အတော်ပေါ့၊ အဲသည်ကျရင် အနှင်းကို လူကြီးစုံရာရှေ့မှာ လက်ထပ်ယူပါ့မယ်ကွယ်"

ဖြူနှင်းသည် ချစ်သူ့ရင်ခွင်ကို မှီထားလေသည်။ မိုးဦးကျကာလ ညဦးလဲ့ရောင်သည် အားနည်းလှပေသည်။ မျက်နှာတူရူမှ စပါးခင်းများကို ဖြတ်သန်း တိုက်ခတ်လာသော မုတ်သုံလေသည် နှစ်ဦးသားကို ထွေးပွေ့သွား၏။ တမန်းဆီနံ့ သင်းလျက်ရှိသော လေ၏ အတွေ့အထိမှာ အေးမြခြင်း မရှိ ပူလောင်ခြင်း အတိရှိသော ရင်အစုံတို့မှာ အခုန်မြန်လျက် ရှိနေကြသည်။ ထိုစဉ် အဝေးမှ သန်းခေါင်ကြက်တွန်သံကို ကြားရသည်။







( ၂ )

မိုးဦးကျရာသီ ဖြစ်သဖြင့် ရွာအနောက်ဘက်ရှိ လယ်ကွက်များသို့ မြစ်ရေ တိုးဝင်လာပြီ ဖြစ်၍ ထွန်ရေးမဝင်မီ အလေ့ကျ ပေါက်နေသော စပါးခင်း၊ မြက်ခင်းများနှင့် စနစ်တကျ ပျိုးထောင်ထားသော စပါးခင်းတို့မှာ စိမ်းစိမ်းစိုစို ရှိနေ၏။ စားကျက်ကောင်းနေသဖြင့် ကျွဲနွားတို့မှာ လယ်ကွက်တွင်းဝယ် ပျော်မြူးလျက် ရှိနေကြသည်။

"မြို့လှ" ရွာကလေးမှာ အိမ်ခြေ ရှစ်ရာကျော် ရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



ရေလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ လယ်သမား၊ ဆန်စက်သမား စသည်တို့ဖြင့် ရောပြွန်း နေထိုင်လျက် ရှိ၏။

ရွာမှာ တောင်နှင့်မြောက်သို့ မြစ်အလျားလိုက်အတိုင်း တည်ထားပြီး တစ်ဖက်ကမ်းတွင် ဘိုကလေးမြို့ ရှိသဖြင့် အလွန်ပင် စည်ကားလှပေသည်။ ရွာ၏မြောက်ဘက်ပိုင်းတွင် ရေလုပ်ငန်းသမားနှင့် လယ်သမားများ ရှိပြီး ရွာတောင်ပိုင်းတွင် ဆန်စက် အလုပ်သမားများနှင့် သစ်တော အလုပ်သမားတို့ နေထိုင်ကြ၏။

ထင်မောင်မှာ အသက်(၃၀)ခန့်ရှိ သန်မာတောင့်တင်းသည့် လူရွယ်တစ်ယောက် ဖြစ်၏။ သူ့တွင် မိစုံဖစုံ မရှိရာ အိမ်မင်းမစွမ်းသော မိခင်အိုကြီးကို ရိုးရိုးသားသား လုပ်ကိုင်ကျွေးမွေးနေသူ ဖြစ်၏။

ဥစ္စာပစ္စည်း နွမ်းပါးသဖြင့် ကိုယ်ပိုင်လုပ်ငန်း မရှိရာသောကြောင့် ကျပန်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေရသူ ဖြစ်၏။ အလုပ်ကျွမ်းသည်က တစ်ကြောင်း၊ ကြိုးစားမှု ရှိသည်က တစ်ကြောင်းကြောင့် အလုပ်ရှင်များက ထင်မောင်ကို သဘောကျကြလေသည်။

လယ်ထဲတွင် လယ်ထွန်၊ မျိုးနှုတ်၊ စပါးရိတ်၊ ရေလုပ်ငန်းတွင် ကျားပိုက်၊ မျှင်ပိုက်၊ ရေပြန်ပိုက်၊ မက်ကွန်၊ လက်ပစ်ကွန်၊ တန်းချ၊ ချောင်းပိတ်၊ ပုစွန်ဖောင်မှအစ ဒိုးလေး ဆွဲသည်အထိ ကျွမ်း၏။





ဒါမှသာမက တောလုပ်ငန်းတွင်လည်း သစ်လှဲ၊ သစ်ဖြတ်၊ မဒမခုတ်၊ မဒမခေါက်ရိုက်၊ ခွဲခြမ်းခွဲ၊ ဖေါက်ခြမ်းပေါက်၊ သစ်လုံးမျှောအထိ ကျွမ်းကျင်လေသဖြင့် ထင်မောင့်အတွက် လုပ်ငန်းမရှား။

ဘဝပေး အခြေအနေအရ လုပ်ကိုင်ခဲ့သည်မှ အလေ့အကျင့် ဖြစ်လာသော လုပ်ငန်းများမှာ ထင်မောင့်ဘဝသက်တမ်း တစ်လျှောက်လုံးအတွက် တန်ဖိုးမဖြတ်နိုင်သော အဖော်များ ဖြစ်၏။

ထင်မောင်သည် ရွာလယ်လမ်းအတိုင်း လျှောက်လာရာ ဘုန်းတော်ကြီးကျောင်းရှေ့သို့ ရောက်သောအခါ ခေတ္တရပ်လိုက်သည်။ နှစ်ပေါင်းများစွာကတည်းက ဆောက်လုပ်ခဲ့ဟန် တူသော "ပဋ္ဌိမာရုံ" ကျောင်းမှာ ယခုအချိန်၌ ယိုယွင်းပျက်စီးနေချေပြီ။

ကျောင်းတိုင်အချို့ပင် ခါးပြတ်ထွက်နေပြီ ဖြစ်၍ တိုင်ကူများ ထောက်ထားရပေပြီ။ အမိုးအကာတို့မှာလည်း အစုံအလင် မရှိသဖြင့် ကျောင်း၌ အလှူအတန်း လုပ်လျှင်သော်မှ ခက်ခဲလှပေသည်။ ထို့ပြင် ကျောင်း၌ ကလေးများ စာသင်ချိန်တွင် မိုးရွာလျှင် နေရာမရနိုင်အောင် ဖြစ်နေသည်ကို ထင်မောင် မျက်မြင်ဖြစ်သဖြင့် စိတ်မချမ်းသာခဲ့။

ကျောင်းပေါ်သို့ ရောက်သွားသောအခါ လူကြီးများ စုံစုံလင်လင် ရောက်နေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



သည်နေ့ ဝါဆိုလပြည့်နေ့ ဖြစ်သဖြင့် ဥပုသ်သီလ ဆောက်တည်ရင်း ဆွေးနွေးပွဲတစ်ခု ပြုလုပ်ကြပေမည်။

"ဟော. . . ဟိုမှာ ထင်မောင် လာပြီ"

"လာဟေ့ ထင်မောင်၊ တို့ မင်းကို စောင့်နေကြတာ ကွယ့်"

ထင်မောင်က လူကြီးများအနီးသို့ သွားကာ နေရာလွတ်တစ်ခုတွင် ဝင်ထိုင်လေသည်။ ပြီးမှ သတိရဟန်ဖြင့် ဘုရားခန်းရှိရာသို့ လှည့်၍ ဘုရားဝတ်ပြုလေသည်။

"မင်း. . . မနေ့က ဦးရှိန်တို့အိမ်မှာ ကတိပေးသွားတဲ့ အတိုင်း ကျောင်းတိုင်တွေ ဆင်းခုတ်ဖို့အတွက် တာဝန်ယူသွားခဲ့တယ် မဟုတ်လား"

ဦးစိုးမြင့်၏အမေးကြောင့် ထင်မောင် ခေါင်းညိတ်ပြသည်။

"တကယ်တော့ ဒီခရီးနဲ့ ဒီတာဝန်ဟာ မင်းနဲ့ အသင့်လျော်ဆုံးပဲလို့ တို့ ထင်တယ်၊ တောလမ်း ကျွမ်းတာရော၊ သစ်တောထဲမှာ ကျွမ်းကျင်တာရော၊ ဒါကြောင့် မင်း ဒီတာဝန်ကို ယူလိုက်ပြီဆိုကတည်းက ဦးလေးတို့က ဝမ်းသာနေတာ"

ဦးစိုးမြင့် စကားဆုံးသည်နှင့် အခြားလူကြီးများကပါ တစ်ယောက်တစ်မျိုး ဝိုင်းဝန်းအားပေးကြသည်။

"မင်းအမေအတွက်တော့ နောက်ဆံမတင်းနဲ့ဟေ့၊ တို့အားလုံး တာဝန်ယူမယ်"





"သစ်တောဌာနမှာလည်း ကျောင်းတိုင်အတွက် သစ်ထုတ်ယူဖို့ လိုင်စင်ဖြတ်ထားပြီးပြီ"

"မင်းနဲ့အတူ လိုက်မယ့် မောင်နီကိုလည်း အဆင်သင့်ဖြစ်အောင် ပြောထားတယ်၊ နောက်ပြီး မင်းတို့အတွက် နှစ်လစာ စားစရိတ် အပြည့်အစုံရယ်၊ လှေတစ်စင်းရယ် တို့စီစဥ်ပြီးပြီ"

စသည်ဖြင့် တစ်ယောက်တစ်မျိုး ဝိုင်းဝန်းပြောဆိုကြရာ ထင်မောင်မှာ ငြင်းပယ်မရအောင် အားနာမှု ဖြစ်နေမိလေသည်။ ထိုစဥ် ကျက်သရေခန်းတွင်းမှ ဆရာတော် ဦးပုည ထွက်လာသဖြင့် စကားစ ဖြတ်၍ ဝိုင်းဝန်း ဝတ်ချလိုက်ကြသည်။

ဆရာတော်သည် ပလ္လင်ပေါ်တွင် ထိုင်မိသည်နှင့် ထင်မောင် ရှိရာသို့ လှမ်းကြည့်လေသည်။ ထင်မောင်သည် ဆရာတော် ဦးပုည၏ အချစ်တော် တပည့်ရင်း တစ်ယောက်ပါပေ။

"ငါ့တပည့်ကြီးက ကျောင်းတိုင် ဆင်းခုတ်ဖို့အတွက် တာဝန်ယူထားတယ်ဆို"

"မှန်ပါ"

"အေးကွယ်. . . သာဓု သာဓု သာဓု၊ အင်မတန် အကျိုးရှိတဲ့ လုပ်ရပ်ပါပဲ"

ဆရာတော်က ချမ်းမြေ့စွာ ဆုပေးရှာ၏။ ထိုအချိန်၌ ထင်မောင့်ရင်ထဲ၌ ဖြစ်ပေါ်နေသော ကြည်နူးမှုသည် မည်သည့် အရာနှင့်မျှ မလဲနိုင်ပါပေ။

ထိုစဥ် ဦးစိုးမြင့်က အနီးသို့ တိုးလာပြီး ဆရာတော်ကို



www.burmeseclassic.com

www.burmeseclassic.com



လျှောက်သည်။

"တပည့်တော်တို့ ကျောင်းဆောက်ဖို့အတွက် အလှူငွေနဲ့ ရန်ပုံငွေ လုံလုံလောက်လောက် ရှိနေပါပြီဘုရား။ အခြားသစ်နဲ့ သွပ်တွေလည်း စုံစုံလင်လင် ဝယ်ပြီးပါပြီ၊ ထင်မောင် ပြန်လာလို့ ကျောင်းတိုင် စုံလင်ရင် ကျောင်းစ,ဆောက်ရုံပါပဲ၊ နောက်ပြီး ထင်မောင်က ဒီကျောင်းတိုင် ရရေးအတွက် သူ့လုပ်အားနဲ့ အလှူထည့်မယ်လို့ ပြောနေတယ်ဘုရား"

"မဟုတ်တာ"

"တပည့်တော်ကလည်း သူ့ကို ပြောပါတယ်၊ ဘယ်သူမှ မတတ်နိုင်တဲ့ ကျောင်းတိုင်ရရေး တစ်ခုတည်းအတွက် တာဝန်ယူထားကတည်းက သူ့စိတ်ဓာတ်နဲ့ အလှူဟာ မွန်မြတ်လှပါပြီ၊ ဒီတော့ တပည့်တော်တို့ ဂေါပကအဖွဲ့က သတ်မှတ်ထားတဲ့ အတိုင်း ကျောင်းတိုင်ဖိုး ငွေလေးထောင်ကို အရှင်ဘုရားရှေ့မှာပဲ သူ့လက်ကို အပ်ပါတယ် ဘုရား"

ထင်မောင် မည်သည့်စကားဖြင့် စတင်ငြင်းရမှန်း တွေး မရခင်မှာပင် ဦးစိုးမြင့်က ငွေအိတ်ကို ဆရာတော်နှင့် ထင်မောင့်ကြားသို့ ချပေးကာ ဆရာတော်ကို ဝတ်ချ၍ ပြန်ဆုတ်သွားလေပြီ။

"ဒီငွေကို မင်း မငြင်းနဲ့ ထင်မောင်၊ မင်း တာဝန်မယူလို့ အခြားသူကို ခိုင်းရင်လည်း ပေးရမှာပဲ၊ ဒါပေမယ့် ငွေပေးတာတောင် တာဝန်ယူနိုင်မယ့်သူ မရှိဘူး မဟုတ်လား၊ ဆရာတော့်





စကားကို နားထောင်ပေရော့"

ဆရာတော်သည် ထင်မောင် စကား ပြန်သည်ကို မစောင့်တော့ပေ။ သီလပေးရန် ပြင်နေသဖြင့် မတတ်သာတော့ဘဲ ငွေအိတ်ကို ကောက်ယူ၍ နောက်ဆုတ်လာခဲ့ရသည်။ ထိုအခါမှ လူကြီးများမှာ "ဟင်း" ချ၍ ပြုံးရွှင်သွားကြလေသည်။

ထင်မောင် လှေကားသို့ ရောက်သောအခါ ကျောင်း ပေါ်ဝယ် သီလတောင်းသည့် သံပြိုင်ရွတ်ဆိုသံတို့ ပေါ်ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com





( ၉ )

မိုးတစ်ပြိုက်နှစ်ပြိုက် ဆက်ကာ ရွာလိုက်သည်နှင့် ဖြူနှင်း၏ ရင်ကျပ်ပန်းနာရောဂါ ပြန်ထလာ၏။ အသက်ရှူသံကို ခပ်လှမ်းလှမ်းမှပင် ကြားနေရသည်။ သည်ရောဂါ နှိပ်စက်မှုကြောင့်ပင် သူမ ခမျာ နာလန်မထူရှာ။ ပိုးဟပ်ဖြူမလေးသဖွယ် အရိုးတကြည့်ကြည့် ဖြစ်နေရသည်။

ဦးရှိန်နှင့် ဒေါ်ကျင်ရွှေတို့မှာလည်း သမီးလေး တစ်ယောက်တည်းပေမို့ ပိုးမွေးသလို မွေးမြူကြရသည်။ အတန်





အသင့် ချောင်လည်သူများပေမို့ အလုပ်ကြမ်း မဆိုထားဘိ၊ အိမ်မှုတာဝန်များကိုပင် အခြား အိမ်ဖော်တစ်ယောက်နှင့် ထား၏။

သည်နေ့ ဦးရှိန်နှင့် ဒေါ်ကျင်ရွှေတို့ သီလယူရန်အတွက် ကျောင်းသို့ သွားနေကြသဖြင့် ကျောင်းမှ ပြန်လာသော ထင်မောင်သည် ဖြူနှင်းဆီသို့ ခဏဝင်သည်။

အိမ်ဖော်မလေးမှာ ၎င်းတို့နှစ်ယောက်၏ အခြေအနေကို သိထားလေသဖြင့် ထွေထွေထူးထူး မဖြစ်လှဘဲ သူ့အလုပ်နှင့်သူ နေလေသဖြင့် လွပ်လပ်ကြ၏။ အနွေးထည် ဝတ်၍ ကိုယ်တစ်ပိုင်း စောင်ခြုံလျက် အိပ်ရာထက်တွင် စာဖတ်နေသော ဖြူနှင်းသည် ထင်မောင်ကို မြင်လျှင် အားယူ၍ ထလေသည်။

"ရောဂါပြန်ထနေပြီလား အနှင်း"

"သိပ်အခြေအနေ မဆိုးလှပါဘူး အစ်ကို၊ အစ်ကို့လက်ထဲက ဘာထုပ်ကြီးလဲ"

"ကျောင်းတိုင်ဖိုးအတွက် ငွေတွေ"

ထင်မောင်က ငွေတွေကို ယူလာခဲ့ရခြင်းအကြောင်းကို အတိုချုပ် ရှင်းပြလေသည်။

စကားဆုံးသည်နှင့် ဖြူနှင်းက သက်ပြင်းတစ်ချက် ချသည်။

"ဒါဖြင့်လည်း သွားပေါ့ အစ်ကိုရယ်၊ ဖြူနှင်း အစ်ကို ပြန်လာမယ့်ရက်ကို မျှော်နေပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထင်မောင် ရင်တွင်းမှာ နင့်သွားသဖြင့် ရုတ်တရက် စကားမဆိုနိုင်သေး။ အတန်ကြာမှ ချစ်သူ စိတ်ကျေနပ်စေရန် ဖျောင်းဖျ ပြောဆိုရလေသည်။

"စိတ်ချပါ အနှင်း၊ ဒီခရီးလမ်းဟာ အနှင်း ပေးလိုက်တဲ့ အားဆေးတစ်ခုတည်းနဲ့ အောင်မြင်မှာပါကွယ်"

တိမ်ညိုတိမ်ခဲတို့သည် မုတ်သုံလေကြောင့် တစ်စတစ်စ ရွေ့လျားသွားသည့်နှယ် နှစ်ဦးသား ရင်ထဲ၌ ဖြစ်ပေါ်နေသော သောကများသည်လည်း "အချစ်" ဟူသော အားဆေးကြောင့် တဖြည်းဖြည်း လျော့နည်းသွားလေပြီ။

နောက်နေ့ မနက်စောစော ရေကျဖြင့် တောဆင်းတော့ မည်မို့ စပါးငါးဆယ်ခန့်ပါ ဘောက်တူလေးကို ပေါင်းမိုး၊ ခတ်တက်၊ လှော်တက်၊ ခတ်တိုင်၊ ခတ်ကွင်း၊ ရွက်တိုင် စသည်တို့ကို စိတ်ချရအောင် ပြင်ဆင်ကြရလေသည်။

လှေဝမ်းအလယ်တွင် ရေအပြည့် ထည့်ထားသော ပီပါ တစ်လုံး၊ ပေါင်းမိုးကို ခနိပျစ်များဖြင့် လှေတစ်ဝက်ခန့်သာ ပြုလုပ်ထား၏။ ပဲ့ပိုင်း ပေါင်းမိုးတွင်းဝယ် တောဝတ်ရန် အဝတ်ကြမ်း များ၊ စောင်များနှင့် ရွက်ဖျင်၊ စားသောက်ဖွယ်ရာ ထည့်ထား သော ပုံးများကို ထားသည်။

လှေဦးပိုင်းတွင် လှံ၊ ပုဆိန်၊ ကပ်ပါး၊ ဓားသွေးကျောက်၊ ရွံ့စေး စသည်တို့ ထားသည်။ ရွံ့စေးသယ်လာခြင်းမှာ လှေယို လျှင် ဖာထေးရန်အတွက် ဖြစ်၏။ ထို့ပြင် မိုးကာဖျင်စ နှစ်စကို





လည်း ယူရသေးသည်။ အကယ်၍ မိုးလေ ပြင်းထန်ပါက ကာရန်အတွက် ဖြစ်၏။

သူနှင့် အတူလိုက်မည့် တစ်ကောင်ကြွက် မောင်နီပင် လျှင် သူ့အဝတ်အစားများကို ယူ၍ ရောက်လာသည်။ လူကြီး များ စုထည့်ပေးသော ဆေးဝါးနှင့် ထန်းလျက်၊ ငှက်ပျောခိုင်များ ကိုလည်း သေချာစွာ သိမ်းဆည်း ထည့်သိုရသည်။ တံစဉ်း၊ ဖယ် နှင့် သံသပ် စသည်တို့ပါ မကျန်စေရန် သတိပြု စုဆောင်းပြီး သည်နှင့် ထင်မောင်သည် မိခင်ကြီးကို ရှိသေစွာ ကန်တော့လေ သည်။

"ငါ့သားလေး. . . ကျန်းမာပါစေ၊ ဘေးအန္တရာယ် ကင်း စွာနဲ့ လမ်းခရီး ချောချောမောမော ပြန်ရောက်ပါစေ၊ သတိနဲ့ သွားနော် သား၊ မိုးလေက ကြမ်းပါဘိသနဲ့၊ တောထဲ ရောက်ရင် ပေါ့ပေါ့လျော့လျော့ မရှိစေနဲ့၊ တောပိုင်တောင်ပိုင်တွေကိုလည်း မမေ့နဲ့နော်"

မိခင်ကြီးမှာ ခရီးထွက်ခါနီး သားငယ် စိတ်မကောင်းမှာ စိုး၍သာ စိတ်တင်းထားရသော်လည်း မျက်ဝန်းအစုံတွင် မျက် ရည်ကြည်များ ရစ်ဝဲလျက် ရှိနေ၏။

သူတို့လှေ ကမ်းမှ ခွာသောအခါ ကမ်းမှ ဝိုင်းဝန်း နှုတ် ဆက်ကြသည့် လူအုပ်ကြားထဲတွင် ဖြူနှင်းကို မသဲမကွဲ တွေ့ရ သည်။ "ချစ်သူနှင့် ခေတ္တဝေးရတော့မှာပါလား" ဟူသော အသိ သည် ရင်ကို ပြင်းစွာ ပူပန်စေ၏။ လွမ်းဆွတ် တ,သမှုများစေ၏။



www.burmeseclassic.com

www.burmeseclassic.com



လှေသည် ကမ်းနှင့် အတော်ဝေးသည့်နေရာသို့ ရောက်သည့်တိုင်အောင် ဖြူနှင်း နေရာတွင် ရပ်နေသည်ကို တွေ့ရသည်။

အချစ်ဟူသည် နီးစပ်မှု ရှိနေစဉ်မှာထက် ဝေးကြသောအခါတွင် ပို၍ ပြင်းထန်စွာ ခံစားရပါလားဟု တွေးမိသည်။

သို့သော် မိမိတို့ ရည်ရွယ်ချက်များ အောင်မြင်လာသောနေ့ဝယ် ချစ်သူနှင့် ရာသက်ပန် နီးကြရမည့်အရေးကို အစားထိုးတွေးတော၍ စိတ်ဖြေရသည်။

နှစ်ယောက်သား တက်ညီလက်ညီဖြင့် ဦးတစ်ယောက်ပဲ့တစ်ယောက် ခတ်လာကြရာ မိုးလင်းသည်နှင့် ကိုင်းတောမြစ်ဝသို့ပင် ရောက်လာကြပြီး လှေကလေးမှာ လေမိုး ငြိမ်နေသည်က တစ်ကြောင်း၊ ရေစီးအား ခတ်အားတို့ကြောင့် စက်တပ်ယာဉ်ပမာ အသွားနှုန်း မြန်ဆန်လေသည်။

ကိုင်းတောမြစ်ဆုံသို့ ရောက်လျှင် ကျွန်းညိုကြီး အရှေ့ဘက်လမ်းမှ ဝင်၍ လေမိုးကွယ်ရာ အနောက်ဘက်ကမ်းမှ ကပ်၍ ခတ်ကြလေသည်။

နှစ်ယောက်သား ကြိုးစားမှုကြောင့် ရေမစစ်မီ ဖောင်ဝင်မြစ်သို့ ဖြတ်ကူးမိချေပြီ။ ထိုအချိန်တွင် အနောက်တောင်ဘက်မှ မိုးရိပ်များ တက်လာပြီး လေတိုးနှုန်း မြန်လာသဖြင့် မြစ်တွင်းမှာ လှိုင်းကြက်ခွပ်များ တမဟုတ်ချင်း ထ,လာလေသည်။ ရေတက်တော့မည်ဟု သိလိုက်သဖြင့် အရိပ်ကောင်း၍ ခိုသာသော





ချောင်းကျဉ်းတစ်ခုတွင်းသို့ ဝင်၍ အနားယူကြသည်။

ခနက်စာ စားကြသည်။ တစ်ရေတက်လုံးလုံး ထိုချောင်းတွင်းမှာပင် နေကြရမည် ဖြစ်၍ စားသောက်ပြီးသည်နှင့် တရေးတမော အိပ်၍ အနားယူကြလေသည်။


ညဦးပိုင်း ရောက်မှ ရေပြန်ကျသဖြင့် ခရီးဆက်ထွက်ခဲ့ကြလေ၏။ ထိုနေ့ ရေမကုန်မီမှာပင် သတ်မှတ်ထားသော ဂါးပျက်ချောင်းသို့ ရောက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





( ၅ )

တောထဲ၌ သစ်လုံးတစ်လုံး ရဖို့ရန် မလွယ်ကူလှပေ။ ဦးစွာ မိမိတို့ လိုချင်သော သစ်အမျိုးအစားနှင့် အရွယ်အစားကို ရှာဖွေ ရွေးချယ်ရသည်။ ရှာဖွေ တွေ့လျှင်သော်မှ ချောင်းနှင့် ဝေးမဝေး၊ ခုတ်ဖြတ်ပြီးလျှင် ရေရှိရာချောင်းကို ချလျှင် လွယ် မလွယ်နှင့် သစ်ပင်ဝန်းကျင်တွင် အလိုလေးနွယ်၊ သင်ပေါင်း မြိုက်၊ သပေါ့ချိုက် စသော ဆူးပြွမ်းသည့် အပင်များ ရှုပ်ထွေးနေ





လျှင်လည်း မလွယ်။

သစ်လှဲ၍ မလွတ်နိုင်အောင်၊ မြေသို့ မကျနိုင်အောင် အခြားသစ်ပင်များ ရှုပ်ထွေးနေလျှင်လည်း အခက်။

တစ်ခါတစ်ရံ သစ်ပင်ကို မြင်နေရပြီ။ သို့သော် အပင် ခြေသို့ ရောက်အောင်ပင် မနည်း ရှင်းလင်း၍ ဝင်ရလေသည်။

သစ်လှဲသောအခါ ကဗျည်းရှိသော အပင်မျိုး ဖြစ်ပါက ဦးစွာ ဝန်းရံနေသော ကဗျည်းများကို ဖောက်ထုတ်ပစ်ရသည်။ ပြီးမှ သစ်ပင် ယိုင်နေသောဘက်သို့ အလိုက်သင့် လှဲကြရသည်။ သစ်လှဲသည့်အခါတွင် လွှကို အကြီးမသုံးဘဲ အသေးစားကို သုံးရ သည်။ သစ်ကြိတ်၊ သစ်မိုမိလျှင် ပျက်စီးသွားသော်လည်း တန်ဖိုး နည်းသည့် လွှမျိုးကို ရွေးရသည်။

သစ်လှဲနေစဉ် ခါးကုန်း၍ လွှကို ကန့်လန့် လက်လိမ်၍ ဆွဲရသဖြင့် နှစ်ယောက် မညီလျှင် လွှညပ်နေတတ်သည်။ သစ်လုံး တစ်ဝက်ခန့်အထိ အရေးမကြီးသေး။ တစ်ဝက်ကျော်၍ လဲခါနီးလေ သတိထားရလေ ဖြစ်၏။

အမှတ်မဲ့ ဝင်လာတတ်သော လေဒဏ်ကြောင့် မထင် မှတ်သည့်ဘက် ပြန်လဲတတ်ခြင်း၊ သစ်လုံးရိုက်မှု၊ ကိုင်းဖျား ထောက်၍ ပြန်ထိုးမှု၊ ခေါင်းတုံး ပြုတ်ကျတတ်မှု စသည့် အန္တရာယ်များစွာကို သတိပြုရသည်။

သစ်လုံး မြေသို့ ကျပြီးလျှင်သော်မှ စိတ်မချရသေး။ သစ်လုံးမှ ကိုင်းများသော်လည်းကောင်း၊ အခြားသစ်လုံး ပိ၍



www.burmeseclassic.com

www.burmeseclassic.com



သုတ်ကိုင်းသဖွယ် ပိမိနေသော ကိုင်းများကိုသော်လည်းကောင်း ခုတ်ထွင် ရှင်းလင်းသည့်အခါ ပို၍ သတိထားရပြန်သည်။ အကယ်၍ သုတ်ကိုင်းသဖွယ် ဖြစ်နေသော ကိုင်းကို မဆင်မခြင် ခုတ်မိပါက အပေါ်ဘက် သုတ်ကိုင်းဆိုပါက မျက်နှာတစ်ဝိုက် ထိုးမိတတ်ပြီး အောက်သုတ်ကိုင်း ဖြစ်ပါက ခြေထောက်သို့ ထုတ်ချင်းပေါက်အထိ ထိုးမိတတ်သည်။

သစ်လုံးနှင့် ဝန်းကျင်ကို ရှင်းလင်းပြီးသောအခါ မိမိတို့ လိုချင်သည့် အတိုင်းအတာကို တိုင်း၍ ဖြတ်ရသည်။ တောထဲတွင် လူတစ်ကိုယ်စာပင် စောင်း၍ တိုးရသဖြင့် သစ်ကို သယ်ရသည်ထက် သစ်ရှည် သယ်ရသည့် အခက်အခဲမှာ ပြောဖွယ်ရာ မရှိတော့ပေ။

ဦးစွာ သစ်ဦးတည့်ရာဘက်၌ ချောင်းရှိမရှိ ကြည့်ရသည်။ ရှိလျှင် လမ်းဖောက်ရသည်။ သစ်ချသည့်လမ်းသည် လူလျှောက်သည့် လမ်းထက်ပင် ရှင်းလင်း ချောမွေ့ရသည်။ သို့မှသာ တလိမ့်တုံး ခံ၍ တွန်းချသောအခါ အလွယ်တကူ လျှောဆင်းပေသည်။ အဆင်ပြေသည့်အခါတွင် သစ်လုံးတစ်လုံးကို တစ်နေ့တည်းနှင့် ရတတ်သော်လည်း အဆင်မသင့်လျှင် တစ်ရက်နှစ်ရက်မှ လေးငါးရက်အထိ ကြာမှ ရပေသည်။

ဤသို့ဖြင့် ထင်မောင်နှင့် မောင်နီတို့သည် တက်ညီလက်ညီ ဖွဲသန်သန်ဖြင့် ကြိုးစားမှုကြောင့် နှစ်လနီးပါး ကြာသောအခါ ကျောင်းတိုင် တစ်စုံစာအတွက် ရကြလေတော့သည်။





တော၏ ကြမ်းတမ်းမှု၊ အနေအထိုင် အစားအသောက် ချို့တဲ့မှုနှင့် ပင်ပန်းနွမ်းနယ်မှုများကြောင့် နှစ်ယောက်သားမှာ လူကြမ်းကြီးသဖွယ် ဖြစ်နေတော့သည်။ သို့သော် သူတို့စိတ်ထဲတွင် ရည်မှန်းချက်များ အောင်မြင်တော့မည် ဖြစ်၍ ရွှင်လန်းတက်ကြွမှု ရှိနေကြလေသည်။

ရထားသော သစ်လုံးများကို ကမ်းဘေး လတာပြင်တွင် စုပုံထားပြီး ဦးစွာ သရောဖောင်တစ်ခု ဖွဲ့ရလေသည်။ စရောက်ကတည်းက တစ်လုံးစ၊ နှစ်လုံးစ အလျဉ်းသင့်သလို ခုတ်လှဲထားသော သရောသားများမှာ ယခုအခါတွင် ခြောက်နေပြီ ဖြစ်၍ ရေပေါ်သို့ ပေါ်နေလေသည်။

ခိုင်ခံ့သော သရောဖောင် ဖွဲ့ပြီးမှ ဖောင်အောက်မှနေ၍ သစ်လုံးကြီးများကို ဒမင်းနွယ်ကြိုး၊ နွယ်ကြိုးများဖြင့် ခိုင်ခံ့စွာ တုပ်နှောင်ကြရလေသည်။ ၎င်းကြိုးများမှ ခိုင်ခံ့လှသဖြင့် ပြတ်ထွက်မည်ကို မစိုးရိမ်ရပေ။

သူတို့နှစ်ယောက် သစ်လုံးတွဲသောအချိန်တွင် လေမိုးပြင်းထန်နေသဖြင့် မိုးထဲလေထဲတွင် ခက်ခက်ခဲခဲ တွဲယူရလေသည်။ မောင်နီမှာ ထင်မောင်ကဲ့သို့ပင် တောင့်တင်း သန်မာ၍ အကြမ်းခံနိုင်သူ တစ်ယောက် ဖြစ်သဖြင့် ယခုလောက် အချိန်မှာနှင့် လိုအပ်သော သစ်လုံးများကို အောင်မြင်စွာ ရေချနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ဖောင်တွဲ ပြီးစီးသွားသောအခါ ဖောင်မျှော ရက်ကို



www.burmeseclassic.com

www.burmeseclassic.com



တော်သလင်း လပြည့်နေ့ကို သတ်မှတ်လိုက်ကြသည်။

ထိုရက်သည် "တော်သလင်း မြစ်တွင်း သင်ဖြူးခင်း" ဟု ဆိုစကားနှင့်အညီ ချောမော ပြေပြစ်နိုင်လိမ့်မည်ဟု ခန့်မှန်းကြ၏။ သို့သော် "တော်သလင်းမိုး ကန်သင်းကျိုး" ဟူသော စကားလည်း ရှိနေပြန်ရာ အနောက်တောင်ထောင့်ဘက်မှ ခပ်ညို့ညို့ ဖြစ်သော မိုးရိပ်များကိုလည်း စိတ်ချ၍ မရပေ။

ရေစီးသန်လှသော လပြည့်ရေသည် ညဉ့်နက်မှ ရေတက်ပြီး မိုးလင်းခါနီးမှ ရေစီးအားကုန်သဖြင့် ရေမတက်မီ တရေးတမော အားဖြည့်၍သော်လည်းကောင်း မျှောနေစဉ် တစ်စတစ်စနှင့် မိုးလင်းလာတတ်ရာ ပို၍အဆင်ပြေနိုင်သည်။

ဖောင်မျှောရန် ရက်လိုသေးသဖြင့် အားမွေးကြသည့်သဘောဖြင့် ဖောင်ပေါ်တွင် ချက်ပြုတ် စားသောက်လိုက်ကြ၊ အနားယူလိုက်ကြနှင့် အားမွေးနေကြလေသည်။ အချိန်အားသော နေ့လယ်ဘက်တွင် သင်ပေါင်းဖူး ပေါက်၍သော် လည်းကောင်း၊ သစ်ခွပန်းပင် ရှာ၍သော်လည်းကောင်း၊ ရွာမှ လူများအတွက် လက်ဆောင်ပေးရန် စုဆောင်းကြလေသည်။

ထိုရက်များတွင် သစ်တောဌာနမှ ကင်းလှည့်လာသော မော်တော်သည် သူတို့ဖောင်သို့ ဝင်ကပ်၍ မေးမြန်းစစ်ဆေးပေရာ အထောက်အထား လိုင်စင် ပြည့်စုံသည်က တစ်ကြောင်း၊ ဆပ်ကျွန်းကင်းရုံးမှ သာသနာရေးအတွက်မို့ ခွင့်ပြုလိုက်သည့် လက်မှတ်နှင့် ထင်မောင်တို့ ခုတ်ဖြတ်ထားသော သစ်လုံးများမှာ





လည်း လိုင်စင်ထဲမှာ ပါသော လုံးပတ်နှင့် သစ်အမျိုးအစားများ ဖြစ်နေလေသည်။

ကိုးလက်မ အထက် သစ်လုံးများမှာ ကနစို့ ကျနနှင့် လဗသစ်များ ဖြစ်သည်ကို စစ်ဆေးတွေ့ရှိကြသဖြင့် သစ်တော အမှုထမ်းများမှာ ကျေနပ်၍ ပြန်သွားကြလေသည်။

အလုပ်အားသော ကာလများသည် ချမ်းမြေ့သာယာလှပေသည်။ ယခုအခါတွင် မိုးလေ နည်းသွားပြန်သဖြင့် မြစ်တွင်းဝယ် သာသာယာယာ ဖြစ်နေပြန်သည်။

သို့သော် အနောက်တောင်ဆီမှ မိုးရိပ်များ ခပ်ညို့ညို့ ဖြစ်နေသောကြောင့် ရေထဦးတွင် မိုးလေပြင်းထန်မည်ကို စိုးရိမ်နေကြရသဖြင့် လွတ်လွတ်လပ်လပ် ပျော်ရွှင်မှု မရှိကြပေ။

"ကောင်းကင်မှာ အဲဒီလိုချည်း ညို့နေတာ ကျွန်တော်တော့ သိပ်မကြိုက်ချင်ဘူး အစ်ကိုရာ"

ထိုစကားကို မောင်နီ မကြာခဏ ပြောနေလေ၏။

"သုံးလေးရေလောက် မျှောလိုက်ရင် ရွာပြန်ရောက်မှာပဲ ကွာ၊ သိပ်ပူစရာ မလိုပါဘူး၊ မိုးတွင်းအခါပဲ. . . ဒီလောက်တော့ ရှိမှာပေါ့ကွာ၊ တို့ ဖောင်ဝင်ကူးတစ်ချစ်ပဲ စိုးရိမ်စရာ ရှိပါတယ်"

မောင်နီ အားမငယ်စေရန် အားပေးရသည်။

ထိုအခါမှ စိတ်လက်ပေါ့ပါးသွားဟန်ဖြင့် သက်ပြင်းချရင်း အပြုံးဖြင့် စကားစသည်။

"အစ်ကိုကတော့ဗျာ. . . ရွာပြန်ရခါနီးလို့ ရွှင်နေတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဟိုရောက်ရင် ကြိုနေမယ့်သူက အဆင်သင့်ဆိုတော့ မြူးမယ်ဆိုလည်း မြူးစရာပဲပေါ့"

"မဟုတ်ပါဘူးကွာ"

"ကျွန်တော့်မှာသာ ရွာပြန်ရောက်လို့တောင် ကြိုမယ့်သူမရှိ ဘာမရှိနဲ့ ရွာပြန်ရောက်လည်း မထူးပါဘူး၊ တောထဲမှာနေလည်း မထူးပါဘူး၊ ကျွန်တော်ဖြင့် တောထဲမှာ နေရတာတောင် ပိုပျော်သေးတယ်"

မောင်နီ့စကားကြောင့် စိတ်မကောင်း ဖြစ်ရလေသည်။ အထီးကျန်ဘဝ၏ ခြောက်သွေ့မှုများကို ကိုယ်တိုင် မခံစားရသော်လည်း ကိုယ်ချင်းစာ နားလည်မိသည်။

"မင်းလည်း ချစ်သူလေးဘာလေး ရှာပေါ့ကွ"

"ကျွန်တော့်ကို ဘယ်သူက ကြိုက်မှာလဲ အစ်ကိုရာ"

"ဒါက မင်း မရှာလို့ ဖြစ်ပါလိမ့်မယ်ကွာ၊ လူဆိုတာ ကိုယ်နဲ့ သင့်တာ ရှာယူရင်တော့ ရကြတာချည်းပဲ၊ မလုပ်ခင်က အားလျှော့တာ စိတ်ပျက်တာဟာ ယောကျ်ားကောင်းတွေရဲ့ အလုပ်မျိုး မဟုတ်ဘူး"

မောင်နီက အတန်ငယ် စဉ်းစားပြီးမှ စကားစသည်။

"အစ်ကိုကလည်း. . တစ်ယောက်တည်းတောင် မနည်းရှာစားနေရတာ၊ မိန်းမယူတော့ ဘာနဲ့ ကျွေးထားမလဲ"

"ဒါကတော့ကွာ. . . သူ့အထိုက်အလျောက် ဖြစ်လာမှာပေါ့၊ ဒါတွေကို တွေးပူမနေစမ်းပါနဲ့၊ မယူခင်ကသာ စဉ်းစား





ပြီး စိတ်ပူရတာပါ၊ ယူပြီးတော့လည်း သူ့ဟာနဲ့သူ ပြေလည်သွားတာပဲ"

"အေး. . . ကိုယ့်အကြိုက်နဲ့ မတွေ့လို့ မယူတာမျိုးကတော့ ဖွတ်မတိုက်တွန်းဘူး၊ ကိုယ်နှစ်သက်လို့ကတော့ ဆင်းရဲတာ၊ ချမ်းသာတာ၊ ချောတာ၊ လှတာတွေ၊ အပျို၊ အအိုတွေ ဘာတွေ ရွေးမနေနဲ့၊ တစ်ယောက်နဲ့တစ်ယောက် တစ်သက်လုံး လက်တွဲသွားနိုင်ဖို့ စိတ်ချင်း တူမယ့် လူမျိုးကိုသာ ရွေး၊ မင်းက ကြိုက်နေတဲ့ အမျိုးသမီး မရှိဘူးလား"

မောင်နီက ခေါင်းခါပြသည်။

"မင်းကို ကြိုက်နေတာရော မရှိဘူးလား"

မောင်နီ စဉ်းစား၍ ပြုံးသည်။ တစ်စုံတစ်ခုကို တွေးမိသဖြင့် နှစ်နှစ်ခြိုက်ခြိုက် ပြုံးခြင်းမျိုး ဖြစ်၏။

"ဟုတ်တယ်. . . အစ်ကို ပြောမှ သတိထားမိတယ်၊ ရွာမြောက်ပိုင်းက မဝိုင်းသမီး ခင်မှုံက ကျွန်တော့်ကို တွေ့ရင် ပြုံးပြုံးပြတယ် အစ်ကိုရ၊ အဲဒါ ကြိုက်လို့လားဟင်"

"မင်းကလည်းကွာ. . . ဒါတော့ အတပ်ပြောလို့ ဘယ်ရမလဲ၊ ပြုံးပြတိုင်း ကြိုက်နေတယ်ရယ်လို့ တရားသေ တွက်လို့ ဘယ်ရမလဲကွ၊ အခြေအနေ ကြည့်ဦးမှပေါ့"

"ဘယ်လိုလုပ်ရမလဲ"

မောင်နီက ပုစ္ဆာတစ်ပုဒ် အဖြေမရသဖြင့် ဆရာကို အားကိုးစွာ မေးမြန်းနေသော ကျောင်းသားတစ်ဦး၏ ဟန်မျိုးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထင်မောင်ကို အားကိုးစွာ ကြည့်၍ မေးသည်။

"မင်းကရော သူ့ကို သဘောကျနေပြီလား"

မောင်နီက ပြုံးစိစိဖြင့် "အင်း" ဟု ခေါင်းညိတ်ပြ၏။

"ဒါဖြင့်ရင် ဒီက ပြန်သွားရင် ကိုယ့်ကို စိတ်ဝင်စားမှု ရှိမရှိ လေ့လာပြီး ဆက်လုပ်ပေါ့ကွ၊ မင်းတို့နှစ်ယောက်ဆိုရင် လိုက်ပါတယ်၊ ကောင်မလေးက ဈေးရောင်းဈေးဝယ် လည်တယ်"

မောင်နီ့ ရင်ထဲမှာ ဝေးလံလှသော အခြေအနေအထိ အစီအစဉ်များ ချနေလေသည်။

အတန်ကြာမှ. . .

"ဟုတ်ပြီ. . . ဟုတ်ပြီ၊ အစ်ကို ပြောတာနဲ့ ကျွန်တော် စိတ်ဝင်စားလာပြီ၊ ဒီက ပြန်သွားလို့ လုပ်ခရှင်းပြီးရင် ခင်မှုံကို လက်ဆောင် ဝယ်ပေးရမယ်၊ ဘာလက်ဆောင် ဝယ်ပေးရင် ကောင်းမလဲ အစ်ကို"

"မင်းကြိုက်တာ ဝယ်ပေးပေါ့ကွ"

"ထဘီဝယ်ပေးရင်ကော"

"မကောင်းပါဘူး"

"အင်္ကျီစတို့ သနပ်ခါးတုံးတို့ ဆိုရင်ကော"

"ပေါ်တင်ကြီး ကျူလွန်းပါတယ်ကွာ"

"ဒါဖြင့် ဘာဝယ်ပေးရမှာလဲ"

"မင်းကြိုက်တဲ့ သင့်တော်မှာမျိုး ဝယ်ပေးပေါ့ကွ"





"ဘရာစီယာတို့ ဘာတို့ ဆိုရင်ကော"

"မင်းကြီးတော်တဲ့မှ"

သည်တစ်ခွန်းသာ ဆို၍ မောင်နီအပါးမှ ထွက်လာခဲ့လေသည်။ သည်ကောင်နားမှ ကြာကြာနေလျှင် မလွယ်၊ မိမိပါ အကြံပေး လွဲမှားမှုဖြင့် ဒုက္ခရောက်နိုင်သည်။ မောင်နီကမူ နောက်ပါးဝယ် တစ်ယောက်တည်း ပစ္စည်းစာရင်း ပြုစုနေဆဲ။

ယခုလို အားလပ်နေသောအချိန်တွင် ချစ်သူကို အမှတ်ရနေမိသည်။ ဖြူနှင်းတစ်ယောက် နေမှ ကောင်းရဲ့လား၊ ပြန်လာမယ့်ရက်ကို လည်တမော့မော့ဖြင့် မျှော်နေရှာပြီလား။ တစ်ဆက်တည်း ရွာပြန်ရောက်လျှင် နှစ်ကိုယ်တူ နီးရမည့်အရေးကို တွေးမိသောအခါ ပီတိအဟုန်တို့ လှိုက်တက်လာ၏။ ရင်ထဲမှ ကြည်နူးဝမ်းသာမှုကြောင့် ပတ်ဝန်းကျင်ကို ကြည့်ရသည်မှာ ခါတိုင်းထက် သာယာနေသည်ဟု ထင်သည်။

"တစ်နေ့တော့ တွေ့ကြရမှာပါ အနှင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com





( ၅ )

လပြည့်နေ့ည။

တိတိပပ ဆိုရပါမူ. . .

တော်သလင်း လပြည့်နေ့ည။

ညဦးကတည်းက ကောင်းကင်တစ်ပြင်လုံး ကြည်ကြည်လင်လင် ရှိနေပြီး လနှင့်ကြယ်များ ထွန်းပနေ၏။

အားကောင်းလှသော လ၏ အလင်းရောင်သည် တိမ်မြူ ကင်းစင်စွာဖြင့် ဖောင်ဝင်မြစ်ရိုးပေါ်သို့ ဖြာကျနေသည်။ လေအမြှူဝယ် တဖျပ်ဖျပ် ထနေသော လှိုင်းကြက်ခွပ်ကလေးများမှာ ငွေရောင် တလက်လက် ထ,နေသည်။





ရေတက်ဦးတွင် ဖောင်မျှောရန် အဆင်သင့် ဖြစ်နေကြသော ထင်မောင်တို့မှာ သာသာယာယာ ဖြစ်နေသော သဘာဝအလှကို ကြည့်၍ ကြည်နူးနေကြသည်။ မဆုံးနိုင်သော အတွေးတို့ဖြင့် နစ်မျောနေကြသည်။ သူတို့၏ အပြန်ခရီးသည် ယခုကဲ့သို့ ချောချောမွေ့မွေ့ ရှိနေပါက အချိန်တိုတိုဖြင့် ပြန်ရောက်နိုင်မည်ကို သိသဖြင့် တစ်ယောက်နှင့်တစ်ယောက် ကြည့်၍ အလိုလိုပြုံးမိကြသည်။ လရောင်ဖြင့် ညို့မှိုင်းစွာ မြင်ရသော သစ်တောကြီးကိုလည်း နောက်ဆုံး နှုတ်ဆက်ခြင်းဖြင့် ကြည်နူးစွာ ကြည့်ကြလေသည်။ လေအတိုးတွင် လှုပ်ရှားလျက် ရှိသော သစ်ပင်ကိုင်းဖျားများမှာ ၎င်းတို့အား ပြန်လည် လက်ပြနေသယောင်၊ မကြာမီ ကမ်းစပ်မှ ဘုတ်ငှက် အော်သံများ ထွက်ပေါ်လာ၏။ ၎င်းတို့အော်သံမှာ တစ်ပြိုင်တည်းလို နေရာအနှံ့မှ ပေါ်လာသဖြင့် ရေတက်တွင် ပြန်တက်ကြမည့် လှေသမ္ဗာန်တို့မှာ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြ၏။

ရေတက်ဦးတွင် အော်လေ့ ရှိသော ဘုတ်ငှက်အော်သံများမှာ စစ်ချီထွက်ရန် အချက်ပေး ခရာသံများသဖွယ် ဖြစ်၏။ ငြိမ်သက်နေသော မြစ်ပြင်ကို ဖြတ်သန်း တိုက်ခတ်လာသော လေမှာ ခပ်ဆတ်ဆတ်ကလေး ရှိလာ၏။ ကမ်းနံဘေး လတာပြင် တစ်လျှောက် ဒီလှိုင်းပြေးသံများ ကြားရလေသည်။

“မောင်နီရေ. . . ရေငြိမ်သွားတာနဲ့ ကမ်းစပ်က ဖောင်ကြိုးတွေ ဖြုတ်ချပေတော့ဟေ့”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အစ်ကို" -

ထင်မောင်က ဖောင်သမားတို့ မလေ့အတိုင်း သက်ဆိုင်ရာများကို တင်မြှောက် ပသလေ၏။

လေမှာ စောစောကထက် ပိုပြင်းလာသဖြင့် ကမ်းစပ်ရှိ ပြုးခြေထောက်ပင်တောမှာ တရှဲရှဲ မြည်နေ၏။

ခဏချင်းပင် ရေဦး တန့်သွားပြီ ဖြစ်သဖြင့် မောင်နီက ရေထဲမှ ကူးသွားကာ ကမ်းစပ်မှ ဖောင်ကြိုးများကို ဖြေချလေသည်။ ထင်မောင်က နွယ်ကြိုးများကို ဖောင်ပေါ်သို့ ခွေ၍ တင်လေသည်။

မကြာမီ ဒီလှိုင်း တစ်ချက်နှစ်ချက် ထိုးတက်လာပြီး ရေဦး ပြန်လည်လေရာ ဖောင်ကြီးမှာ "တဖျစ်ဖျစ်" မြည်လျက် တအိအိ မျောလေသည်။

တိုက်ခတ်နေသော လေမှာ ပုံမှန် တောင်လေ ဖြစ်သောကြောင့် နောက်ပိုင်းမှ တွန်းပို့ပေးသကဲ့သို့ ရှိ၏။ ဖောင်၏ ဘေးတစ်ဖက်တစ်ချက်တွင် ကနစို၊ ကဗျဉ်းကို လှော်တက်သဖွယ် ခုတ်၍ လက်မောင်းလုံးခန့် မျောသားဖြင့် ကပ်ရိုက်ထားပြီး ခတ်တက်သဖွယ် အသုံးပြုလေသည်။ ထိုခတ်တက်ကို တစ်ယောက် တစ်ချောင်းစီ တာဝန်ယူ၍ ဖောင်သွားရာလမ်း ဖြောင့်စေရန် ထိန်းပေးရလေသည်။

တစ်စတစ်စနှင့် ရေစီးအား သန်လာပေရာ သစ်ဖောင်ကြီးမှာ ရေစီးအားနှင့် တရွေ့ရွေ့ မျောလေတော့သည်။ နောက်





ဘက်မှ ခတ်၍ တက်လာသော လှေသမ္ဗာန်ကြီးငယ်တို့မှာ သူတို့ဖောင်ကို အသီးသီး ဖြတ်ကျော်သွားကြလေသည်။ အနီးရောက်လာသူများက အော်ဟစ် နှုတ်ဆက် မေးမြန်းကြသည်။

တောခလေ့အရ မြစ်တွင်းဝယ် ခရီးသွားဖော်ချင်း ဆုံမိကြပါက သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ အချင်းချင်း ရင်းရင်းနှီးနှီး မေးမြန်းနှုတ်ဆက်လေ့ ရှိကြသည်။

တဖြည်းဖြည်းနှင့် ရေအရှိန်ရလာပြီ ဖြစ်၍ ရေဝက်ခန့်တက်လာသည့်တိုင် ရာသီဥတုမှာ ကြည်လင်နေဆဲ။

သို့ကြောင့် ခရီးတွင်လှပေသည်။

ပိုးလောင်းကြီး၊ ပိုးလောင်းလေး၊ လဗတပင်၊ နှာခေါင်းပေါက်၊ ကြောင်ထောက်၊ ဆပ်တွန်းလက်ကြား စသည်တို့ကို ဖြတ်ကျော်၍ ရောက်လာချေပြီ။

ယခု သူတို့ ဖောင်မျှောရာလမ်းမှာ တောင်နှင့်မြောက်သို့ တည့်တည့်ကြီး ဖြတ်စီးနေပြီး ရှေ့တွင် အရှေ့မှ အနောက်သို့ တည့်မတ်စွာ ဖြတ်စီးနေသော ဖောင်ဝင်မြစ်မကြီး ရှိသဖြင့် ၎င်းမြစ်မကြီးမှာ ရှေ့တွင် စည်းရိုးကြီးသဖွယ် ဆီးနေလေသည်။

ထိုရေကြောင်းနှစ်ခု ဆုံရာကို လှေသမ္ဗာန်သမားတိုင်း ကြောက်ကြသည်။ ဖောင်ဝင်မြစ်မကြီးမှာ တစ်ဖက်ကမ်းသို့ တစ်ပျံမျှ ကျယ်ဝန်းပြီး ရေကြောင်းနှစ်ခု ပေါင်းဆုံရာ၌ ဝဲကတော့ကြီးများ ထနေလေသည်။ ရေကြောင်းများ၌ ဝဲအတွင်းသို့ ဝင်သွားပါက ရုတ်တရက် ပြန်ထွက်နိုင်ဖို့ မလွယ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



လှေငယ်တစ်စင်းအဖို့ အပန်းမကြီးလှသော်လည်း ထင်မောင်တို့ စီးသော ဖောင်ကြီးများအဖို့ အထက်ရေစီးကြောင်းအတိုင်း လိုက်နိုင်ပါက လွတ်ရုံ ရှိတတ်၏။ အကယ်၍ အောက်ဖက် ရေစီးကြောင်းတွင်းသို့ လှည့်ဝင်သွားပါမူ . . .

"မောင်နီရေ . . . ရှေ့မှာ တို့ နောက်ဆုံး ကျော်ဖြတ်ရမယ့် ဖောင်ဝင်မြစ်ကြီးကို ရောက်ပြီဟေ့၊ ဖောင်က အတွင်းရေစီးကြောင်းထဲကို ယိမ်းချင်နေတယ်၊ မင်းဘက်က တက်ကို အားစိုက် တွန်းထားကွနော်"

"တအားကျုံးနေတာပဲ အစ်ကိုရ"

ဟုတ်သည်။ မောင်နီ့ ခတ်အားကြောင့် ရေသံများ တဝုန်းဝုန်း ထနေလေသည်။

တစ်စတစ်စနှင့် ဆပ်ကျွန်းချွန်းကွေ့ လွန်သည်နှင့် ဖောင်ဝင် မြစ်နား နီးလာစဉ်မှာပင် ပုံမှန် တိုက်ခတ်နေသော တောင်လေသည် ရုတ်တရက် ပြောင်းလဲသွားကာ အရှေ့တောင်ဘက်မှသော်လည်းကောင်း၊ အရှေ့ဘက်မှသော်လည်းကောင်း ပြောင်းလဲ တိုက်ခတ်လာသည်။

"အစ်ကိုရေ . . . ဒီလေ လုပ်ပုံကတော့ မဟန်ဘူးဗျို့၊ ဒီအတိုင်း ဆက်တိုက်နေရင် ကျွန်တော်တို့ဖောင် အတွင်းလမ်းကို ဝင်သွားနိုင်တယ်၊ နောက်ပြီး အနောက်တောင်ဘက်ကလည်း မိုးရိပ်တွေ တက်လာပြီ"

"အေးကွ . . . ရှေ့က သွားနေတဲ့ လှေသမ္ဗာန်တွေ





တောင် ရေလက်ကြားထဲ ပြေးကုန်ကြပြီဟေ့"

ပြောရင်းဆိုရင်းနှင့်ပင် လေတိုက်နှုန်းများ ပို၍ပြင်းထန်လာ၏။ မိုးတိမ်များမှာ နောက်ဘက်မှ စက်ဖြင့် တွန်းတင်ပေးလိုက်သည့်အလား တစ်မုဟုတ်ချင်းပင် ကောင်းကင်ပြင် တစ်ခုလုံးကို ဖုံးအုပ်သွားလေပြီ။

မကြာမီ မိုးစက်မိုးပေါက်များ ကျလာ၏။ လေနှင့်အတူပါလာသော မိုးစက်များမှာ အရှိန်ပြင်းစွာဖြင့် အဝတ်မဲ့ ခန္ဓာကိုယ်တစ်ဝိုက် လာရောက် ထိမှန်လေရာ စပ်ဖျဉ်းဖျဉ်း ရှိလှ၏။

"မုန်တိုင်းများ ကျနေဦးမှာလား"

ထင်မောင်သည် နောက်ဖက် ကောင်းကင်သို့ စိတ်မချစွာ လှည့်ကြည့်ရင်း တိုးတိုးလေး ရေရွတ်လိုက်သည်။

စောစောက မြစ်တွင်းဝယ် လှုပ်ရှားသွားလာနေသော လှေ၊ သမ္ဗာန်များမှာ ယခုအခါတွင် တစ်စင်းတလေမျှ မတွေ့တော့ဘဲ မြစ်တွင်းဝယ် သူတို့ ဖောင်တစ်ခုတည်းသာ ထီးတည်းကျန်ရစ်နေလေသည်။ လေလှိုင်းလွတ်ရာသို့ အလွယ်တကူ ကပ်၍မရသဖြင့် ခတ်တက်များကို အားစိုက်ခတ်ရင်း ကျရောက်လာမည့် သဘာဝ အန္တရာယ်များကို ကြံ့ကြံ့ ရင်ဆိုင်ရန် ပြင်ထားကြလေသည်။

လေပြင်းဒဏ်ကြောင့် ဖောင်မှာ တရွေ့ရွေ့ဖြင့် အတွင်းရေစီးကြောင်းသို့ သိသိသာသာကြီး ဝင်နေလေရာ ထင်မောင်တို့မှာ မည်သို့မျှ မတတ်သာအောင် ရှိနေသည်။ မောင်နီတမူ

www.burmeseclassic.com

www.burmeseclassic.com



လူငယ်ဗိုဗို. . .

"ယခုနေ အားကောင်းလှသော စက်တစ်လုံးလောက် ရလျှင် အမြန်မောင်းပြေးလိုက်ချင်သည်" ဟု တွေးတောနေမိလေသည်။ သို့သော် ခတ်သည့်အရှိန်ကိုမူ မလျှော့၊ တဝုန်းဝုန်း မြည်သံများကို ကြားနေရဆဲ။

ထိုအခိုက်မှာပင် ဖောင်နောက်ဘက်မှ ပြင်းထန်သော အော်မြည်သံကြီးများနှင့်အတူ လေလုံးမိုးလုံးကြီးများ တစ်မုဟုတ်ချင်း ထလာပေပြီ။

ရှေ့ဝဲကတော့များမှာ တဝေါဝေါ မြည်သံနှင့် နောက်ဘက်မှ အပြေးအလွှား အော်မြည်လိုက်သော လှိုင်းခါးပြတ်ကြီးများ၏ ကြားဝယ် ထင်မောင်တို့ အခြေအနေမှာ မလှုပ်သာအောင် ရှိနေ၏။

ဖောင်နောက်တွင် ချည်ထားသော လှေကလေးမှာလည်း လှိုင်းဆောင့်သည့်ဒဏ်ကြောင့် ဖောင်သို့ အရှိန်ဖြင့် ဝင်တိုက်လိုက်၊ နောက်သို့ ဆောင့်ရုန်းလိုက် ဖြစ်နေရာ နိုင်လွန်ကြိုးဖြင့် ချည်ထားသော ဒေါသထွက်နေသည့် နွားငယ်လေးပမာ ရှိနေတော့သည်။ ထင်မောင်တို့မှာ လှေကြိုး ပြတ်ထွက်သွားမည်ကို အလွန်ပင် စိုးရိမ်နေကြသည်။ ၎င်းတို့၏ တစ်ခုတည်းသော အားကိုးရာမှာ ၎င်းလှေကလေးပင် ဖြစ်၏။

လှိုင်းအမျိုးအစားများစွာ ရှိသည့်အနက်မှ နောက်ဘက်မှ မြွေဟောက်ကြီးများသဖွယ် တဟဲဟဲ မြည်သံဖြင့် မိုးလိုက်လာပြီး အနီးရောက်ခါမှ ခါးပြတ် အုပ်ချလေ့ ရှိသော လှိုင်းခါးပြတ်ကြီးများမှာ ကြောက်ဖွယ် အကောင်းဆုံး ဖြစ်၏။





ယခု သူတို့နောက်ဘက်မှ လိုက်လာသော လှိုင်းကြီးများမှာ ခါးပြတ်လှိုင်းကြီးများ ဖြစ်၍ အနီးရောက်မှ ဖောင်ပေါ်သို့ အုပ်ချလေ့ ရှိရာ. . .

"ငမောင်နီ"

"ဗျာ. . ."

"မကြောက်နဲ့နော်"

"ကျွန်တော် မကြောက်ပါဘူး အစ်ကိုရ"

"ဖောင်ကို မြဲမြဲကိုင်ထားနော်"

"တစ်လက်မမှ နေရာမရွေ့စေရဘူး"

"ကုသိုလ်ရေးအတွက်ပဲကွာ၊ သေသွားရင်တောင် မရှုံးပါဘူး. . . မတုတ်ဘူးလား"

"ကျွန်တော်ဖြင့် ပျော်တောင် နေသေး၊ ဒီအဖြစ်မျိုးက တစ်သက်တစ်ခါ ကြုံရခဲဘိခြင်း"

တစ်ယောက်နှင့်တစ်ယောက် မြင်နေရပေမယ့် တအား အော်ပြောရလေသည်။ သို့သော် မိုးသံလေသံနှင့် သဲကွဲမှု မရှိ။ ထိုအခိုက်မှာပင် နောက်ဘက်မှ လိုက်လာသော လှိုင်းလုံးကြီးတစ်လုံးက ဖောင်နောက်ပိုင်းသို့ အုပ်လိုက်ရာ ဖင်ထိုင်ကျသွားပြီး ရေအောက်သို့ ဖောင်တစ်ဝက် မြုပ်သွား၏။ အပေါ်မှ တွဲထားသော သရေသားများမှာ ပေါ်ပါသော်လည်း အောက်မှ တွဲထား

www.burmeseclassic.com



သော သစ်တုံးများက လေးလံလွန်းသဖြင့် ရေအောက် ရောက်သွားလျှင် တော်တော်နှင့် ပြန်မပေါ်လာနိုင်ပေ။ ဖောင်နောက်မှ တွဲထားသော လှေမှာလည်း မြုပ်ပြီး ကြိုးပြတ်ထွက်သွားပြီ ဖြစ်၍ အစအနမျှပင် မတွေ့ရတော့ပေ။ ဖောင်တွင် ချည်ထားသော ကြိုးများမှာ တဖျစ်ဖျစ် မြည်နေသဖြင့် အကယ်၍သာ ဖောင်ပျက်ခဲ့လျှင် ကိုယ်လွတ်ကူးပြေးရန်သာ စိတ်ကူးထားကြလေသည်။

မုန်တိုင်းမှာ အရှိန်ကောင်းနေဆဲ။

လေသံ တဝူးဝူး ကြားနေရဆဲ။

ထိုစဉ် နောက်မှ ကြီးစွာသော လှိုင်းလုံးကြီးတစ်လုံး တလိမ့်လိမ့် လိုက်လာရာ သည်တစ်ခါဖြင့် နာလန်မထူနိုင်တော့ပြီဟု ထင်နေခိုက် ကံအားလျော်စွာ ဖောင်မှာ ဝဲကတော့တွင်းသို့ ကွေ့ဝင်သွားရာ လှိုင်းဦးဖြင့် လွတ်ရုံကလေး ဖြစ်သွား၏။ လှိုင်းဒဏ် ခံရသည်နှင့်စာလျှင် ဝဲကတော့တွင်းသို့ ရောက်နေသည်ကမှ သက်သာဦးမည်ဟု လျှော့လျှော့ပေါ့ပေါ့ တွေးမိကြသည်။

သို့သော်လည်း မသက်သာလှပါ။

ဝဲ၏စုပ်အား မှုတ်အားများကြောင့် ဖောင်မှာ ချာလည်လည်နေရာ ချည်ထားသောကြိုးများကို ဆောင့်ဆွဲ၍ ဖြတ်နေသကဲ့သို့ ရှိနေသောကြောင့် ကြိုးတစ်ချောင်းနှစ်ချောင်းပင် ပြတ်ထွက်ကုန်သည်ကို တွေ့ရသည့်အပြင် ရေစီးရှိသော လှိုင်းကြားထဲတွင် ကူးရသည်ထက်စာလျှင် အကယ်၍သာ ဝဲအတွင်း၌ ဖောင်ပျက်ပါက လွတ်လမ်း မမြင်နိုင်မည့်အရေး တွေးမိသော



အခါ စိတ်ညစ်ရပြန်သည်။

နှစ်ယောက်သား လေဒဏ်မိုးဒဏ်ကြောင့် ခိုက်ခိုက်တုန်အောင် ချမ်းနေကြပေပြီ။ အမြဲလိုပင် ခါးအောက်ပိုင်းက ရေအောက်သို့ ရောက်နေလေရာ နောက်ထပ် နာရီအနည်းငယ်ဆက်နေရလျှင် အသက်ရှင်နိုင်ဖို့ လမ်းမရှိတော့ပေ။

မုန်တိုင်းသည် နှစ်နာရီနီးပါးမျှ ပြင်းထန်စွာ တိုက်ခတ်လိုက်ပြီးနောက် တစ်စတစ်စ လျော့နည်းသွားပေပြီ။ ရေပြည့်ခါနီး ဖြစ်လာသဖြင့် တစ်စတစ်စဖြင့် ရေစီးအား လျော့လာချေပြီ။ သို့ကြောင့် ရေစီးကြောင်းနှစ်ခုစပ်ကြားဝယ် ရောက်နေသော ဖောင်ကို ရေစီးချောင်းတွင်းသို့ ရောက်ရန် အားစိုက်၍ ခတ်ထုတ်ရသည်။ နောက်ထပ် တစ်နာရီနီးပါးမျှ ကြိုးစား၍ ခတ်လိုက်မှ ပုံမှန် ရေစီးကြောင်းတွင်းသို့ ရောက်သွားလေတော့သည်။


ယခုအခါတွင် လှိုင်းလေ ငြိမ်သက်၍ မြစ်တွင်းဝယ် သာသာယာယာ ဖြစ်နေပြန်သည်။ နှစ်ဦးသားမှာ ရေစိုကြီးအတိုင်းနှင့် နေကြရာ တဖြုးဖြုး တိုက်ခတ်နေသော လေဒဏ်ကြောင့် အရိုးကွဲလုအောင် အေးလှပေတော့သည်။

သို့ကြောင့် ထင်မောင်ခမျာ တစ်ကိုယ်လုံး တုန်လာပြီး အဖျားရောဂါ ပြန်ဝင်လာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





( ၆ )

ရေပြည့်၍ ရေစီးအား တန့်သွားသောအခါ "ရေဝင်" နားသို့ပင် ရောက်၏။ မောင်နီကပင် ဦးဆောင်၍ ဖောင်ကို ကမ်းကပ်နိုင်ရန် ကြိုးစားရသည်။ နှစ်ယောက်ပင်လျှင် ကြိုးစားမှ ရသော ဖောင်ကို တစ်ယောက်တည်း လုပ်ရသောအခါ လွန်စွာမှ ပင်ပန်းလေသည်။ ယခုအခါတွင် ထင်မောင်၏ အဖျားရောဂါမှာ သိသိသာသာကြီး ပြင်းထန်လာရာ အမိုးအကာ မရှိဘဲ ရေစိုနေသော သစ်တုံးများပေါ်တွင် အလူးအလဲ ခံရလေတော့သည်။

ဖောင်ကို ခက်ခက်ခဲခဲ ကမ်းကပ်ပြီးသည်နှင့် မောင်နီသည် ကမ်းပေါ်သို့ ကူးတက်သွားကာ အနီးဝန်းကျင်မှ လယ်တဲများကို ရှာ၍ အကူအညီ တောင်းရလေသည်။

ယခုအခါတွင် မိုးလင်းလုနေပြီ ဖြစ်၍ လယ်ထဲ ဆင်းရန်





ပြင်ဆင်နေကြသော လယ်သမားတို့မှာ အဝတ်အစား၊ စောင်နှင့် စားစရာများကို ချို့ချို့တဲ့တဲ့ကြားမှ ကူညီပေးကြလေသည်။ ဆေးဝါးအချို့ပါ ရလာသဖြင့် မောင်နီသည် ဝမ်းသာအားရ ပြန်လာလေသည်။ ဖောင်ပေါ်သို့ ကူးလာသောအခါ အဝတ်အစားတို့ကို ရေမစိုစေရန် ဂရုစိုက်ရသည်။

ဖောင်ပေါ်သို့ ရောက်သည်နှင့် သတိလစ်နေသော ထင်မောင်ကို အဝတ်အစား လဲပေး၍ ရလာသော စောင်ဖြင့် ခြုံပေးသည်။ အတင်းလှုပ်နှိုး၍ ဆေးတိုက်ပြန်သည်။ သူ့ကိုယ်၌မူ ယခုတိုင်အောင် အဝတ်အစားမလဲရသေး။ အစိုအတိုင်းပင် ရှိသေး၏။

ဤသို့ဖြင့် နောက်ထပ် နှစ်ရေမျှ မျှောလိုက်သောအခါမှ ဖောင်ကြီးမှာ ရွာခြေသို့ ပြန်ရောက်လေတော့သည်။

သူတို့ ဖောင်ဝင်လာပြီဆိုကတည်းက ရွာသားများမှာ လှေငယ်များဖြင့် ထွက်ကြိုကြသည်။ ကမ်းပေါ်မှ အော်ဟစ် နှုတ်ဆက်သည်။ သတိလစ်နေသော ထင်မောင်ကို ဖောင်မကပ်မီကတည်းကပင် သယ်ယူသွားကြပေပြီ။ ဖောင်ကြီးကိုမူ အများက ဝိုင်းဝန်းကူညီသဖြင့် လိုအပ်သောနေရာတွင် ရပ်တန့်နိုင်ခဲ့ကြသည်။

"မင်းတို့ . . . မုန်တိုင်းမိလာကြတယ် မဟုတ်လား"

"ဘယ်နားမှာ မိတာလဲ"

"ဟာ. . . ဖောင်ဝင် ခွဆုံမှာ ဟုတ်လား၊ ကြောက်ဖို့ကောင်းလိုက်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com



"သူရဲကောင်းတွေပဲပေါ့. . . ဒီအောင်ပွဲကို ကျော်ဖြတ်လာနိုင်တဲ့ မင်းတို့ သတ္တိတွေကို ချီးကျူးပါတယ်"

"ဒါကြောင့် သူတို့ကို ရွေးလိုက်တာပေါ့"

စသည်ဖြင့် တစ်ယောက်တစ်မျိုး ဝိုင်းဝန်း ပြောဆိုမေးမြန်းကြလေသည်။ မောင်နီကမူ နားချိန် မရရှာ။ အားလုံးမေးမြန်းသမျှ ဝိုင်ခံ ပြောဆိုနေရရှာသည်။ သို့သော် စိတ်မဖြောင့်ရှာပေ။ ထင်မောင်အတွက် သူ စိတ်ပူနေ၏။

အိမ်ပေါ်သို့ ရောက်သွားပြီ ဖြစ်သော ထင်မောင်မှာ ဆူညံသံများကြောင့် ယခုအခါတွင် သတိပြန်ရလာပြီ ဖြစ်၏။ မျက်လုံးကိုမူ ရုတ်တရက် ဖွင့်၍မရသေး။

မိခင်ကြီးကမူ မျက်ရည်လေး စမ်းစမ်းဖြင့် အနီးမှ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရှာ၏။ ထင်မောင်သည် အိပ်ရာထက်မှ မိခင်ဖြစ်သူကို ဦးစွာမြင်ရသည်။

"အမေ. . . နေကောင်းတယ်နော်"

"ကောင်းပါတယ် သားလေးရယ်၊ အမေ ဘာမှမဖြစ်ဘူး၊ ငါ့သား နေကောင်းအောင် ကြိုးစားနော်"

"ကျောင်းဆောက်ဖို့ ပြင်ဆင်နေပြီလား အမေ"

"ပြင်ဆင်နေပြီ သား၊ ပန္နက်တွေဘာတွေ ရိုက်ပြီးနေပြီ၊ သားတို့ ရောက်ရင် အစီအစဉ် လုပ်ပြီး စ,ဆောက်ကြမှာ၊ သားတို့ကို တစ်ရွာလုံးက မျှော်နေကြတာ"

ထိုစဉ် အိမ်ပေါ်သို့ နောက်ထပ်လူတစ်အုပ် တက်လာ





သည်။

"ဦးစိုးမြင့် သွားပင့်တဲ့ ဆေးဆရာ ရောက်လာပြီ သား"

ခေါင်းထဲမှာ မူးဝေလာသဖြင့် မျက်လုံး ပြန်မှိတ်ထားလိုက်သည်။ သူ့အနီးတွင် လူအများ ဝိုင်းထိုင်လိုက်သည်ကို သိသည်။ သူ့လက်ဖျံကို ယူ၍ သွေးစမ်းကြည့်နေသည်။

"ကိုယ်ပူ အတော်ကြီးတာပဲ"

ယင်းစကားကြောင့် အမေ စိတ်ပူနေမည်စိုး၍ မျက်လုံးကို အားယူ၍ ဖွင့်ကြည့်လိုက်သည်။ စောစောက အမေ ထိုင်နေသောနေရာတွင် အခြားသူစိမ်းတစ်ယောက်ကို မြင်ရသည်။ ဆေးဆရာ ဖြစ်ဟန်တူသည်။

ယခုအထိ သူ တွေ့လိုသူကို မတွေ့ရသေး။ ကြားလိုသော အသံကို မကြားရသေး။

"ဖြူနှင်း. . . ဖြူနှင်း"

"ဖြူနှင်း. . . ဘယ်မှာလဲကွယ်"

ရေရွတ်သံတို့ ရင်ထဲ၌ပင် ကွယ်ပျောက်နေ၏။ ထိုအခိုက် ဦးရှိန်က သူ့အပါး တိုးကပ်လာ၏။ ဦးရှိန်၏မျက်နှာသည် ညှိုးလျော်လွန်းသည်ဟု ထင်ရသည်။

"သတိရပြီလား မောင်ထင်မောင်၊ ဦးလေးတို့အားလုံးက မင်းတို့အတွက် ပူနေတာ၊ ခုလို ချောချောမောမော ပြန်ရောက်လာတာ သိပ်ဝမ်းသာတာပဲကွာ၊ သစ်လုံးတွေရော စုံစုံညီညီ ပါခဲ့ရဲ့ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြလိုက်သည်။

"မောင်နီ ပြောပြလို့ အားလုံး သိပြီးပါပြီ၊ မင်းတို့ သိပ်ကံကောင်းကြတယ်၊ မုန်တိုင်းမိတာ နာမည်ကျော် ဖောင်ဝင်ခွဆုံမှာများ မိရတယ်လို့၊ တော်ရုံလူဆိုရင် ကိုယ်လွတ်ရုန်းပြေးမှာ မလွယ်ဘူး၊ မင်းတို့ သတ္တိကိုလည်း ချီးကျူးပါတယ်ကွာ၊ တစ်ရွာလုံးက မင်းတို့အတွက် ဂုဏ်ယူပါတယ်"

ထိုစဉ် လူတစ်ယောက် ဝင်လာပြီး ဦးရှိန်ကို တိုးတိုးပြော၍ ခေါ်ထုတ်သွားလေသည်။ ထင်မောင်မှာ မစဉ်းစားတတ်အောင် ရှိနေတော့သည်။ သူ့ရင်ထဲမှာ မတင်မကျ ရှိနေသော ပြဿနာမှာ ခံစားနေရသော ဝေဒနာထက် အခံရ ဆိုးနေ၏။

ဖြူနှင်း သူ့ဆီကို အဘယ်ကြောင့် ရောက်မလာသေးသနည်း။ သည်အတွက် ဘဝင်မကျပေ။ သို့သော် ဖွင့်ဟ မေးမြန်းခြင်း မပြုသေး။

မကြာမီ ဆရာက စမ်းသပ်ပြီး ဆေးတိုက်၊ ဆေးလိမ်းခြင်းတွေ ပြု၏။ အမေ စီမံပေးသော ဆန်ပြုတ်ပူပူကို မသောက်ချင်ပါဘဲ တစ်ငုံနှစ်ငုံ သောက်ရသေးသည်။

နောက်တစ်ကြိမ် ဦးရှိန် ပြန်ရောက်လာပြန်သည်။ သူနှင့်အတူ ဂေါပက လူကြီးများပါ ပါလာ၏။

"မောင်ထင်မောင်ကို ဦးလေး တစ်ခု ပြောစရာ ရှိတယ်ကွာ၊ တခြားတော့ မဟုတ်ပါဘူး၊ ဒီကျောင်းတိုင်ကိစ္စအတွက် ကုန်ကျငွေကို ပထမတော့ ဂေါပက ရန်ပုံငွေထဲက ထည့်သုံးဖို့ပါ





ပဲ၊ ဒါပေမယ့် အခုတော့ ဒီငွေအားလုံးကို ဦးက တာဝန်ယူလိုက်တယ်၊ ဒါလည်း တခြားကြောင့် မဟုတ်ပါဘူး၊ ဦးလေးသမီးလေး အတွက်ပါပဲ"

ထင်မောင် ရင်ထိတ်သွားသည်။ ဦးရှိန်ထံမှ စကားသံ ထွက်လာနိုးဖြင့် စောင့်နေသော်လည်း တော်တော်နှင့် မကြားရ။ ဦးရှိန်မျက်နှာတွင် ဝမ်းနည်းကြေကွဲမှုများကို တွေ့ရသည်။

"မင်းနဲ့ ဦးလေးရဲ့သမီးလေးတို့ အခြေအနေကို အစောကြီးကတည်းက ဦးလေး ရိပ်မိပါတယ်၊ ဒါပေမယ့် အဆင့်အတန်း ခွဲခြားလိုမှုစိတ်တွေ မရှိခဲ့လို့ မင်းတို့ချစ်ခြင်းကို အနှောင့်အယှက် မပြုခဲ့တာ မင်းအသိပါပဲ၊ ဒါပေမယ့် မင်းတို့နှစ်ယောက်ကို တင့်တောင့်တင့်တယ် ဖြစ်စေချင်တဲ့ဆန္ဒတွေ ဦးလေးမှာ ရှိနေတယ်လေ၊ ဒါကြောင့် ဒီသစ်ခုတ်သွားမယ့်ကိစ္စကို မင်းကို တာဝန်ပေးဖို့ ဦးလေး ပြောခဲ့တာပါပဲ၊ ဒါပေမယ့် ဒီကိစ္စကို ဦးလေးရဲ့သမီးလေးက သဘောမတူခဲ့ပါဘူး၊ သူ ကျရာနေရာမှာ ဖြစ်သလို နေနိုင်ပါတယ်လို့ တဖွဖွ ပြောခဲ့ပါတယ်"

ဦးရှိန် စကားကို ခေတ္တရပ်သည်။ ထင်မောင် မျက်စိထဲတွင် ဖြူနှင်း မျက်နှာလေးကို မြင်ယောင်နေမိသည်။

"အခု ဒီလိုဖြစ်ရတာဟာလည်း ဦးလေးရဲ့အပြစ်လည်း ပါပါတယ်၊ ကျုပ်က တင့်တောင့်တင့်တယ် ဖြစ်စေချင်လို့ စီစဉ်ပေးတယ်၊ ဒါပေမယ့် ကျုပ်ထင်သလို တစ်ခုမှ ဖြစ်မလာခဲ့ပါဘူးဗျာ"

ဦးရှိန်က ဝမ်းနည်းကြေကွဲသံဖြင့် အားလုံးဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပြောလေသည်။

"အနှင်း. . . အနှင်း. . . ဘာဖြစ်လို့လဲ ဦးလေး"

"သူ. . သူ. . ခုတော့ ဆုံးသွားရှာပါပြီကွယ်၊ မင်းစိတ်နဲ့ပဲ ဆိုပါတော့"

". . . . . ."

ထင်မောင် စကားတစ်ခွန်းမှ မဆိုလိုက်နိုင်ဘဲ တစ်ကိုယ်လုံး တင်းထားသမျှ အင်အားတို့နှင့် အသိတရားတို့ကို နှုတ်ယူလိုက်သကဲ့သို့ ခံစားရပြီး မေ့မြောလုမတတ် ဖြစ်နေ၏။ ရင်ထဲမှ ပေါ်လာသော ဝမ်းနည်းကြေကွဲမှုများကို မည်သို့မျှ ထိန်းချုပ်၍ မရနိုင်တော့သဖြင့် ပါးပြင်တစ်လျှောက် မျက်ရည်စီးကြောင်းတို့ စီးကျလာသည်။

ဦးရှိန်သည် ပထမသော် သည်အထိ ပြောဖို့ စိတ်မကူး။ သို့သော် ပြောရင်းနှင့် သမီးအတွက် ခံစားရလွန်းသဖြင့် မထိန်းနိုင်တော့ဘဲ ဖြစ်ကာ လွှတ်ခနဲ ပြောလိုက်မိခြင်း ဖြစ်၏။ ဦးရှိန်၏ ဆက်ကာ ပြောနေသော စကားသံများ၊ အမေ၏ နှစ်သိမ့်ဖျောင်းဖျ ပြောနေသည်များနှင့် တခြားစကားသံတို့ကို ဝေဝါးစွာ ကြားနေရသည်။

သူ့အာရုံတွင်းဝယ် မြနှင်း၏အရိပ်သဏ္ဍာန်များ မြင်နေရသည်။ မျက်နှာလေးမှာ နီးလာလိုက်၊ ဝေးသွားလိုက်၊ စကားသံများကို ကြားလိုက်၊ မကြားလိုက် ရှိနေ၏။ နောက်ဆုံးအနေနှင့်ပင် တွေ့ခွင့် မရလိုက်သော ချစ်သူ၏မျက်နှာလေးကို တွေး၍





ရင်ထဲမှာ ဆို့နင့်လာ၏။

အားလုံးကို သူ စကားတစ်ခွန်း ပြောချင်နေသည်။ အသံထွက်၍ ပြောဖြစ် မပြောဖြစ်ကိုမူ သူကိုယ်တိုင် မသိ။

"ကျွန်တော် အသက်နဲ့ ရင်းပြီး ရယူလာခဲ့တဲ့ ကျောင်းတိုင်ကြီးတွေကို သာသနာတော် ပြန့်ပွားရေးအကျိုးအတွက် သယ်ပိုး ထမ်းရွက်မယ့် သံဃာတော်မြတ်တွေ သီတင်းသုံးရန် ဆောက်လုပ် လှူဒါန်းမယ့်ပွဲမှာ အခကြေးငွေ မယူတော့ဘဲ လှူလိုက်ပါရစေ၊ အမေ. . . အမေ့ကို ကျွန်တော် အပ်ထားခဲ့တဲ့ ငွေတွေကို ဂေါပကအဖွဲ့ကို ပြန်လှူလိုက်ပါ အမေရယ်၊ ဒီကောင်းမှုအတွက် ချစ်သော အနှင်း. . . ရောက်ရာအရပ်က သာဓုခေါ်နိုင်ပါစေကွယ်"

စိတ်ထဲမှ အနှင်းအမည်ကို တဖွဖွ တမ်းတရင်းဖြင့် ရင်ထဲမှ တရိပ်ရိပ် တက်လာသော ဝေဒနာ အစုစုတို့သည် ခန္ဓာကိုယ်အနှံ့သို့ ပျံ့နှံ့လာပြီး အသိတရားသည် သူ့ထံမှ တရွေ့ရွေ့ ခွာစ ပြုနေပြီ။

သူ လောကကြီးကို အပြီးတိုင် စွန့်ခွာတော့မည်လား၊ ဘယ်ဆီ ရောက်နေမှန်း မသိသော ချစ်သူ့ဝိညာဉ်ကို လိုက်ရှာရှာမည်လား. . .။

မသိတတ်နိုင်ပါချေ. . .။



www.burmeseclassic.com

www.burmeseclassic.com

# ပညာဒီပ

## စိန်မဟာကန်တော်မှာ





"ကျွန်မတော့ နားမလည်နိုင်တော့ဘူး စတိဗ်၊ ရှင်ဘာကြောင့် အဲဒီကို မသွားချင်ရတာလဲ၊ ကျွန်မတော့ နားကို မလည်နိုင်တော့ဘူး"

"ငါတို့ ဒစ်စနေကမ္ဘာ ( Disney world ) ကိုပဲ သွားကြတာပေါ့ကွာ"

ဟု စတိဗ်က သူ၏ဇနီးအား ပြောလိုက်သည်။

"သူတို့က အဲဒီနေရာက တကယ့် အံ့ဖွယ်နေရာလို့ ပြောကြတယ်ကွ"

"ထားလိုက်စမ်းပါရှင်၊ အဲဒီဒစ်စနေကမ္ဘာဆိုတာကို" သူမက ခပ်ဆတ်ဆတ် ပြောလိုက်သည်။

"ကျွန်မကတော့ ကန်တော် ( lake ) ဆီကိုပဲ သွားချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးပါဘူးကွာ အယ်လင်ရာ"

"ဘာကြောင့် မဟုတ်ရမှာလဲရှင်"

"အဲဒီမှာ ရေတံခွန်လည်း ရှိပြီး သိပ်လည်း အေးတယ်ကွ"

"ဒီနေ့မှာတော့ ဇူလိုင်လ(၄)ရက်နေ့မှာ ကျွန်မတော့ ကန်တော် ရှိတဲ့ဆီကိုပဲ သွားချင်တယ်၊ ရှင်ပြောတော့ သိပ်ပူနေမယ့် အချိန်ပဲဆို"

သူ ခေါင်းကို အသာယမ်းလိုက်သည်။

"ငါက အဲဒီနေရာကို ရောင်းပစ်လိုက်ချင်တာ၊ ငါ အကျိုးဆောင်တွေဆီမှာ စာရင်းပေးထားခဲ့ပြီးပြီ"

"ရှင့်ဖေဖေ ဆုံးပါးသွားပြီးကတဲက စိန်မဟာကန်တော် (Diamond) lake နဲ့ အဲဒီမှာ ရှိတဲ့ လှပလှတဲ့ သစ်နီသား အိမ်လေးကို ရှင် မရောက်ခဲ့တော့တာ မဟုတ်လား၊ ကျွန်မကိုလည်း မြင်ရုံ မြင်ရလောက်အောင် ခွင့်မပေးခဲ့ဘူးလေ"

"ဘာကိုများ မြင်ချင်ရတာလဲ. . . ကန်တစ်ကန်ရယ်၊ သစ်ပင်တချို့ရယ်၊ ရုပ်ဆိုးလှတဲ့ အခန်းငယ်လေးတစ်ခန်းရယ်ပါကွာ"

"ဓာတ်ပုံတွေ စုထားတဲ့ စာအုပ်ထဲမှာတော့ အတော်နှစ်သက်စဖွယ်လေးပါရှင်၊ ကလေးဘဝတုန်းက ရှင် အဲဒီမှာ ပျော်ခဲ့ပုံ ရပါတယ်လေ"

"ငါ. . မပျော်ခဲ့ပါဘူးကွာ၊ တကယ့်ကို မပျော်ခဲ့ပါဘူး"





သူ၏မျက်လုံးများ မှိန်ဖျော့သွားခဲ့သည်။

"ပြီးတော့. . . ငါ ပြန်မသွားချင်ပါဘူးကွာ"

"ကောင်းပြီလေ စတိဗ်၊ ရှင်က ရှင့်အားလပ်ရက်တွေကို ဒစ်စနေကမ္ဘာဆီ သွားဖြုန်းပေါ့၊ ကျွန်မကတော့ ကျွန်မရဲ့ အားလပ်ရက်တွေကို စိန်မဟာကန်တော်ဆီကိုပဲ သွားဖြုန်းတော့မယ်. . . ဟုတ်စ"

ဟု သူမက ပြောလိုက်လေသည်။

အယ်လင်သည် ဒီဗိုင်း စတူဒီယိုတွင် ပန်းချီဆရာမ အဖြစ် အလုပ်လုပ်ပြီး စတိဗ်က ဒေသတွင်း ကုန်ပဒေသာဆိုင်များ အုပ်စုတွင် ဒုတိယဥက္ကဋ္ဌအဖြစ် လုပ်ကိုင်လေသည်။ သူတို့ လက်ထပ်ခဲ့ကြပြီး လွန်ခဲ့သော ငါးနှစ်တာကာလအတွင်း တစ်နှစ်တာအတွက် ရရှိသော နှစ်ပတ်တာ အားလပ်ရက်ကို အတူတကွ လည်ပတ် ကုန်ဆုံးခဲ့ကြသည်သာ ဖြစ်သည်။

"မင်းကတော့ကွာ. . . တကယ့်ကို အကြောင်းမဲ့ သက်သက် ရစ်နေတာပဲ"

ဟု သူက ပြောလိုက်သည်။

"ဘာမှ မပြောပါနဲ့တော့. . . ကျွန်မမှာလည်း ကျွန်မ အကြောင်းနဲ့ ကျွန်မပါရှင်၊ ကျွန်မတို့မှာ စိန်မဟာကန်တော်ဆိုတဲ့ ကန်တစ်ကန်ရယ်၊ အဲဒီမှာ သစ်နီသားနဲ့ ဆောက်ထားတဲ့ အိမ်လေး ၊ တစ်လုံးရယ် ရှိနေတာပဲ၊ အဲဒီနေရာမှာ ကျွန်မရဲ့ အားလပ်ရက်ကို သွားလည်ချင်တယ်၊ ရှင် ပါပါ မပါပါပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ. . . မင်းပဲ နိုင်ပါတယ်ကွာ၊ မင်းသွားချင်တဲ့ဆန္ဒ ရှိတဲ့နေ့မှာ သွားကြတာပေါ့"

ဟု သူက ပြောလိုက်သည်။

"ကောင်းတာပေါ့ရှင်. . . ကျွန်မ အခု စပြီး ထုပ်ပိုး ပြင်ဆင်လိုက်တော့မယ်၊ မနက်ဖြန် မနက်မှာ အဲဒီကို ကားနဲ့ သွားကြတာပေါ့"

ဟု သူမက ပြောလိုက်သည်။

တစ်နေ့တာနီးနီး ကားမောင်းသွားခဲ့ကြရသည်။ ပြည်နယ်တွင်း တောင်ကုန်းများကို လျင်မြန်ချောမွေ့စွာ ကျော်ဖြတ်မောင်းနှင်ခဲ့ကြသည်။ အဝေးပြေးလမ်းကြီးကား စတိဗ် ကလေးဘဝကထဲကပင် ကျယ်ပြန့်မှု ရှိခဲ့ခြင်း ဖြစ်ပါသည်။ သူ၏ ဖခင်ဖြစ်သူက ကန်ရှိရာ နေရာတစ်ဝိုက်ကို ဝယ်ယူပြီးနောက် တစ်ခန်းဖွဲ့ အိမ်လေးတစ်လုံး တည်ဆောက်ထားခဲ့သည်။ အိမ်လေးဆီသို့ သွားသော လမ်းလေးနှစ်သွယ် ရှိခဲ့လေသည်။ "လေပြည်" နှင့် "ရတနာ" ဟု အမည်ပေးထားခဲ့သည်။ အမြင့်ပေ ငါးထောင်ခန့်တွင် ရှိပြီး တောင်ကုန်းများကား မျက်စိတစ်ဆုံးတွင်ပင် မဆုံးနိုင်အောင် ရှိနေပေသည်။ ယခုအခါတွင် သူတို့၏ ခရိုင်စလာ ကားသစ်လေးက သက်တောင့်သက်သာပင် တောင်ကုန်းများ ထူသော ခရီးလမ်းကို မောင်းနှင် ရောက်ရှိလာနိုင်ခဲ့လေသည်။

"ကျွန်မတို့ ပျော်ပွဲ ကျင်းပဖို့ တစ်ခုခုတော့ လိုမယ် ထင်တယ်"





ဟု အယ်လင်က ပြောလိုက်သည်။ ကားလေးက သစ်ပင်များ ထူထပ်သော ဧရိယာဆီ ဦးတည်နေလေပြီ။

"ကျွန်မ ရှမ်ပိန်ပုလင်း နဲနဲဝယ်ချင်တယ်၊ ရေကန်ရှိတဲ့ နေရာအနီးမှာ အရောင်းစင်တာ တစ်ခုခု ရှိလား မသိဘူး"

ဟု အယ်လင်က ပြောလိုက်သည်။

"ရှာရှိတယ်"

ဟု စတိဗ်က ပြောလိုက်သည်။ သူ၏ လက်များက ကားစတီယာတိုင်ခွေကို ကြောက်လန့်တကြား ဆုပ်ကိုင်ထားပုံ ပေါ်သည်။ ခရီးအစတွင် သူ နေကောင်းပုံ ပေါ်ခဲ့သော်လည်း ယခု နေရာသို့ အရောက်တွင်တော့. . .

"အဲဒီမှာ အထွေထွေ ကုန်စုံဆိုင်တစ်ဆိုင် ရှိတယ်"

ဟု သူက ပြောလိုက်သည်။ သူမက. . .

"ရှင် နေကောင်းရဲ့လား"

ဟု မေးလိုက်သည်။

"ရှင့်ကြည့်ရတာ နေမကောင်းနေသလိုပဲ၊ ကျွန်မပဲ ကားကို ပြောင်းမောင်းသွားရရင် ကောင်းမယ် ထင်တယ်"

"ငါ နေကောင်းပါတယ်ကွာ"

ဟု သူက ပြောလိုက်သည်။ တကယ်တော့ သူ တစ်ခုခုတော့ မအီမသာ ဖြစ်နေပုံ ပေါ်နေခဲ့သည်။

"ပြန်လာခဲ့တာ မှားပြီ၊ တကယ့်ကို မှားပြီ"

ဟု သူ ခံစားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



စိန်မဟာ ကုန်တော်မှာတော့ အမှောင်ထုက ဆီးကြိုလျက်။

ရွာလေးကား အပြောင်းအလဲ သိပ်မရှိလှပါချေ။ အခန်းများစွာ ပါဝင်ဖွဲ့စည်း တည်ဆောက်ထားသော ရုပ်ရှင်ရုံတစ်ရုံကို အသစ်အဖြစ် တွေ့ရှိရသည်။ ယင်းရုပ်ရှင်ရုံတွင် အားကစားဝတ်စုံ အရောင်းဆိုင်ခန်းနှင့် လက်ဆောင်ပစ္စည်း အရောင်းဆိုင်ခန်းများ ပါရှိလေသည်။ ဆွစ်ဇာလန်၏အဲလ်(ပ)တောင်တန်းတွင် ရှိသော ယင်းရွာငယ်လေးမှာ ဥရောပဟန် အပြည့်ဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။

အယ်လင်က မမ်းအက်ဒ်ဝါဒီ အထွေထွေ ကုန်စုံဆိုင်မှ အရက်တစ်ပုလင်း ဝယ်ယူခဲ့လေသည်။ အဘိုးကြီး ဝါဒီ ဆုံးပါးသွားခဲ့သည်မှာ ကြာခဲ့လေပြီ။ ယခု ဆိုင်ရှင်ကား သားဝါဒီ ဖြစ်သည်။ စတိဗ် နောက်ဆုံး တွေ့ခဲ့စဉ်တုန်းက လမ်းပေါ်တွင် ပြေးလွှား ဆော့ကစားနေဆဲအရွယ် ဖြစ်၍ ငယ်ရွယ်သူ ဖြစ်ပေသည်။ သူ့ဖခင်နှင့်တော့ အတော်တူသည်။ ဖခင်ဖြစ်သူကဲ့သို့ ကိုင်းသေးသေး မျက်မှန်ကို နှာခေါင်းပေါ် တင်ထားသည်။ အဘိုးကြီး ဘန်းဝါဒီ သုံးခဲ့သော မျက်မှန်ပင် ဖြစ်ပုံရသည်။

"မတွေ့ရတာ အတော်ကြာပြီနော်"

ဟု စတိဗ်အား လှမ်း၍ပြောလိုက်သည်။

"ဟုတ်တယ်. . . အတော်ကြာခဲ့ပြီပဲ"

ထို့နောက်တွင် စတိဗ်က သစ်နီသား အိမ်လေး ရှိရာဆီ





သို့ ကားကို မောင်းခဲ့လေတော့သည်။ အယ်လင်က သူ့အား ဝါဒီလေးပေါ် ဆက်ဆံရေး ရိုင်းခဲ့ပုံ ပေါ်သည်ဟု ပြောလာလေသည်။

"ငါ ဘာလုပ်ရမှာလဲ၊ သူ့လက်ကို နမ်းရမှာလား"

"ရှင် ပြုံးတော့ ပြသင့်တာပေါ့၊ သူက ရည်မွန်ပုံ ပေါ်ပါတယ်ရှင်"

"ငါ ပြုံးပြရတာမျိုးကို မနှစ်သက်ဘူး"

"ဒီနေရာမှာ ရှင် ပျော်ပျော်ရွှင်ရွှင် အနားမယူနိုင်ဘူးလား"

ဟု သူမက ပြောလိုက်သည်။

"ဘုရားရေ. . . အတော်လှတဲ့ နေရာပါလား"

ထူထဲသော ထင်းရှူးပင်များ ဝန်းရံနေပြီး ဂရက်နိုက် ကျောက်ကြမ်းများကြားမှ မြက်ပင်များက ခါးလယ်မှ ကျိုးကျ ပေါ်ထွက်နေကြလေသည်။ ရောင်စုံ ပင်လယ်ပြင်မှ အနက်ရောင် အကွက်ကြီးများသဖွယ် ကျောက်တုံးကြီးများ ပေါ်ထွက်နေလေသည်။

"ဒီနေရာမှာ ဘယ်လို ပန်းမျိုးတွေ ရှိတယ်ဆိုတာ ရှင်သိလားဟင်"

"ဖေဖေကတော့ အားလုံးကို သိတာပဲ၊ လူပိုင်း၊ အိုင်းနွေး ဘူဂဲလ်၊ ကိုလံဘင်း. . . စုံလို့ပါပဲ"

သူက သစ်တောတစ်လျှောက်ကို သူ၏ကင်မရာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချိန်ကြည့်နေလေသည်။ အပင်တို့၏ တောရိုင်းအလှကို ရောင်စုံဓာတ်ပုံဖြင့် ရယူနေခြင်း ဖြစ်သည်။ သူက ခရမ်းရောင် ဦးခေါင်းနှင့် သစ်တောက်ငှက်များကို နှစ်သက်လေသည်။

"ရှင့်ဖေဖေနဲ့ ဒီမှာ လမ်းအတူ မလျှောက်ဘူးလား"

"တစ်ခါတစ်ရံပေါ့. . . အများအားဖြင့်တော့ မေမေပါ ပါတတ်တယ်၊ ဖေဖေနဲ့မေမေ လမ်းလျှောက်နေရင် ကိုယ်က တော့ ကန်ထဲမှာ ရေကူးနေတတ်တယ်၊ ဖေဖေက သစ်ပင်တွေ အကြောင်း ကောင်းကောင်း သိတယ်၊ ဒါပေမယ့် မေမေ ဆုံးပြီး တော့ ဒီကို နှစ်ခေါက်လောက်ပဲ ထပ်ရောက်ခဲ့တော့တယ်၊ ကိုယ့် အသက် (၁၄)နှစ် ရောက်ပြီးနောက်တော့ ဒီကို အတူတူ မရောက်ဖြစ်တော့ဘူး၊ ကိုယ်က ဒီနေရာကို ရောင်းပစ်ဖို့ ကြိုးစား ပြောပေမယ့် ဖေဖေက လက်မခံဘူး"

"ကျွန်မတော့ ဝမ်းသာတယ်၊ နို့မို့ရင် ဒီနေရာကို တွေ့ဖူး မှာ မဟုတ်တော့ဘူးလေ"

"ကိုယ်တော့ ဒီနေရာကို ရောင်းပစ်မှ စိတ်သက်သာရာ ရတော့မှာပဲ"

သူက ခြောက်ကပ်ကပ် လေသံဖြင့် ပြောလိုက်လေ သည်။

"ဘာ့ကြောင့်လဲရှင်"

သူမက ခုံပေါ်မှ လှည့်ကြည့်ရင်း မေးလိုက်လေသည်။

"ရှင် ဘာကြောင့် ဒီနေရာကို ဒီလောက်တောင် မုန်းရ





တာလဲ"

သူက ဘာမှပြန်မဖြေပါ။ သူတို့သည် လာဆန်း၏ စက်ရုံ ဟောင်းဘီးကြီးကို ဖြတ်ကျော်ခဲ့ကြပြီးနောက် စိန်မဟာကန်တော် ၏ မြင်ကွင်းကို (၁၅)နှစ်တာအတွင်း ပထမဆုံးအဖြစ် မြင်တွေ့ လိုက်ရလေတော့သည်။ ရွှေအိုရောင် နေရောင်ခြည်များက သစ်ပင်များမှ ဖြတ်ကျော်ကာ တောက်ပနေသည်။ သူ၏နှလုံး သား်က အလျင်အမြန်ပင် တဆတ်ဆတ် ခုန်လာခဲ့သည်။

သူ ပြန်မလာသင့်သည်ကတော့ အမှန်ပင်။ မည်သည့် အခါမှ ပြန်မလာသင့်သောနေရာ။

အိမ်ခန်းလေးကား သူမှတ်မိထားသည့် အတိုင်းပင်။ ရှည်လျားပြီး အမိုးနိမ့်လေးနှင့် ဖြစ်သည်။ သစ်နီသားများက ဘေးအနား နေရာများတွင် အနက်ရောင်သို့ ပြောင်းနေရာမှ ဖြူရော်ရော် ဖြစ်နေလေသည်။ ဖုံထူနေသော လမ်းလေးမှ ဘေး ချော်မကျအောင် ဂရုတစိုက်ပင် မောင်းနှင်ခဲ့ရသည်။

"အိမ်လေးက တကယ့် အသစ်လိုပဲနော်"

အယ်လင်က စိတ်အားထက်သန်စွာဖြင့် ပြောလိုက် သည်။

"ကျွန်မက ရာသီဥတုကြောင့် ဆိုးဆိုးဝါးဝါး ပျက်စီးနေ မယ် ထင်ထားတာ"

"ဖေဖေက ရေရှည်ခံအောင် သေသေချာချာ ထိန်းသိမ်း ထားခဲ့တာ၊ လိုအပ်ရင် လူလွှတ်ပြီး ပြုပြင်သင့်တာတွေကို ပြုပြင်



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းလေ့ ရှိခဲ့တယ်”

သူက ရှေ့တံခါးသော့ကို ဖွင့်လိုက်ပြီး အိမ်အတွင်းသို့ လှမ်းဝင်လိုက်သည်။

“ချစ်စရာကောင်းလိုက်တာ”

ဟု အယ်လင်က ပြောလိုက်သည်။

စကိဗ်က ခေါင်းတစ်ချက် ငြိမ့်လိုက်ရင်း . . .

“ဒီနေရာက သိပ်အေးတယ်၊ အိပ်ခန်းထဲမှာ ရေနံဆီမီးဖိုတစ်လုံး ရှိတယ်၊ ညအတွက်တော့ အထောက်အကူ ဖြစ်မှာပါ၊ ဒီနှစ်မှာ နေဝင်သွားပြီးရင် တကယ့်ကို အေးတယ်”

အခန်းလေး၏ အတွင်းတွင် အနက်ရောင် ထင်းရှူးသားဖြင့် အနားသတ်ထားသည်။ ထင်းရှူးသားဖြင့် ပြုလုပ်ထားသော ပရိဘောဂများလည်း ရှိနေသည်။ ရေကန်ဖက်ဆီ မျက်နှာမူထားသောဘက်တွက် မှန်ကြီးတစ်ချပ်ဖြင့် ပြတင်းပေါက် ပြုလုပ်ထားသည်။ အဝေးဖက် ကမ်းခြေတွင် မြင့်မားသော ထင်းရှူးပင်တန်းများက တောင်ဘေးဖက်ဆီသို့ အတန်းလိုက် တက်သွားသည်။ တကယ့်ကို ကြည်နူးဖွယ်ရာ မြင်ကွင်းလေးပင်။

“ကျွန်မတော့ တကယ့်ကို နှစ်သက်မိတယ်၊ ဓာတ်ပုံစာအုပ်ထဲက အတိုင်းပဲ”

ဟု အယ်လင်က ပြောလိုက်သည်။ သူမက သူ့ဖက် အလှည့်လိုက်တွင် သူက လက်နှစ်ဖက်ဖြင့် ဆီး၍ ပွေ့ဖက်လိုက်သည်။ အယ်လင်က. . .





“ကျွန်မတို့ ဒီမှာ ပျော်ပျော်နေကြဖို့ မကြိုးစားနိုင်ကြဘူးလား စကိဗ်၊ နှစ်ပတ်လောက်ပဲ နေရမှာကို မကြိုးစားနိုင်ဘူးလား ဟင်”

“သေချာတာပေါ့”

သူက ပြောလိုက်သည်။

“ကိုယ်တို့ ကြိုးစားနိုင်မှာပါ”

ညဦးနက်လာခဲ့ချေပြီ။ အယ်လင်က ညစာအတွက် ပြင်ဆင်နေချိန်တွင် သူက မီးဖိုမှ မီးအား ပုံမှန်ရစေရန် လုပ်ဆောင်နေခဲ့သည်။ ညစာကား ဟင်းရွက်သုတ်၊ ပါ့စတာနှင့် ဟင်းသီးဟင်းရွက်ကြော်တို့ ဖြစ်ပြီး အချိုပွဲအဖြစ် ပန်းသီးနှင့် ဗနီလာ ရေခဲမုန့်တို့ ဖြစ်သည်။

ညစာ စားကြပြီးနောက် ရှမ်ပိန်ခွက်ကိုယ်စီဖြင့် “စိန်မဟာ ကန်တော်မှာ နေရတဲ့အတွက်” ဟု ဆိုကာ ကောင်းချီးပြုကြလေသည်။

စကိဗ်က သူမနှင့် ဖန်ခွက်ချင်း ထိပြီး တိတ်ဆိတ်စွာ သောက်နေလေသည်။ သူ့အိမ်နောက်ကျောဖက်ဆီတွင်ကား စိန်မဟာကန်တော်၏ အနက်ရောင် ရေပြင်ကျယ် ရှိနေလေသည်။

“ရှင် ကလေးအရွယ်တုန်းက ဒီမှာ သူငယ်ချင်းမိတ်ဆွေ အတော် များခဲ့မှာပဲနော်”

ဟု သူမက မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းကို အသာ ခါယမ်းလိုက်ရင်း . .

"မရှိဘူး . . . ကိုယ်က များသောအားဖြင့် တစ်ကိုယ်တည်းသမားပဲ"

"ရှင့်မှာ မိန်းကလေးမိတ်ဆွေကော မရှိခဲ့ဘူးလား"

သူ၏မျက်နှာ တင်းကနဲ ဖြစ်သွားသည်။

"ကိုယ်က ဆယ့်သုံးနှစ်ပဲ ရှိခဲ့သေးတာ"

"ဒါဆို ဆယ့်သုံးနှစ်သားကလည်း မိန်းကလေးမိတ်ဆွေ ရှိနိုင်တာပဲ၊ ဒီမှာ နေခဲ့တဲ့ တစ်လျှောက်လုံးမှာ အထူးမိတ်ဆွေ တစ်ယောက်ယောက် မရှိခဲ့ဘူးလား"

"ကိုယ် ပြောထားတာပဲ၊ ကိုယ် ဒီနေရာမှာ မပျော်ပါဘူးလို့၊ ကိုယ့်ကို ဒီအကြောင်းတွေပဲ ဘာကြောင့် မေးနေရတာလဲ"

သူမက ထရပ်၍ ပန်းကန်များကို စတင် ရှင်းလင်းရင်း

"ကောင်းပြီ . . . ကျွန်မတို့ ဒီအကြောင်း မပြောပဲ နေကြရအောင်"

"ဒီမှာ . . ."

သူက ခပ်တင်းတင်း ပြောလိုက်သည်။

"ကိုယ် မပြောချင်ဘူး၊ ကိုယ်တို့ ဒီကိုလာတာ မင်းနဲ့အတူ လာအပန်းဖြေတာ၊ ဒီလောက်ဆို ကျေနပ်ရောပေါ့"

"အိုး . . . ဒီလောက်နဲ့ မကျေနပ်နိုင်ပါဘူး"

သူမက ကမန်းကတန်း ပြန်ပြောလိုက်သည်။ သူ၏မျက်နှာကို လှမ်းကြည့်လိုက်ရင်း . . .





"ရှင့်ကြည့်ရတာ တစ်ခုခုအတွက် ဝမ်းနည်းနေသလိုပဲ"

သူက သူမဆီ လျှောက်လာပြီး ပါးပြင်ကို နမ်းလိုက်သည်။ သူ၏လက်များဖြင့် သူမ၏လည်ပင်းနှင့် ပခုံးတို့ကို ပွတ်သပ်ပေးလိုက်သည်။

"တောင်းပန်ပါတယ် အယ်လင်ရာ၊ ဒီနေရာကို လာမယ်လို့ ကိုယ် ကတိပေးထားခဲ့ပြီးလို့ လိုက်လာခဲ့ပြီပဲ၊ အခု ပြောနေတာတွေက အတိတ်တုန်းက ကိစ္စတွေလေ"

သူမက သူ့ကို စူးစူးစိုက်စိုက် ကြည့်လိုက်ရင်း . . .

"ရှင့်အတွက် ဒီမှာ အဖြစ်ဆိုးတစ်ခုခု ကြုံခဲ့ဖူးသလိုပဲ၊ဟုတ်လားဟင် . . ."

"ကိုယ် မသိပါဘူးကွာ"

သူက ခပ်ဖြေးဖြေး ပြောလိုက်သည်။

"ဘာဖြစ်ခဲ့တယ်ဆိုတာ ကိုယ် တကယ် မသိပါဘူး"

သူ ပြတင်းပေါက်ဖက် လှမ်းကြည့်လိုက်သည်။ ကန်ရေပြင်ကား နက်ပြောင်ပြောင် တောက်ပနေသည်။ နက်ပြောင်သော ကန်ရေပြင်ကို ဖြတ်ပျံရင်း ညဥ့်ငှက်တစ်ကောင် အော်မြည်သွားလေသည်။

နာကျည်းသော အော်ငြီးသံ။

နောက်နေ့နံနက်တွင် လေအနည်းငယ် ထန်၍ အေး၍ နေသော်လည်း အယ်လင်က ကန်ရေပြင်ကို လှမ်းကြည့်လိုက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာကို ကျွန်မ လှည့်ပတ်ကြည့်ချင်တယ်"

စတိဗ်က သဘောတူခဲ့သည်။

ကျယ်ပြန့်သော ကန်ရေပြင်တွင် သူတို့ချည်းသာ ရှိနေခဲ့လေသည်။

"လူတွေ ဘယ်ရောက်ကုန်လဲ"

အယ်လင်က သိချင်စိတ်ဖြင့် မေးလိုက်သည်။

"နွေရာသီမှာ လာနေတဲ့သူတွေ ထွက်သွားပြီးရင် ဒီနေရာဟာ တိတ်ဆိတ်သွားတာပဲလေ၊ အောက်တိုဘာလဟာ လှေလှော်ဖို့ ရေကူးဖို့ သိပ်အေးတဲ့ ကာလပဲ"

သူ၏စကားကို ထောက်ခံသည့်အလား လေတစ်ချက် ဝှေ့တိုက်လိုက်သည်နှင့် အေးစက်မှုက ပြင်းထန်စွာ ထိတွေ့လာသည်။

"ကျွန်မတို့ ပြန်လှည့်ရင် ကောင်းမယ် ထင်တယ်၊ ဝတ်လာတဲ့ ဆွယ်တာက သိပ်ပါးနေတယ်၊ ဂျာကင်တစ်ထည်လောက် ဝတ်ခဲ့ဖို့ ကောင်းတာ၊ အနည်းဆုံး ရှင် ဝတ်လာရင် အတော်ကြည့်ကောင်းမယ်"

စတိဗ်က လှေကို လှည့်လိုက်ရင်း လှော်ခတ်လိုက်သည်။ သူ၏မျက်လုံးများက ကျောက်ဆောင်တန်းများဆီ စူးစိုက်ကြည့်နေသည်။

"ဟိုမှာ လူတစ်ဦး ရှိနေသလိုပဲ"

စတိဗ်၏အသံက တုန်ခါနေသလိုပင်။





"ဟိုကျောက်တုံးနက်နက်ကြီးပေါ်မှာလေ"

"ကျွန်မတော့ ဘာမှ မတွေ့ရပါဘူး"

"ဟိုမှာ ထိုင်နေတယ်လေ၊ ကိုယ်တို့ကို ကြည့်နေသလိုပဲ၊ မလှုပ်မရှားနဲ့"

ဟု စတိဗ်က ပြောလိုက်သည်။

သူ၏စကားကြောင့် သူမ ထူးဆန်းသလို ဖြစ်ကာ စိတ်အနှောင့်အယှက် ဖြစ်သွားရသည်။

"ကျွန်မတော့ ဘာမှ မတွေ့ရပါဘူးရှင်"

ဟု သူမက ထပ်ပြောလိုက်လေသည်။

"ဘုရားရေ. . . မင်း မျက်စိများ ကန်းနေပြီလားကွာ၊ ဟိုကျောက်တုံးကြီးပေါ်မှာလေ"

သူက ခပ်လှမ်းလှမ်းမှ ကျောက်ဆောင်တန်းဆီသို့ စိုက်ကြည့်နေသည်။

"ကျွန်မတော့ ကျောက်ဆောင်တွေပဲ တွေ့နေရတာ၊ ဒါပေမယ့်. . . လေက တစ်ခုခုပေါ် ဖြတ်ပြီး တိုက်နေသလိုပဲ၊ အဲဒါက ဘာနဲ့ တူသလဲဆိုရင်. . ."

"သွားစမ်းပါကွာ"

သူက သူမ၏စကားကို နားမထောင်ပဲ ပြောလိုက်လေသည်။

"အခု အဲဒီမှာ ဘာမှ မရှိတော့ဘူး"

သိမ်းငှက် တစ်ကောင်သည် ရေပြင်အထက် လေ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းပေါ်မှ ဖြတ်ပျံသွားလေသည်။

နေမင်းကား မီးခိုးရင့်ရောင် ကောင်းကင်၏ အောက်ဖက်နားမှ ငုပ်လျှိုးသွားချေပြီ။

အေးမြ ချမ်းစိမ့်သော ညချမ်းတစ်ခု ရောက်ခဲ့ပြန်ပြီ။

လပြည့်၏ ဘော်ငွေရောင်အောက်တွင် အယ်လင်ကား အိပ်မောကျနေလေပြီ။ စတိဗ် တစ်ဦးတည်း အိမ်လေးမှ ထွက်လာပြီး ကမ်းခြေ ကျောက်ဆောင်များဆီ လျှောက်လာခဲ့လေသည်။ သူဝတ်ထားသော ဂျာကင်အင်္ကျီကိုပင် ဖြတ်၍ အေးမြသော လေက အေးစက်သော ဓားဖြင့် လှီးနေသည့်နှယ် အေးစက် ကျိန်းစက်နေသည်ဟု ခံစားနေရသည်။

သူ၏အသားအရေများ အေးစက်လာသည်ဟု ခံစားနေမိသည်။ တကယ်တော့ သူ့ကိုယ်တွင်းမှ ပေါ်ထွက်လာသော အေးစက်မှုက အပေါ်ယံသို့ တွန်းထွက်လာခြင်း ဖြစ်သည်။ နာမ်ဝိညာဉ်၏ အေးစက်ခြင်းပေလောဟု သူ ခံစားသိရှိနေသည်။

ဘာကြောင့်လဲဟု သူ သိလာရပေပြီ။ ကြီးမားသော ဂရက်နိုက် ကျောက်ဆောင်ကြီးပေါ်တွင် ထိုင်နေသော အရိပ်တစ်ခု။ ယင်းအရိပ်က သူ့အား စိန်မဟာ ကန်တော့ဆီသို့ ဆွဲဆောင် ခေါ်ငင်နေသည်။

ပြီးတော့ သူထင်ထားသကဲ့သို့ ယင်းအရိပ်သဏ္ဌာန်က ပြန်ပေါ်လာလေပြီ။ ထင်းရှူးတော၏အမှောင်ထုတွင်း မတ်တတ်





ရပ်နေလေသည်။ အမျိုးသမီးတစ်ဦး။ အသက်နှစ်ဆယ်ကျော်လောက် ရှိပြီ ထင်ရသည်။ အရပ်ရှည်၍ ဆံပင်များလည်း ရှည်လျားလှသည်။ အသားအရောင်ကား ဖျော့တော့တော့။ မျက်လုံးအစုံကား နက်ပြောင် တောင်ပနေလေသည်။ ကန်ရေပြင်၏ နက်ပြောင်မှုနှင့်ပင် ပြိုင်နိုင်လေသည်။ ငွေရောင် အနားသပ်ထားသော ဝတ်ရုံရှည်ကို ဝတ်ဆင်ထားသည်။ သူမက သူ့ဆီ ရွေ့လျားလာနေလေသည်။

ရေစပ်တွင် သူတို့ ဆုံတွေ့မိကြလေပြီ။

"ကျွန်မ သိနေတယ်၊ ရှင် တစ်နေ့နေ့ ဒီနေရာကို ပြန်လာမယ်ဆိုတာ. . ."

သူမက ပြောလိုက်ရင်း သူ့ကို ပြုံးပြလိုက်သည်။ သူမ၏ အသံကား အက်ရှရှ၊ အပြုံးကား ပြုံးတစ်ဝက် မဲ့တစ်ဝက်၊ နွေးထွေးမှု လုံးဝမရှိသော အပြုံးမျိုး။

သူက သူမကို ကြည့်လိုက်ရင်း. . .

"မင်း ဘယ်သူလဲ"

"ရှင့်ရဲ့အတိတ်က အရိပ်တစ်ခုပေါ့ရှင်"

သူမက သူမ၏ သေးသွယ် ပျော့ပြောင်းသော ညာလက်ချောင်းများဖြင့် ကြေးဆွဲကြိုး၏ အစွန်းဖျားမှ ပုလဲလုံးကြီးကို ညွှန်ပြလိုက်သည်။

"ကျွန်မ ဒီဆွဲကြိုးကို ဝတ်ဆင်ခဲ့ပြီးနောက်မှာ ရှင် ကျွန်မကို နောက်ဆုံး မြင်တွေ့ခဲ့ရတာပဲ၊ ရှင်ပဲ ကျွန်မရဲ့ ဆံပင်နက်နက်

www.burmeseclassic.com



မြောက် မွေးနေ့အတွက် လက်ဆောင်ပေးခဲ့တာလေ၊ ကျွန်မတို့ နှစ်ယောက်လုံး အဲဒီတုန်းက အသက် သိပ်ငယ်ခဲ့ကြပါသေးတယ်"

"ဗန်နက်တီ"

သူက သူမ၏အမည်ကို ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။ သူမ၏ မျက်လုံးအစုံမှာ နက်ပြောင်သော အရောင်များ ပျောက်ကွယ်သွားသည်။ ရှုပ်ထွေးခြင်းနှင့် ကြောက်လန့်ခြင်း အရိပ်အယောင်များ ထင်ဟပ်လာသည်။ သူ တကယ်ပင် မသိသည်က ဘာ့ကြောင့် သူမ သူ့ကို ကြောက်လန့်နေရသနည်း။

"ရှင် ကျွန်မကို နမ်းခဲ့တယ်လေ စတိဗ်၊ ကျွန်မက ရှက်လွန်းတတ်တဲ့ မိန်းကလေးငယ်တစ်ယောက် ဖြစ်ခဲ့တယ်လေ၊ ရှင်က ကျွန်မကို နမ်းခဲ့တဲ့ ပထမဆုံး ယောကျ်ားလေးပါပဲ"

"ကိုယ် မှတ်မိပြီ"

သူက ပြောလိုက်သည်။

"ရှင် ဘာကို မှတ်မိတာလဲ"

သူမက မေးလိုက်သည်။

"ရှင် ကျွန်မကို နမ်းခဲ့တဲ့ညက ဒီဇာကျောက်ဆောင်တွေပေါ်မှာပဲ မဟုတ်လား၊ နွေခေါင်ခေါင် ကာလကြီးမှာလေ၊ နွေးထွေးတဲ့ ညနေခင်း ဖြစ်ပြီး ကောင်းကင်ကလည်း ကြည်လင်နေလို့ ကြယ်တွေတောင် တလက်လက် တောက်ပနေတာ မြင်နေခဲ့ရတယ်၊ ကန်ကလည်း အေးချမ်းပြီး လှပနေခဲ့တယ်၊ မှတ်မိရဲ့





လားဟင် စတိဗ်. . . ဟင်"

"ကိုယ်. . ကိုယ်. . မမှတ်မိ"

သူ၏အသံက ကတုန်ကယင် ဖြစ်နေလေသည်။

"ရှင့်မှတ်ဉာဏ်တွေ ပျောက်ကုန်ပြီလား"

သူမက မေးလိုက်သည်။

"အဲဒီညက ဖြစ်ရပ်အတွက် ရှင့်မှတ်ဉာဏ်ကို ပိတ်ထားခဲ့တဲ့ ကန့်လန့်ကာကို ဖွင့်လိုက်ပါတော့၊ ရှင့်ကို ကာကွယ်ထားခဲ့တယ်၊ နာကျည်းစရာကနေ ထိန်းသိမ်း ကာကွယ်ပေးထားခဲ့တယ်"

"မင်းကို ကိုယ်. . . လည်ဆွဲ လက်ဆောင်ပေးပြီးတော့"

သူက ဖြေးလေးစွာ ပြောလိုက်သည်။ သူ၏ စိတ်ခံစားရချက်များကို စကားလုံးအသွင် ပြောင်းဖို့ အတင်း ကြိုးစားနေရပုံ ပေါ်နေသည်။

"ကိုယ်. . ကိုယ်. . မင်းကို ပွေ့ဖက်ခဲ့တယ်၊ မင်းက ကိုယ့်ကို မလိုလားဘူး၊ ဒါပေမယ့်. . ကိုယ်. . ."

"ရှင် ကျွန်မကို အဓမ္မ ကျင့်ခဲ့တယ်လေ"

သူမက ပြောလိုက်သည်။ သူမ စကားသံက အေးစက်စက် နိုင်လှသည်။

"ကျွန်မ ငိုခဲ့ရတယ်၊ မလုပ်ပါနဲ့တော့လို့ ရှင့်ကို တောင်းပန်ခဲ့တယ်၊ ဒါပေမယ့် ရှင်က တောင်းပန်လို့ မရခဲ့ဘူး ကျွန်မရဲ့ အဝတ်အစားတွေကို ဆွဲဖြဲခဲ့တယ်၊ ကျွန်မကို နာကျင်စေခဲ့တယ်



www.burmeseclassic.com

www.burmeseclassic.com



ဖျော့တို့ သိပ်ကို နာကျင်စေခဲ့တယ်"

ထိုညက ဖြစ်ရပ်များက နှစ်ပေါင်းများစွာသော ကာလများဆီသို့ ပြန်လည် ဖြတ်သန်းရင်း သူ၏မှတ်ဉာဏ်ထဲသို့ပြန်လည် ရောက်ရှိလာခဲ့သည်။ သူ၏ကြမ်းတမ်းခဲ့မှုအောက်တွင် ဇန်နက်တီ ခမျာ နာကျင်စွာ အော်ဟစ်ခဲ့ရသည်။ သို့သော် သူ မရပ်တန့်နိုင်ခဲ့၊ သူမ၏ အော်ဟစ်ခဲ့မှုများ နောက်တွင် ဘာဆက်ဖြစ်ခဲ့သည်ကို သူ မမှတ်မိနိုင်တော့။ မမှတ်မိတော့ပါချေ။

"ရှင့်ကို ဒေါသထွက်လွန်းလို့ ကျွန်မ ဘယ်လိုမှ ငြိမ်မနေနိုင်ခဲ့ဘူး"

သူမက သူ့ကို ပြောလိုက်သည်။

"သိပ်စိတ်ဆိုးခဲ့ရတယ်. . . ကျွန်မ ဆက်ပြီး အော်ဟစ်နေခဲ့တယ်၊ ရှင်က ရှင့်လက်သီးနဲ့ ထိုးပြီး ကျွန်မကို ရပ်ခိုင်းခဲ့တယ်လေ"

"ကိုယ် တောင်းပန်ပါတယ်"

သူက ပြောလိုက်သည်။

"ကိုယ် တကယ့်ကို လိုက်လိုက်လှဲလှဲ တောင်းပန်ပါတယ်၊ ကိုယ်. . ကိုယ်. . အဲဒီညက တကယ့်ကို မိုက်ကန်းခဲ့တာပဲ"

"နောက် ဘာဆက်ဖြစ်တယ်ဆိုတာ ရှင် မှတ်မိသေးရဲ့လား"

သူက ခေါင်းကို ယမ်းလိုက်သည်။





"ဒါ. . အားလုံး သတိမရတော့ဘူး"

"ကျွန်မ ဘာဖြစ်ခဲ့တယ်ဆိုတာ ပြန်ပြောပြရမှာလား"

"ပြောပါ"

သူက ပြောလိုက်သည်။ သူ၏အသံကား ခပ်တိုးတိုး။ သူမ ဘာပြောမည်ကို မျှော်လင့်နေခဲ့မိသည်။ သို့သော် သူ သိနေမိသလိုလိုလည်း ခံစားမိရပြန်သည်။

"ရှင် ကျောက်တုံးကြီးတစ်တုံးကို ကောက်ယူလိုက်တယ်"

ဇန်နက်တီက ပြောလိုက်သည်။

"ရှင် ကျွန်မရဲ့ခေါင်းကို ကျောက်တုံးနဲ့ ထုချလိုက်တယ်လေ၊ ရှင့်အဖေရဲ့လှေဆီ သယ်ယူသွားတဲ့အထိ ကျွန်မ သတိမေ့နေခဲ့တယ်. . ဒီလှေပေါ့"

သူမက စတီဗ် ကန်ရေပြင်ကို ဖြတ်ကျော် လှော်ခတ်ခဲ့သော လှေကို လက်ညှိုးထိုးပြလိုက်လေသည်။

"ရှင် ကန်ရေ အနက်ဆုံးနေရာထိ လှေကို လှော်ခတ်သွားခဲ့တယ်၊ လှေထဲမှာ ပါတဲ့ ကျောက်ဆူးနဲ့ ကြိုးကို သုံးပြီး ကျွန်မကို ချည်တယ်၊ ဒါကြောင့် ကျွန်မ ရေကူးဖို့ မဖြစ်နိုင်ခဲ့ဘူး နောက်တော့ ရှင်က. . ."

"မဟုတ်ဘူး"

သူ၏အသက်ရှူနှုန်း မြန်ဆန်လာခဲ့သည်။ မျက်လုံးအစုံက ထိတ်လန့်မှုဖြင့် ပြူးကျယ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားသခင် ကယ်ပါ၊ ကိုယ် တကယ်. . မလုပ်ခဲ့. ."

သူမ၏အသံက အေးစက် ခြောက်ကပ်စွာ ပေါ်လာပြန်သည်။

"ရှင် ကျွန်မကို ရေထဲ တွန်းချခဲ့တယ်၊ ကျောက်ဆူးနဲ့ တွဲချည်ထားတော့ ရေအောက်ကြမ်းပြင်ထိ ရောက်သွားခဲ့ရတယ်၊ ကျွန်မ ရေပေါ် ပြန်တက်မလာနိုင်ခဲ့ဘူး၊ အဲဒီညက ကန်ရေထဲမှာ ကျွန်မ အသက်စွန့်ခဲ့ရတယ်"

"ဒါ. . လိမ်တာ၊ မင်း. . အသက်ရှင်ရက် ရှိနေတာပဲ၊ အခု ကိုယ့်ရှေ့မှာ ရပ်နေတာပဲ၊ အသက်ရှင်ရက်ကြီးပဲလေ"

"ကျွန်မ ဒီနေရာမှာ ရှိနေတယ်၊ ဒါပေမယ့် အသက်ရှင်လျက် မဟုတ်ဘူး၊ ဒီဘဝမျိုးနဲ့ပဲ. . . ကျွန်မ အရွယ်ရောက်သည်ထိ စောင့်ခဲ့ရတယ်"

"ဒါ စကားကုန်ပဲလား"

သူ၏အသံကား တုန်လှုပ် ခြောက်ခြားနေပုံ ပေါ်သည်။

"ဒီစကားတွေကို ကိုယ် ယုံကြည်နိုင်မယ်လို့ မင်း မျှော်လင့်ထားသလား. . . ဘယ်တော့မှ. . ."

"ဆယ့်နှစ်နှစ်အရွယ် မိန်းကလေးတစ်ဦးကို သတ်ခဲ့တာလေ၊ ဒါ ရှင် တကယ် ကျူးလွန်ခဲ့တဲ့ကိစ္စပဲ၊ သူတို့ ရေကန်ထဲက နေ့ ကျွန်မကို ဆယ်ခဲ့တုန်းက ကျွန်မရဲ့ ရုပ်သွင်အမှန်ကို ရှင် မြင်ချင်သေးလား၊ ချည်ထားတဲ့ကြိုး လျော့သွားပြီးတဲ့နောက် ကျွန်မ ရေပေါ် ပေါလောမျောတက်လာခဲ့တယ်လေ"





သူမ ရှေ့ကို တိုးလာခဲ့သည်။ အနီးသို့ ကပ်လာသည်။ ပို၍ပို၍ နီးကပ်လာသည်။

"ဝေးဝေး သွားစမ်းပါကွာ"

စတိဗ်က အော်လိုက်သည်။

"သွားစမ်း. . . ငရဲကို သွားစမ်းပါကွာ"

ဟု အသံကုန် အော်လိုက်လေသည်။

သူ့ရှေ့မှ မိန်းကလေးက ပြုံးလိုက်သည်။ သူမ၏ ဦးခေါင်း ဘယ်ဖက်ခြမ်းမှ ပွင့်ထွက်ကာ အရိုးများပင် ကွဲကြေကာ ပေါ်လာသည်။ ဘော်ငွေရောင် လရောင်အောက်မှာ သူမ၏ သေးဝယ်သော ခန္ဓာကိုယ်မှာ ကြောက်မက်ဖွယ် ပွဖောင်း ကြီးမား လာလေသည်။ အသားအရောင်ကလည်း နက်ပြောင်ကာ အက် ကွဲလာလေသည်။ မျက်လုံးတစ်ဖက် ကျွတ်ထွက်ကာ ဟောက် ပက်ကြီး ဖြစ်လာသည်။ အဝတ်အစားများကလည်း စုတ်ပြဲကာ တစ်စစီ ပြတ်သတ်လာသည်။

"ဟိုင်း. . . စတိဗ်"

သူမက နှုတ်ဆက်စကား ဆိုလိုက်သည်။

စတိဗ်က ပြောင်းလဲသွားသော ပုံသွင်ကို ကြည့်ကာ နောက်လှည့်၍ ပြေးလေတော့သည်။ အားကုန် ထုတ်ကာ အကြမ်းပတမ်း တိရစ္ဆာန်ရိုင်းတစ်ကောင်ကဲ့သို့ ပြေးလေတော့ သည်။ ထူထပ်သော သစ်တော သစ်ပင်များကို ဖြတ်၍ပြေးရင်း တန်၏ကမ်းခြေနှင့် ဝေးလာခဲ့သည်။ ပြေးရင်း လည်ပြန် လည်ဝင်း



www.burmeseclassic.com

www.burmeseclassic.com



များပင် ခြောက်ကပ်လာကာ အသက်ရှူလိုက်တိုင်း မီးကဲ့သို့ ပူလာသည်။ ကြွက်သားများပင် အားကုန်လာသည့်နှယ် ခံစားလိုက်ရသည်။ ခြေလှမ်းတို ရပ်လိုက်ရင်း ထင်းရှူးပင်ကြီးတစ်ပင်ကို လက်ဖြင့် လှမ်းကိုင်ကာ ထိန်းပြီး ရပ်လိုက်မိသည်။

အသက်ကို မောဟိုက်ပင်ပန်းစွာ ရှူရှိုက်နေရသည်။ ထို့နောက် ဒူးများပင် အားကုန်ကာ မရပ်နိုင်တော့ပဲ မြေပေါ်သို့ ဒူးထောက်ချလိုက်ရသည်။ ပတ်ဝန်းကျင်တစ်ခုလုံးတွင် သူ၏ အသက်ရှူသံပြင်းပြင်းကသာ လွှမ်းမိုးနေလေသည်။ လေအေးက တစ်ချက် သုတ်ကနဲ တိုက်ခတ်လိုက်သည်။ သစ်ပင်များကြားမှ လရောင်ခြည် ဖြာကျလာသည်။ သူ၏နှလုံးခုန်သံကား နှေးကွေးလာသည်။ သူ၏ခေါင်းကိုမော့ကြည့်လိုက်မိသည်။

"အိုး . . . ဘုရားသခင် . . အိုး . . ဘုရားရေ"

သူမ ရှိနေဆဲပါတကား။

ဇန်နက်တီ၏ ကြီးမား ဖောင်းပွနေသော မျက်နှာကြီးက သူနှင့် လက်မ အနည်းငယ်သာ ကွာတော့သည်။ သူမ၏ အသားတစ်ဝက် အရိုးများ ပေါ်နေသော လက်များ ဆန့်ထွက်လာကာ သူ၏ပါးပြင်ကို ထိတွေ့ ကိုယ်တွယ်လာသည်။

နောက် နှစ်နှစ်ခန့်အကြာတွင် အယ်လင်သည် စိန်မဟာ ကန်တော်နှင့် သစ်နီသားအိမ်လေး ရှိရာ နေရာကို ရောင်းချကာ ဖလော်ရီဒါသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ သူမ၏ ပထမ ခင်ပွန်းအကြောင်း မေးလာသူ အမျိုးသားတစ်ဦးနှင့် ချစ်ကျွမ်း



BURMESE CLASSIC



ဝင်ခဲ့လေသည်။

သူမ၏ ခင်ပွန်းအကြောင်း မေးလာသူများအား စိတ်လှုပ်ရှားမှု ကင်းစွာဖြင့် တုံးတိတိ ဖြေလေ့ ရှိသည်။

"သူ ရေနစ်ပြီး သေသွားပြီ၊ စိန်မဟာကန်တော်မှာလေ"

**ပညာဒီပ**

*ကျမ်းကိုး*

***THE GIANT BOOK OF FANTASY AND THE SUPERNATURAL*** မှ ***WILLIAM F. Nolan*** ၏ ***AT DIAMOND LAKE*** ကို ဆီလျော်အောင် ပြန်ဆိုပါသည်။



www.burmeseclassic.com